# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၂)


**ကိုယ် နှုတ် စိတ် သုံးပါးစောင့်ရှောက်**

အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုခြင်း မရှိ၊ ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၉၁)**

# နိုင်ငံတော်သမ္မတရုံးမှ ကော်မတီလေးခုဖွဲ့စည်းမှု အမိန့်ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းခြင်းနှင့် အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းခြင်းတို့ကို ယနေ့ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးသည် အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၆ ဖြင့် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီကို ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ်ပါဝင်သော ၁၉ ဦးဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ်ပါဝင်သော ၁၈ ဦးဖြင့် လည်းကောင်း၊ အမိန့်ကြော်ငြာစာ အမှတ် ၄၂ / ၂၀၁၆ ဖြင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဒုတိယသမ္မတ(၂)ဥက္ကဋ္ဌအဖြစ်ပါဝင်သော ၂၀ ဦးဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆ ဖြင့် အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေးကော်မတီကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ်ပါဝင်သော ၂၂ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းတာဝန်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန် အသေးစိတ်ကို နိုင်ငံတော်သမ္မတရုံး Website www.president-office.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာ

**စစ်တွေ ဇွန် ၂၂**

ရခိုင်ပြည်နယ် အစိုးရအနေဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျက်ရှိရာ ပြောင်းလဲလာမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှုနှင့် လူ့အခွင့်အရေးများ တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားလိုက်သည်။

ကုလသမဂ္ဂ(UN) ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် စစ်တွေမြို့သို့ လေကြောင်း ခရီးဖြင့် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင်ရောက်ရှိရာ စစ်တွေလေဆိပ်မှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကြိုဆိုခဲ့ကြပြီး လေဆိပ်ခန်းမ၌ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအနေဖြင့် မစ္စယန်ဟီလီနှင့်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# မန္တလေးနှင့် ညောင်ဦးကြား ရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးလုပ်ငန်းစတင်

**သတင်း - မြင့်မောင်စိုး**

**ရန်ကုန် ဇွန် ၂၂**

ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေဖြင့် ဆောင်ရွက်သည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အပိုင်းသုံးပိုင်းအနက် သယ်ယူပို့ဆောင်ရေး ရေ လမ်းကြောင်းကောင်းမွန်ရေးအပိုင်းတွင် Pilot Project အဖြစ် ဆောင်ရွက်သည့် မန္တလေး-ညောင်ဦးရေလမ်းကြောင်း ကောင်းမွန်ရေးအပိုင်းမှ ပခုက္ကူ-ညောင်ဦး ရေလမ်းကြောင်း ကောင်းမွန်ရေးအပိုင်းအတွက် သောင်တူးခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ဒီစီမံကိန်းက အခုမှစတာပါ။ ၂၀၁၆ ခုနှစ် ကနေ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်တာပါ။ မန္တလေးနဲ့ ညောင်ဦးကြားမှာ ဧရာဝတီမြစ်ကြောင်းသွားလာရေး လွယ်ကူချောမွေ့စေဖို့ ပခုက္ကူနဲ့ ညောင်ဦးအပိုင်းကို စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်"ဟု ဦးသောင်းလွင်က ပြောသည်။

အဆိုပါ ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အပိုင်းသုံးပိုင်းပါဝင်ကြောင်း၊ ယင်းတို့မှာ ရေနှင့် ပတ်သက်သောအချက်အလက်စုစည်းမှုစင်တာထူထောင်ခြင်း၊ မိုးလေဝသနှင့်ဇလဗေဒအတွက် ခေတ်မီဆော့ဖ်ဝဲများ အသုံးပြု၍ ခန့်မှန်းမှုကို အဆင့်မြှင့်တင်လုပ်ဆောင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး ရေလမ်းကြောင်းကောင်းမွန်ရေးအပိုင်းတို့ဖြစ်ကြောင်း သိရသည်။

ယင်းအပိုင်းသုံးပိုင်းအနက် ရေလမ်းကြောင်းကောင်းမွန်ရေးအပိုင်းတွင် ရန်ကုန်-မန္တလေး မြစ်ကြောင်းတစ်လျှောက်လေ့လာရေးပြုလုပ်ခြင်း၊ မန္တလေးနှင့် ညောင်ဦးကြား Pilot Project အဖြစ် သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ၂၄ နာရီ ညမြင်အမှတ်အသားများ ပြုလုပ်ခြင်းတို့ပါဝင်သည်။ ဧရာဝတီမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး အပိုင်းသုံးပိုင်းတွင် တစ်ပိုင်းလျှင် အမေရိကန်ဒေါ်လာ ၃၃ သန်းကျော်ခွဲဝေရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဧရာဝတီမြစ်ဝှမ်းကောင်းမွန်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၈ သန်းဖိုးသား တိုက်ရိုက်အကျိုးပြုမှုရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐




မြန်မာ့အလင်း

# ပြည်ပထွက်ခွာအလုပ်လုပ်ကြရာဝယ်

မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံများသို့ထွက်ခွာအလုပ်လုပ်ကိုင်ခဲ့ကြသည်မှာ ဆယ်စုနှစ်သုံးခုနီးနီးပင်ရှိလာပြီဖြစ်သည်။ ပြည်ပဟုဆိုရာတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနှင့်မလေးရှားနိုင်ငံတို့သို့ အများစုက သွားရောက်ကြခြင်းဖြစ်ပြီး စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်စသော နိုင်ငံများသို့လည်းသွားရောက်အလုပ်လုပ်ကိုင်ကြသည်။ နိုင်ငံရပ်ခြားသို့ မြန်မာ အလုပ်သမားများ ပို့ဆောင်သည့်အကျိုးဆောင်ကုမ္ပဏီများမှာ တရားဝင် အားဖြင့် ၂၅၀ ကျော်အထိရှိနေသည်ဟုလည်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားအများစု သွားရောက်ကြသည့် နိုင်ငံနှစ်ခုဖြစ်သော ထိုင်းနှင့်မလေးရှားတို့တွင် မြန်မာအလုပ်သမားသုံးသန်းကျော်စီရှိကြောင်း ခန့်မှန်းထားပြီး လစဉ်လည်း ထိုင်းနိုင်ငံသို့ လူ ၆၀၀၀ ခန့်နှင့် မလေးရှားနိုင်ငံသို့ လူ ၃၀၀၀ ခန့် ထွက်ခွာလျက်ရှိသည်ဟုဆိုသည်။ အကျိုးဆောင်ခအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်ချက်အရ ထိုင်းနိုင်ငံသို့အလုပ်သမားတစ်ဦးပို့ဆောင်ခြင်းအတွက် အကျိုးဆောင်ခအဖြစ် ထိုင်းဘတ်ငွေ ၁၀၀၀၀ နှင့် မြန်မာငွေကျပ်တစ်သိန်းခွဲ၊ မလေးရှားနိုင်ငံသို့ အလုပ်သမားတစ်ဦးပို့ဆောင်ခြင်းအတွက် အကျိုးဆောင်ခအဖြစ် အမေရိကန်ဒေါ်လာ ၈၅၀ နှင့် မြန်မာငွေကျပ် ၂၅၅၀၀ တို့သတ်မှတ်ကန့်သတ်ထားကြောင်း၊ ပြည်ပအလုပ်အကိုင် အေဂျင်စီများအနေဖြင့် သတ်မှတ် ချက်ထက်ပိုမိုတောင်းခံပါက ဝန်ကြီးဌာနသို့တိုင်ကြားနိုင်ကြောင်းလည်း သိရသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် ထောက်ပံ့ကူညီရေးဗဟိုဌာနများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံ၊ မော်လမြိုင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ထားဝယ်နှင့် မြဝတီမြို့များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ပြည်ပသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လုပ်ငန်းစဉ်များနှင့် အချက်အလက်များကို ဖြေကြားပေးကာ ဝန်ဆောင်မှုများပြုပေးလျက်ရှိသည်။ ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ချုပ်ဆိုရန်၊ စာချုပ်ပါအချက်အလက်များအနေဖြင့် စာချုပ်သက်တမ်း၊ လုပ်ခလစာ၊ အချိန်ပို၊ လုပ်ငန်းအမျိုးအစား၊ စားဝတ်နေရေး သဘောတူညီမှု၊ ခရီးသွားလာခွင့်၊ အပြန်စရိတ်၊ ဆေးကုသခွင့်စသော အခြေခံအချက်များ၊ အလုပ်သမားများ လိုက်နာရမည့်စည်းကမ်းများကိုထည့်သွင်းထားပြီး ဦးစီးဌာနတာဝန်ရှိသူများ၏ ရှေ့မှောက်တွင် တရားဝင်လိုင်စင်ရအေဂျင်စီနှင့် အလုပ်သမားတို့ညှိနှိုင်းချုပ်ဆိုရန်လည်း ဆောင်ရွက်ပေးထားသည်။

အရေးပေါ်ကြုံတွေ့နေရသည့်မြန်မာအလုပ်သမားများ၏ လိုအပ်ချက်အတွက် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားသော **Complaints Mechanism Center** ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄၊ ၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇ တို့သို့ ၂၄ နာရီလုံးဆက်သွယ်နိုင်ကြောင်း၊ မလေးရှားနိုင်ငံတွင် အလုပ်သမားသံအရာရှိ ဖုန်း -၆၀၁၁၂၃၅၀၅၇၁၀၊ ထိုင်းနိုင်ငံတွင်အလုပ်သမားသံအရာရှိ ဖုန်း-၆၆၀၈၆၇၇-၄၆၈၂၅၊ ကိုရီးယားသမ္မတနိုင်ငံတွင် မြန်မာသံရုံး ဖုန်း-၀၀၈၂၂၇၉၀၃၈၄၃ တို့သို့လည်းကောင်း၊ **e-mail complaint.moles@gmail.com** သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း အသိပေးထားသည်။

မိမိတို့၏အနာဂတ်ဘဝများလှပရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ရင်ဆိုင်ရမည့်အခက်အခဲများကိုလည်း ကြိုတင်တွက်ဆကာ ပြင်ဆင်သွားကြရန်လိုအပ်သကဲ့သို့ လိုအပ်ပါက နိုင်ငံတော်၏ စောင့်ရှောက်မှုကို လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန်ရရှိနိုင်ကြရေးအတွက် တရားဝင် အေဂျင်စီများမှတစ်ဆင့် တရားဝင်ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြခြင်းကသာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လုံခြုံစိတ်ချနိုင်ကြမည်ဖြစ်ပါကြောင်း။ ။




## မင်းလှကန်ကြီးအတွင်း ရေများရရှိလာသောကြောင့် စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများစတင်

စဉ့်ကိုင် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ မင်းလှကန်ကြီးမှာ ပြီးခဲ့သည့် နွေကာလများတွင် ရေများလုံးဝခန်းခြောက်သွားခဲ့ရာမှ ယခုအခါ မိုးများရွာသွန်းခြင်းနှင့် မင်းရဲမြောင်းမှတစ်ဆင့် ဇော်ဂျီဆည်ရေများ ရောက်ရှိလာခြင်းကြောင့် ကန်ရေသိုလှောင်မှုပြ မီတာတိုင်တွင် ရေအနက်ခြောက်ပေကျော်အထိရောက်အောင် စိုက်ပျိုးရေများ သိုလှောင်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေများ လုံလောက်စွာ သိုလှောင်ထားနိုင်မှုကြောင့် မင်းလှကန်၏ ရေသောက်မြေ ၁၅၀၆ ဧကတွင် ဒေသခံတောင်သူများအနေဖြင့် ရေတင်ခြင်း၊ ထွန်ရေးထယ်ရေးဝင်ခြင်း၊ ပျိုးထောင်ခြင်းစသည့် မိုးစပါး(ကောက်ကြီး)စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

ကံကြီးကျေးရွာအနေဖြင့် ပြီးခဲ့သည့် နွေကာလ၌ မိုးသီးများကြွေကျမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ အစိုးရဌာနဆိုင်ရာများနှင့် စေတနာရှင်များ၏ ဝိုင်းဝန်းကူညီမှုကြောင့် အချိန်တိုအတွင်း နေသားတကျဖြစ်အောင် ပြန်လည်ထူထောင်နိုင်ခဲ့ကြောင်း သိရသည်။

"နွေရာသီတုန်းက မိုးသီးတွေကျပြီး ပဲတီစိမ်းခင်းတွေ အကုန်ပျက်စီးကုန်တယ်။ အိမ်မွေးတိရစ္ဆာန်တွေလည်း သေကုန် တယ်။ အိမ်တွေလည်းပျက်စီးကုန်တယ်။ အခုတော့ ဆိတ်၊ ဝက်၊ ကျွဲ၊ နွား စတဲ့မွေးမြူရေးတွေကိုလည်း ပြန်လည်လုပ်ကိုင်နေကြပါပြီ။ အင်းကြီးထဲ ရေပြည့်လာလို့ စိုက်ပျိုးရေးတွေလည်း ပြန်လည်လုပ်ကိုင်နေကြရလို့ တောင်သူတွေ ဝမ်းသာပီတိဖြစ်နေကြပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**အောင်မင်း(စဉ့်ကိုင်)**

## ရေစကြိုမြို့ အမှတ်(၁) ထင်းတန်းရပ်ကွက် ကမ်းပြိုနေ၍ နေအိမ်များစိုးရိမ်နေ

ရေစကြို ဇွန် ၂၂

ရေစကြိုမြို့ အမှတ်(၁) ထင်းတန်းရပ်ကွက်သည် ချင်းတွင်းမြစ်ကမ်းနဖူးတွင်တည်ရှိပြီး ယခုရက်ပိုင်းမှစ၍ မြစ်ရေတိုးလာသည့်အရှိန်ကြောင့် ကမ်းပါးများပြိုကျလျက်ရှိသည်။

"အခု ချင်းတွင်းမြစ်ရေတိုးတဲ့ အရှိန်ကြောင့် ကမ်းပါးတစ်လျှောက် ကမ်းခြေတွေကိုရေတိုက်စားပြီး ကမ်းပြိုနေတဲ့အတွက် မြစ်ကမ်းနဲ့သုံးတောင် ကျော်အကွာမှာရှိတဲ့ အိမ်တွေအတွက် စိုးရိမ်နေကြရပါတယ်။ ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုးပြီး တစ်ပိုင်တစ်နိုင် ပိုင်တိုင်တွေရိုက် ၊ ဝါးဝင်းထရံချပ်တွေကာ၊ အမှိုက်နဲ့သစ်ကိုင်းတွေ ထည့်ပြီးတော့ ဆောင်ရွက်နေပေမယ့် ဒီထက် ကမ်းပြိုလာရင်တော့ ဖျက်သိမ်းရမယ့် အိမ်တွေကများတဲ့အတွက် အလွန်စိုးရိမ်နေရပါတယ်" ဟု ဒေသခံများက ပြောသည်။ အချိန်မီ မကာကွယ်နိုင်လျှင် ကမ်းပါးတစ်လျှောက် လူနေအိမ်များအတွက် အလွန်အန္တရာယ်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။ ယခုအခါ ကမ်းနားတစ်လျှောက် အိမ်များမှာ မြစ်ကမ်းနှင့်အလွန်နီးကပ်နေကြောင်း တွေ့မြင်ခဲ့ရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



### ပြင်ဆင် ဖတ်ရှုပါရန်

ဇွန် ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃)ပါ စီအယ်လ်အမ်ဗွီတီ ဖိုရမ် ၂၀၁၆ (CLMVT Forum 2016) ကျင်းပသတင်းတွင် ကော်လံ (၁)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (**အစား**) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

### ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၂-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၅·၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၃·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂·၅၅ |
| ထိုင်း | တစ်ဘတ် | ၃၃·၆၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၅၂၅ |
| တရုတ် | တစ်ယွမ် | ၁၇၉·၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃·၇၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဇွန် ၂၂ ရက်က ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း International Bar Association's Human Rights Institute (IBAHRI) မှ Senior Programme Lawyer, Ms. Maluka Miti-Drummond နှင့် အဖွဲ့အား နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံစဉ်

(သတင်းစဉ်)

# ဘယ်လ်ဂျီယံနိုင်ငံက မြန်မာနိုင်ငံတွင် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ထားရှိရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဗန်ကောက်မြို့အခြေစိုက် ဘယ်လ်ဂျီယံနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Marc Michieisen အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် (I-5) ၌ တွေ့ဆုံရာ ဘယ်လ်ဂျီယံနိုင်ငံက မြန်မာပြည် ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်ကို ထောက်ခံကြောင်းနှင့် ဥရောပသမဂ္ဂတွင် ဘယ်လ်ဂျီယံနိုင်ငံ လွှတ်တော်များ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံတွင် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ထားရှိရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဘယ်လ်ဂျီယံနိုင်ငံ ယှဉ်ပြိုင်အရွေးခံမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့ Amazing Kengtong Resort ဟိုတယ်၌ ဆက်လက် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Somsak Nilbanjerdkul နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Somsak Nilbanjerdkul တို့က အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်အား အတည်ပြု လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် မြန်မာ-ထိုင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန် လဲလှယ်ကြပြီး အမှာစကားပြောကြား၍ ကော်မတီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






ဇွန် ၂၂ ရက်က ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟို ဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်ချက်နှင့် ၂၀၁၆ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်း အစီအစဉ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရာထူးဝန်အဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားစဉ်

(သတင်းစဉ်)

# ဟားခါးပညာရေးကောလိပ် သတ်မှတ်ချိန်ပြီးစီးရေးဆောင်ရွက်

**ဟားခါး ဇွန် ၂၂**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံကျောင်းသားလူငယ်များ လွယ်လင့်တကူ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးတို့အတွက် တည်ဆောက်လျက်ရှိသော ဟားခါးပညာရေးကောလိပ်ကို သတ်မှတ်ကာလ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဟားခါးပညာရေးကောလိပ်တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အအုံအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကာ နှစ်ထပ်ကျောင်းဆောင်နှစ်လုံးအပါအဝင် လျာထားအဆောက်အအုံ အလုံး ၂၀ အနက် အဆောက်အအုံခြောက်လုံး ပြီးစီးနေပြီဖြစ်ကြောင်း အဆောက်အအုံအထူးအဖွဲ့(၆)မှ တည်ဆောက်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်မြင့်ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဇွန် ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ်စာစီစာကုံး ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် **"Investing in teenage girls"** မြန်မာဘာသာဖြင့် **"ဆယ်ကျော်သက်မိန်းကလေးများဘဝမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံ ပံ့ပိုးပေး"** ဖြစ်သည်။

ဖိတ်ခေါ်စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် အသက် ၁၀ နှစ်မှ ၁၉ နှစ်ဖြစ်ရမည်ဖြစ်ပြီး စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူ စာစီစာကုံးတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူစာစီစာကုံးမူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်၊ ထိုစာမူသည် ပြည်တွင်းပြည်ပပြိုင်ပွဲများတွင် ဆုရခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် အပြည့်အစုံပါရှိရမည်။ စာစီစာကုံးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဘအမည်၊ အသက်(မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ကို ပြည့်စုံစွာ ဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စ်ပို့ဓာတ်ပုံသုံးပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာစီစာကုံးစာမူများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနရုံးအမှတ် (၄၈) နေပြည်တော်သို့ လည်းကောင်း၊ Fax - ၀၆၇-၄၃၁၃၆၃ သို့ လည်းကောင်း၊ e-mail လိပ်စာ- nyiyin.kyaing@gmail.com သို့ လည်းကောင်း ဇွန် ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီးပေးပို့ရမည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဒေါ်ယဉ်ယဉ်ကြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန နေပြည်တော် ဖုန်း- ၀၆၇ - ၄၃၁၄၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပြိုင်ပွဲတွင် ဆုရရှိသူ၏ အမည်များကို ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများအား ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ ဇွန် ၃၀ တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**

စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၁)ကြိမ်မြောက် (၂၀၁၄ ခုနှစ်အတွက်) သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max ဟိုတယ် ပုသိမ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်အပါအဝင် ၂၀၁၄ ခုနှစ်အတွင်းထုတ်ဝေခဲ့သည့်စာအုပ်များမှ စာပဒေသာ၊ ရည်ညွှန်းစာပေ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံတကာရေးရာ၊ ဝိဇ္ဇာဘာသာရပ်နှင့် အသုံးချသိပ္ပံဘာသာရပ်များအတွက် စာပေဆုရရှိကြသူများအား ဆုချီးမြှင့်သွားမည်ဖြစ်သည်။ သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်က စတင်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် (၁၁)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။ **(မိုး/ဇလ)**

# နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေး


**နေပြည်တော် ဇွန် ၂၂**

မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား ပိုမိုနီးကပ်စွာဆက်ဆံလာမှုကြောင့် ကြီးမားသည့် ပြဿနာမရှိဘဲ အခက်အခဲများကို အေးချမ်းစွာ ကျော်လွှားနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အကြိမ် (၃၀) မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီ (Regional Border Committee-RBC) အစည်းအဝေးသို့တက်ရောက်ခဲ့ကြသည့် ထိုင်းဘုရင့်တပ်မတော်မှ အမှတ်(၃)စစ်တိုင်းမှူး Lt. Gen. Somsak Nilbanjerdkul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် **(ယာပုံ)** ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်နှစ်ရပ်ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာ-ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ချစ်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ် စစ်သံမှူး Colonel Salawin Uttarak တို့ တက်ရောက်ကြသည်။



အကြိမ် (၃၀) မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည်။ မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် မိုင် ၁၃၀၀ ကျော်နယ်နိမိတ် ထိစပ်နေပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုခိုင်မာမှုရှိစေရန် မြန်မာ-ထိုင်းမြို့နယ်အဆင့်နယ်ခြားကော်မတီ (Township Border Committee-TBC)၊ ဒေသဆိုင်ရာ နယ်ခြားကော်မတီ (Regional Border Committee-RBC) နှင့် အဆင့်မြင့်ကော်မတီ ( High Level Committee -HLC) စသည်ဖြင့် အဆင့်အလိုက် အစည်းအဝေးများကို နှစ်စဉ် အလှည့်ကျ ပြုလုပ်လျက်ရှိသည်။

**(သတင်းစဉ်)**

❋ *ရှေ့ဖုံးမှ*

နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများကို ဝမ်းမြောက်စွာ ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မစ္စယန်ဟီလီကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၏ လှိုက်လှဲစွာကြိုဆိုမှုနှင့်အတူ လေ့လာခွင့်ရရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ပထမအကြိမ် လာရောက်စဉ်ကတည်းက မိတ်ဆွေစစ်အနေဖြင့် လာရောက်ခြင်းဖြစ်ပြီး ကူညီပေးနိုင်မည်ဟု မျှော်လင့်ခဲ့ပါကြောင်း၊ မကြာမီက ရခိုင်ပြည်နယ်အတွင်းရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် ဝမ်းနည်းပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရခိုင်ပြည်နယ်ကိုဂရုစိုက်ပြီး ဦးစားပေးလုပ်ဆောင်နေသည်ကိုဝမ်းသာပါကြောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကိုယုံကြည်မှုရှိပြီး လက်ရှိကြုံတွေ့နေရသောအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးစားနေမှုအပေါ် ဂုဏ်ယူပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ်သို့ အမြန်ရေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ သဲတက်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ကာဒီကျေးရွာသို့ရောက်ရှိပြီး မူလတန်းကျောင်း၌ မူဆလင်လူမှုအသိုင်းအဝိုင်းနှင့် တွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် ကျောက်တော်မြို့နယ် ပညာဝကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျေးရွာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခြင်း၊ စစ်ဘေးရှောင်ပြည်သူများအား တွေ့ဆုံမေးမြန်းခြင်းတို့ပြုလုပ်၍ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၆ နာရီခွဲတွင် ရောက်ရှိကြပြီး စစ်တွေဟိုတယ်၌ ညအိပ်ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်တွေအကျဉ်းထောင်၌ ကျန်းမာရေးအသိပညာပေး ဟောပြော

**စစ်တွေ ဇွန် ၂၂**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စစ်တွေအကျဉ်းထောင်၌ ဇွန် ၂၂ ရက် ညနေ ၃ နာရီ၌ကျင်းပရာ ထောင်ပိုင်တာဝန်ခံအရာရှိ ဦးသိန်းလွင်က အမှာစကားပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စစ်တွေခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းဝင်းမာက တီဘီ၊ ခုခံအားကျဆင်းမှုဖြစ်ပွားခြင်းတို့နှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး ဒေါက်တာအေးငြိမ်းက လည်းကောင်း၊ ခုခံအားကျမှုနှင့် ကာလသားရောဂါဖြစ်ပွားရခြင်းနှင့်ပတ်သက်ပြီး ဒေါက်တာရဲဝင်းထွန်းက လည်းကောင်း၊ အနာကြီးရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးမှူး မောင်မောင်စိုးက လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ကျန်းမားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အကျဉ်းထောင်များမှ တာဝန်ရှိသူများနှင့် အကျဉ်းသား ၁၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးဦးစီးဌာနက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အစိုးရ၏ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများအား ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဌာနခွဲများမှ တီဘီ၊ ခုခံကျ/ကာလသား၊ ငှက်ဖျား၊ အနာကြီးရောဂါတို့ကို ရှာဖွေစမ်းသပ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ပြန်/ဆက်)**

❒ *ရှေ့ဖုံးမှ*

ထိုကဲ့သို့ နိုင်ငံတကာချေးငွေဖြင့် မြစ်ကြောင်းထိန်းသိမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း ၁၉၈၅ ခုနှစ် နိုင်ငံတကာသုတေသနအဖွဲ့တစ်ခုဖြစ်သည့် ရှိုင်ရယ်ဟတ်စကောနင်း၏ ဧရာဝတီနှင့် ချင်းတွင်းမြစ်များ သုတေသနအစီရင်ခံစာကိုအခြေခံ၍ ရေးဆွဲထားသောအစီအမံအရ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် ရေလမ်းကြောင်းကောင်းမွန်ရေး နှစ်စဉ်ငွေလုံးငွေရင်း ရန်ပုံငွေတင်ပြတောင်းခံပြီး ရေလမ်းကြောင်းခက်ခဲသောနေရာများတွင် သောင်တူးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဧရာဝတီမြစ်တွင် ရေလမ်းကြောင်းခက်ခဲသည့်နေရာ ၄၆ နေရာအနက် ၁၀ နေရာ၊ ချင်းတွင်းမြစ်တွင် ရေလမ်းကြောင်း ခက်ခဲသည့်နေရာ ၃၇ နေရာအနက် နေရာ ၂၀ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုနှင့် သွားလာမှုလွယ်ကူချောမွေ့လာပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။





## စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်၌ NVC ကတ်များ ဆက်လက်ထုတ်ပေး

**စစ်တွေ ဇွန် ၂၂**

၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ပြုရန်အတွက် NVC (Identity Card for National Verification) ကတ်များကို စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ ဆက်လက်ထုတ်ပေးလျက်ရှိရာ ဇွန် ၂၂ ရက် (ဒုတိယနေ့) အဖြစ် စစ်တွေမြို့နယ် သင်္ဘောပြင်ကျေးရွာတွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၈ ဦး၊ အောင်မင်္ဂလာရပ်ကွက်တွင် အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၄ ဦး၊ မောင်တောမြို့နယ် ခမောင်းဆိပ်မြို့နယ်ခွဲတွင် အမျိုးသားလေးဦး၊ ကြိမ်ချောင်းကျေးရွာတွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၅ ဦး၊ ငါးခူရကျေးရွာတွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၈ ဦးနှင့် ရွက်ညိုတောင်ကျေးရွာတွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၅ ဦးတို့ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုထုတ်ပေးသောကတ်များသည် နိုင်ငံသားဖြစ်ခွင့်အတွက် ပထမအဆင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရရှိပြီးပါက နိုင်ငံသားတစ်ဦး၏ရသင့်သောအခွင့်အရေးများရရှိမည်ဖြစ်ကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သိရသည်။

**မြတ်ဝေ**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း ဇွန် ၂၂** ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အထက (၁)၌ ဇွန်လတတိယပတ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကား ပြောကြားပြီး လက်ပံတန်းမြို့မရဲစခန်းမှ ရဲအုပ်ဝင်းဇော်က လူကုန်ကူး၊ လူမှောင်ခိုဆိုင်ရာ အသိပညာပေးဟောပြောသည်။လက်ပံတန်းမြို့ အထကကျောင်းစာကြည့်တိုက်အတွက် လူကုန်ကူး၊ လူမှောင် ခိုဆိုင်ရာ ပညာပေးစာအုပ် ၂၀၀ ကို သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးက လှူဒါန်းပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သဘာဝမြေပြိုဆည် အန္တရာယ်မရှိစေရန် နုန်းတားဆည်တစ်ခုတည်ဆောက်ထား

**တွန်းဇံ ဇွန် ၂၂**

ယခုနှစ်မိုးရာသီတွင် ချင်းပြည်နယ် တွန်းဇံမြို့နယ် တွိုလီချောင်းပေါ်ရှိ မြေပြိုဆည်နှင့်စပ်လျဉ်း၍ ကလေးမြို့နှင့် ဒေသခံကျေးရွာနေပြည်သူများ စိုးရိမ်လျက်ရှိကြသည်။

"ချင်းတောင်တန်းပေါ် မိုးတွေညို့လာရင် စိုးရိမ်စိတ်တွေ အလိုလိုဝင်လာတယ်။ တောင်တန်းပေါ်က မြေပြိုဆည်ကြီး ကျိုးပေါက်သွားရင် ကလေးဒေသ ရေတွေလွှမ်းလာ လေမလား သို့လော . . . သို့လောဖြင့် ချောင်းရိုးတစ်လျှောက်နေကြတဲ့ သူတွေကလည်း စိုးရိမ်နေကြတာ"ဟု အထက်ချင်းတွင်း ကွန်ရက်မှ ကိုကျော်သက်ဝင်းက ဇွန်လဒုတိယပတ်က ပြောသည်။

မြေပြိုဆည်သည် ၂၀၁၅ ခုနှစ် မိုးရာသီအတွင်းက တောင်ပြိုကျ၍ ပိတ်ဆို့ဖြစ်ပေါ်လာခဲ့သော သဘာဝတောင်ပြိုဆည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ တွိုလီချောင်းပေါ်၌တည်ရှိပြီး ကလေးမြို့အနီးရှိ ရာဇဂြိုဟ်ဆည်နှင့် ၃၃ မိုင်ခန့်ကွာဝေးကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

၂၀၁၅ ခုနှစ် မိုးရာသီအတွင်း သည်းထန်စွာရွာသွန်းခဲ့သည့် မိုးရေချိန်ကြောင့် ကလေးဒေသ၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေချိန်တွင် ချင်းတောင်တန်းပေါ်ရှိ မြေပြိုရေကန်တစ်ခုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပေါက်ခဲ့ရာ ယင်းကန်အောက်ဘက်၌ရှိခဲ့သည့် ဟားခါးလေး ကျေးရွာ ပျက်စီးခဲ့ရသည့်သာဓကလည်း ရှိခဲ့ဖူးသည်။

ထိုကဲ့သို့ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ကလေးလွင်ပြင်ဒေသတစ်ခုလုံးရှိ ဒေသခံများနှင့် တောင်အောက်ခြေနှင့် ချောင်းရိုးတစ်လျှောက်တွင် နေကြသည့် ကျေးရွာများမှ ရွာသူရွာသားများအနေဖြင့် တောင်တန်းများပေါ်၌ရှိသည့် မြေပြိုဆည်များအပေါ် အာရုံစိုက်လာကြသည်ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဆည်မြောင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်ထွန်းက ပြောသည်။

"လူတွေစိုးရိမ်တာက မြေပြိုဆည်ကျိုးသွားရင် ရာဇဂြိုဟ်ဆည်ကိုထိခိုက်မယ်။ ရာဇဂြိုဟ်ဆည်ကို ထိခိုက်ရင် ကလေးမြို့ကို ထိခိုက်မယ် ထင်နေတာ၊ အစကတည်းက မြေပြိုဆည်ကျိုးပေါက်သွားရင် ရာဇဂြိုဟ်ဆည်ကို ထိခိုက်မှုမရှိနိုင်ဘူးလို့ ပြည်သူလူထုကို အမြဲတမ်းရှင်းပြခဲ့တယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ မြေပြိုဆည်သို့ ယခုနှစ် မေ ၂၀ ရက်မှ၂၇ ရက်ထိ နီပေါနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာန (ICIMOD)မှ ပညာရှင်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ရာတွင်လည်း သဘာဝမြေပြိုဆည်များ၏ ၉၀ ရာခိုင်နှုန်းသည် သဘာဝအားဖြင့် တစ်နှစ်ခန့်ကြာလျှင် အလိုလိုကျိုးပေါက်ပြိုကျလေ့ရှိကြောင်း၊ အဆိုပါ မြေပြိုဆည်ကျိုးပေါက်ပါက ရေနှင့်ရွှံ့နွံများ တွိုလီချောင်းတစ်လျှောက် စီးဆင်းလာနိုင်ကာ လူနေအိမ်ခြေနှင့် လယ်ယာများတည်ရှိနေပါက ပျက်စီးနိုင်ပြီး ရာဇဂြိုဟ်ဆည်အတွင်း နုန်းအနယ်အနှစ်များ ပိုမိုပို့ချလာနိုင်ကြောင်း သုံးသပ်ထားသည်။

ဆည်မြောင်းဦးစီးဌာနက ယခုနှစ် မေလအတွင်း ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ချင်းတောင်တန်း ပေါ်၌ဖြစ်ပေါ်နေသည့် သဘာဝမြေပြိုဆည်သည် အန္တရာယ်မရှိ၍ စိုးရိမ်စရာမလိုကြောင်း၊ ယင်းအတွက် နုန်းတားဆည်တစ်ခုတည်ဆောက်ထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"ဆည်မြောင်းဦးစီးဌာနက အန္တရာယ်မရှိဘူးလို့ပြောတာက မြေပြိုဆည်အောက်မှာ အဓိက ကျေးရွာတွေ မရှိဘူးလို့ ပြောချင်တာ၊ ချင်းရွာတွေက တောင်ပေါ်မှာပဲ တည်ကြတာ၊ တောင် ပေါ်မှာရှိတဲ့ ရွာကြီးတွေကို ဒုက္ခမပေးနိုင်ဘူး၊ ကြားမှာလည်း လမ်းတို့ တံတားတို့မရှိဘူး။ အန္တရာယ်မရှိဘူးလို့ အဲ့ဒီပုံစံနဲ့ ပြောတာ"ဟု မြေပြိုဆည်များအပေါ် သုတေသနပြုလုပ်နေသည့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဦးမောင်မောင်သန်းက ပြောသည်။

ယခုချင်းတောင်ပေါ်၌ ဖြစ်ပေါ်နေသည့် မြေပြိုဆည်၏ ရေပြင်ဧရိယာသည် ကောင်းကင်ဓာတ်ပုံများကို လေ့လာဆန်းစစ်ခြင်းနှင့် လက်တွေ့မြေပြင် ကွင်းဆင်းစစ်ဆေးခြင်း ရလဒ်များအရ ဧက ၁၂၃ ဒသမ ၂၀ ရှိခဲ့ပြီး မေ ၂၀ ရက်မှ ၂၇ ရက်အထိ ထပ်မံလေ့လာဆန်းစစ်ချိန်တွင် ရေပြင်ဧရိယာ လျော့နည်းကျဆင်းလာကြောင်း နီပေါနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယခုနှစ်မိုးရာသီအတွင်း ဆည်ကျိုးပေါက်ခြင်းမရှိပါက မိုးရာသီကုန်ဆုံးချိန်တွင် ထိန်းချုပ်စနစ်ဖြင့် ကန်အတွင်းမှရေကို ဖောက်ထုတ်ရန်လည်း နီပေါနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာနက ထပ်မံအကြံပြုထားကြောင်း သိရသည်။

"မြေပြိုဆည်နဲ့ ပတ်သက်ပြီး ဒီမိုးမှာ ဘာမှအကျိုးသက်ရောက်မှုရှိအောင် မလုပ်နိုင်တော့ဘူး၊ နောက်ကျသွားပြီ၊ ချောင်းရိုးတစ်လျှောက်မှာ သွားလာ လုပ်ကိုင်စားနေတဲ့သူတွေကို သတိပေးရုံပဲ ရှိတော့တယ်"ဟု ဦးမောင်မောင်သန်းက ပြောသည်။

ချင်းပြည်နယ်၌ တရားမဝင်သစ်ခုတ်မှုနှင့် ရွှေ့ပြောင်းတောင်ယာစနစ်အရ သစ်ပင်များ ခုတ်လှဲထားမှုတို့ကြောင့် ပြီးခဲ့သည့် မိုးရာသီတွင် တောင်ကျရေနှင့်အတူ သစ်ပင်သစ်တုံးကြီးများ ရာဇဂြိုဟ်ဆည်အတွင်း အများအပြားဝင်ရောက်လာပြီး ဆည်ရေထွက်ပေါက် ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သော်လည်း ရာဇဂြိုဟ်ဆည်သည် ကြံ့ခိုင်မှုရှိခဲ့ကြောင်း၊ ရာဇဂြိုဟ်ဆည်ကို ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ဆည်မြောင်းဦးစီးဌာနမှ ပညာရှင်များ ပူးပေါင်းကာ ဒီဇိုင်းပုံစံထုတ်ရေးဆွဲထားခြင်းဖြစ်ကြောင်း ဆည်မြောင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ ညွှန်ကြားရေးမှူးက ပြောသည်။

ရာဇဂြိုဟ်ဆည်၌ ယခင်နှစ်က တောင်ကျရေများကို ရေပိုလွှဲမှထုတ်ပေးနိုင်သော်လည်း ယခုနှစ်တွင် ရေပိုလွှဲအပြင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် တပ်ဆင်ထားသည့် စက်ကြီးများဖြင့် ကန်အတွင်းဝင်ရောက်လာသည့် နုန်းအနည်အနှစ်များနှင့် ရေပိုများကို ထုတ်ပေးနေကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။


ချင်းပြည်နယ် တွန်းဇံမြို့နယ်ရှိ တွိုလီချောင်းပေါ်၌ သဘာဝတောင်ပြိုဆည်မှ ရေများအား ဖောက်ချရန် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ တိုင်းတာမှုများ ပြုလုပ်နေစဉ်
ဓာတ်ပုံ- Ko B.Soe (ဆည်မြောင်း)

နီပေါနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာနမှ မြေပြိုဆည်၏ရေမျက်နှာပြင် အမြင့်ပြောင်းလဲမှုအား ဂြိုဟ်တုမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်သည့် ကင်မရာများ တပ်ဆင်ထားရန်၊ ဆည်ကျိုးပေါက်ပါက ရေကြီးရေလျှံမှုအန္တရာယ် သတိပေးစနစ်အား ရေစီးဆင်းလာမည့် လမ်းကြောင်းတစ်လျှောက် တပ်ဆင်ထားရန်၊ တွိုလီချောင်းတစ်လျှောက် ဆည်ကျိုးသည့်အခါ စီးဆင်းလာမည့် ရေပမာဏ၊ လှိုင်းအမြင့်နှင့် နေရာအလိုက် ရေရောက်ရှိလာမည့်အချိန်တို့ကို ဖော်ထုတ်ခန့်မှန်းနိုင်သည့် Dam Break Modelling စောင့်ကြည့်သည့်စနစ်ဖြင့် သတင်းထုတ်ပြန်နိုင်သည့်စနစ် ဆောင်ရွက်ရန် အကြံပြုထားသည်။

လွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး မှတ်တမ်းထားရှိခဲ့သည့် ချင်းပြည်နယ် တွိုလီချောင်းပေါ်က သဘာဝမြေပြိုဆည်နှင့် ပတ်သက်ပြီး အထက်ချင်းတွင်းကွန်ရက်မှ ကိုကျော်သက်ဝင်းက "မြေပြိုဆည်နဲ့ပတ်သက်ပြီး ဖြစ်လာမယ့်သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်မယ့် ပစ္စည်းတွေ အရန်သင့်ထားစေချင်တယ်။ ဒီကိစ္စကို သက်ဆိုင်ရာအနေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်စေချင်ပါတယ်"ဟု ပြောသည်။

**သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)**

# တရုတ်နိုင်ငံ၌ ရွှေ့ပြောင်းမြန်မာအလုပ်သမားအချို့ အဆင်မပြေမှုများ ကြုံတွေ့နေရ

**မူဆယ် ဇွန် ၂၂**

မူဆယ် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်နယ်စပ် တရုတ်နိုင်ငံရွှေလီ၊ ကျယ်ဂေါင်၊ မန်စီ၊ ဝမ်တိန်၊ ရင်ဂျန်း စသည့် ဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများ၊ အလည်အပတ်ခရီးနှင့် ရောင်းဝယ်ဖောက်ကားနေကြသူအချို့ အဆင်မပြေမှုများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်နေထိုင်ကြသူများသည်တရုတ်နိုင်ငံ၏ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းပြည့်စုံမှုရှိမှသာ နေထိုင်ခွင့်စာအုပ် ကျမ်ကျူကြိမ်ကို ထုတ်ပေးသည်။ ယင်းနေထိုင်ခွင့် စာအုပ်ရရှိရန် မှတ်ပုံတင်မူရင်းစာတစ်စောင်၊ ပြည်ဝင် ပြည်ထွက် BP စာအုပ်အနီသို့မဟုတ် TB ကတ်မူရင်းကို တရုတ်ဘာသာပြန်ထားသော စာတစ်စောင် ရှိရမည်ဖြစ်သည်။ တရုတ်နိုင်ငံထဲတွင် မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်၊ ပန်ဆိုင်း စသည့် နယ်စပ်မြို့များ အပါအဝင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ကလည်းသွားရောက်လုပ်ကိုင်နေကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ပြည်ဝင်ပြည်ထွက် BP စာအုပ်အနီကို မူဆယ်၊ နမ့်ခမ်းမြို့နယ်တို့ နေထိုင်ကြသူများကိုသာထုတ်ပေးပြီး တစ်နှစ်သက်တမ်းရှိသော်လည်း အခြားမြို့နယ်ဒေသများအတွက် TB ကတ်ကိုသာ ထုတ်ပေးခြင်း၊ သက်တမ်းအားဖြင့် ရက်သတ္တတစ်ပတ်သာခွင့်ပြုပြီး ရက်လွန်နေထိုင်ပါက မြန်မာနိုင်ငံ၏ ပြည်ဝင်ပြည်ထွက် တာဝန်ရှိသူများက ဒဏ်ကြေးအဖြစ် ရက်လွန်ကြေးငွေကျပ် ၃၀၀ ပေးဆောင်ရသည်။ တစ်ခါသုံးကတ် ဖြစ်သည်နှင့်အညီ တစ်ကြိမ်ပြုလုပ်လျှင် ခုနစ်ရက်ခန့်သာ နေထိုင်ခွင့်ရပြီး အသစ်တစ်ကြိမ်ပြုလုပ်တိုင်း ငွေကျပ် ၁၀၀၀ ပေးဆောင်ရသည်။



တရုတ်နိုင်ငံအတွင်း သွားရောက်လုပ်ကိုင်ကြသူများသည်တစ်နှစ်လျှင် TB ကတ်အကြိမ်ရေ ၅၀ ခန့် ဝင်/ထွက်ပြုလုပ်ရပြီး သွားလာစရိတ်မပါ ငွေကျပ် ၅၀၀၀၀ ခန့် ကုန်ကျသည်။ အချို့သော လက်လုပ်လက်စားများနှင့် အလုပ်သွားရောက်လုပ်ကိုင်ကြသူများသည် အလုပ်ရှင်များ၏ ခွင့်ပြုချက်ရရှိခြင်းနှင့်အခြားသော အကြောင်းအမျိုးမျိုးကြောင့် ပြည်ဝင်ပြည်ထွက်TB ကတ်ကို အချိန်မီမပြုလုပ်နိုင်ပါက ရက်လွန်သည့် ကာလအတွက် မြန်မာဘက်မှ ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် ငွေကျပ် ၃၀၀ ပေးသွင်းရသည့်အတွက် ရရှိသည့်လုပ်အားခ၊ ရရှိသည့်ဝင်ငွေနှင့် အထွေထွေကုန်ကျမှုများကြောင့် အဆင်မပြေမှုများဖြစ်ကြသည်။ တရုတ်နိုင်ငံတွင်ပြည်ဝင်ပြည်ထွက်ခွင့်ရရန်နှင့် မြန်မာနိုင်ငံဘက်တွင် ပြည်ဝင်ပြည်ထွက်ခွင့် BP စာအုပ် TB ကတ်များရရှိဖို့ ဆောင်ရွက်ကြရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြရ၍ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားပြီး တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်စီးပွားရှာသူများအတွက် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများ လိုအပ်သလိုကူညီဆောင်ရွက်ဖြေရှင်းပေးပါက အဆင်ပြေ ချောမွေ့မှုရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"စာအုပ်အနီရှိသူတွေက တရုတ်နိုင်ငံဘက်မှာ နေထိုင်ခွင့်ရဖို့အတွက်ပဲ လုပ်ရတယ်။ တစ်ခါသုံးဝင်/ထွက်ခွင့် ညွှန့်သည်ကတ်ကိုင်ဆောင်သူတွေက တစ်ပတ်တစ်ခါပူပင်ရတယ်။ အလုပ်ရှင်ခွင့်ပြုချက်ယူရတယ်။ ခွင့်မပြုပေးဘူးဆိုရင် ဒဏ်ကြေးပေးရတော့မှာပါ။ ရပြန်တော့လည်း တန်းစီပြီး အချိန်ယူရတယ်။ ဒီကြားထဲနေထိုင်မကောင်းဖြစ်ရင် တစ်ရက်ကို ဒဏ်ကြေးငွေကျပ် ၃၀၀ ရက်ကျော်ရင်ကျော်သလို ပေးရတော့ ပိုပြီးကုန်ကျတယ်" ဟု ရွှေ့ပြောင်းမြန်မာအလုပ်သမားတစ်ဦးက ပြောသည်။

**သန့်စင်(မူဆယ်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

**ပြည် ဇွန် ၂၂** အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေးနေ့အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ပြည်မြို့ ဝက်ထီးကန် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဝက်ထီးကန်အထကမှ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်မူမူတင်က စာဖတ်ခြင်း အကျိုးကျေးဇူးနှင့် စာဖတ်ခြင်းကြောင့်ရရှိလာသည့် အသိပညာများဖြင့် မူးယစ်ဆေးဝါး အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးမူးယစ်ဆေးဝါးပြတိုက်မှူး ရဲမှူး ရဲဗလ ညီညီလင်းက မူးယစ်ဆေးဝါးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်က ခရိုင်ပြန်/ဆက်က ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးဆိုင်ရာ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြပြီး ခရိုင် ပြန်/ဆက် ဝန်ထမ်းများက မူးယစ်အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ရှင်းရှင်းသန့်သန့် မြန်ပြည်ခန့်အောင်

**ဒေါက်တာလမင်း**

**လူတိုင်း အသန့်ကြိုက်ကြပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့အစားအစာမှ စားချင်တယ်။ သန့်ရှင်းကြည်လင်တဲ့ရေမှ သောက်ချင်တယ်။ သန့်ရှင်းတောက်ပြောင်တဲ့အဝတ်မှ ဝတ်ချင်တယ်။ သန့်ရှင်းသပ်ရပ်တဲ့နေရာမှ နေချင်တယ်။ ဒါဟာလည်း ဖြစ်သင့်ပါတယ်။ သန့်ရှင်းမှု၊ သပ်ရပ်မှုဟာ လူ့ယဉ်ကျေးမှု အသိုင်းအဝိုင်းရဲ့ အဆောင်အယောင်ကိုး။**

ဒါပေမယ့် အဲဒီသန့်ရှင်းမှု သပ်ရပ်မှုကို အလိုလိုမရနိုင်ဘဲ ဂရုတစိုက်သတိထားလုပ်ဆောင်ပါမှ ရနိုင်မယ်။ လူတစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့သာမက လူတိုင်းမှာ တာဝန်ရှိတယ်ဆိုတာကိုတော့ မေ့နေတတ်ကြပါတယ်။ ဒါကြောင့်လည်း လမ်းတွေမှာ လေနဲ့အတူလွင့်နေတဲ့ အမှိုက်ရောင်စုံတွေ၊ မြောင်းတွေမှာလည်း ရေမစီးနိုင်လောက်အောင် ပိတ်ဆို့နေတဲ့ အမှိုက်မျိုးစုံတွေနဲ့ မသန့်ရှင်းနိုင်၊ မလှပနိုင်၊ မသပ်ရပ်နိုင်ဖြစ်နေကြတာပါ။

အခု နိုင်ငံနဲ့အဝန်း စုပေါင်းအမှိုက်ကောက်ပွဲတွေ၊ စုပေါင်းမြောင်းဖော်ပွဲတွေ၊ စုပေါင်းမြက်ရှင်းပွဲတွေလုပ်နေကြတာ တကယ်ပဲချီးကျူးစရာပါ။ ပြီးခဲ့တဲ့လက မြို့တစ်မြို့မှာ လူငယ်လူရွယ်လေးတွေ တူညီဝတ်စုံဝတ်၊ လက်အိတ်ကလေးတွေစွပ်ပြီး အမှိုက်ကောက်နေကြတဲ့ ချစ်စရာမြင်ကွင်းကို တွေ့ခဲ့ပါသေးတယ်။ သူတို့ အမှိုက်ကောက်သွားလို့ ရှင်းလင်းနေတဲ့လမ်းကို အဲဒီညနေမှာပဲ ကျွန်မပြန်ဖြတ်သွားတဲ့အခါမှာ အမှိုက်တွေနဲ့ ပြန်ပွနေတာတွေ့ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ အမှိုက်ကောက်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ လူငယ်လေးတွေ ရင်ထဲမှာတော့ ဆိုဖွယ်ရာမရှိပါဘူး။

အမှိုက်ရှင်းထားတဲ့နေရာမှာ အမှိုက်တွေပြန်ရောက်လာတာဟာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူရှိလို့ပါ။ အဲဒီလို စွန့်ပစ်တဲ့သူရဲ့ စိတ်ထဲမှာတော့ ဒီလမ်း၊ ဒီနေရာ ညစ်ပတ်ပါစေလို့တော့ စိတ်စေတနာရှိမှာ မဟုတ်ပါဘူး။ သူကတော့ အမှတ်တမဲ့ပြုမိတာပါ။ သူလိုလူမျိုးတွေ များလာတဲ့အခါမှာတော့ အမှိုက်ရောင်စုံနဲ့လမ်းဖြစ်ရတော့တာပါပဲ။ တစ်ရက်ရှင်းလည်း မရ၊ နှစ်ရက်ရှင်းလည်း မပြောင်၊ သုံးရက်ရှင်းလည်း မသန့်နဲ့ ရှင်းလိုက်ပွလိုက် သံသရာလည်နေပါတော့တယ်။ ကျွန်မကတော့ သူများနိုင်ငံတွေ ဘယ်လိုသန့်ရှင်းသပ်ရပ်တာလို့ ပြောတာကြားရတိုင်း ကိုယ်တိုင်မြင်တွေ့ရတိုင်း အားကျစိတ်နဲ့အတူ ကိုယ့်နိုင်ငံအတွက် အားမရဖြစ်မိတာချည်းပါပဲ။ သူတို့တောင်လုပ်လို့ရတာ ငါတို့လည်း ဘာကြောင့်လုပ်လို့မရရမှာလဲလို့လည်း မခံချင်စွာ တွေးမိပါတယ်။

တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စည်းကမ်းချမှတ်ထားတဲ့အနေနဲ့ ကျွန်မကိုယ်တိုင် အမှိုက်ဖွတဲ့သူ မဖြစ်အောင်၊ စည်းကမ်းမဲ့ အမှိုက်ပစ်တဲ့သူ မဖြစ်အောင် အမြဲသတိထား ပြုမူနေထိုင်ပါတယ်။ ရုံးခန်းလေး ဘယ်လောက်ကျဉ်းပါစေ အမှိုက်ပုံးထားပြီး အမှိုက်ခြောက်တွေကိုပဲ စွန့်ပစ်ပါတယ်။ စားကြွင်းစားကျန်ဆိုရင် အခန်းအပြင်က သတ်မှတ်အမှိုက်ပုံးမှာ စွန့်ပစ်ပါတယ်။ လမ်းသွားရင်း၊ ကားစီးရင်း အမှိုက်ပစ်ဖို့ရှိလာရင် ထုပ်ပိုးသိမ်းဆည်းယူလာပြီး အမှိုက်ပုံးရှိတဲ့နေရာကျမှ ပစ်တာ အကျင့်ဖြစ်နေပါပြီ။

အိမ်မှာ ချက်ပြုတ်စားတဲ့အတွက် မီးဖိုချောင်အမှိုက် ထွက်ပါတယ်။ အမှိုက်တွေကို ပလတ်စတစ်အိတ်သေးလေးတွေနဲ့ထည့်ပြီး အနံ့လုံအောင် ချည်နှောင်ထားလိုက်ပါတယ်။ ပြီးတော့မှ ပလတ်စတစ်အိတ်အကြီးထဲ စုထည့်ထားတဲ့အတွက် တိုက်ခန်း၊ မီးဖိုခန်းကျဉ်းကျဉ်းလေးထဲမှာ စားကြွင်းစားကျန် ဟင်းရွက်ပုပ်သိုးနံ့နံ့ခြင်း မရှိပါဘူး။ အဲဒီ အမှိုက်ထုပ်ကြီးကို အမှိုက်သိမ်းယာဉ်လာတော့ ပစ်ပါတယ်။ ရုံးပြန်နောက်ကျလို့ အမှိုက်သိမ်းယာဉ်နဲ့ မကြုံရင်တော့ သတ်မှတ်အမှိုက်ပုံးကြီးထဲ သွားထည့်ထားပါတယ်။ အမှိုက်သိမ်းယာဉ်ဝန်ထမ်းက အဲဒီအမှိုက်ပုံးကြီးကို သွန်ယူသွားတာပေါ့။ ဒါ့အပြင် စက္ကူ၊ ကတ်ထူ၊ ကော်ဖီမစ်အိတ်၊ အင်ဖက်ရွက်၊ ဘူးခွံ၊ ပုလင်းခွံ၊ ရေသန့်ဘူးခွံစတဲ့ အမှိုက်ခြောက်တွေကိုတော့ သီးခြားပလတ်စတစ်အိတ်ကြီးကြီးတစ်ခုထဲ စုထည့်ထားပြီး တစ်ပတ်တစ်ခါ ရုံးပိတ်ရက်ကျမှ စွန့်ပစ်လေ့ရှိပါတယ်။ ကျွန်မစွန့်ပစ်လိုက်တဲ့ အမှိုက်တွေကို အမှိုက်သိမ်းယာဉ်လာသိမ်းတယ်။ သတ်မှတ်နေရာမှာ စွန့်ပစ်တယ်လို့ သိထားတာကလွဲပြီး ကျန်တာတွေကို အမှတ်တမဲ့ပဲ သဘောထားမိတယ်။ ဒီလိုပြုမူနေရုံနဲ့ ပြည်သူတစ်ယောက်အနေနဲ့ မလုံလောက်သေးဘူးဆိုတာကို အခုထပ်သိလိုက်ရပါတယ်။

အဲဒါကတော့ ပြီးခဲ့တဲ့ ဇွန်လ ၁၃ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ပြုလုပ်တဲ့ 'စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲခြင်း စီမံကိန်းဆိုင်ရာ ပထမအကြိမ်အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ'ကို တက်ရောက်ခွင့်ရခဲ့လို့ပါပဲ။ တာဝန်ယူကျင်းပပေးတာက 'သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)' နဲ့ 'ကမ္ဘာ့ပတ်ဝန်းကျင်အစီအစဉ် (UNEP- United Nation Environmental Programme)'တို့ ဖြစ်ပါတယ်။ နောက် UNEP ရဲ့ မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ 'ပတ်ဝန်းကျင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (CCET- Centre Collaboration with UNEP on Environmental Technologies)'က ကျွမ်းကျင်ပညာရှင်တွေလည်း ပါဝင်ပါတယ်။

ဆွေးနွေးပွဲခေါင်းစဉ်အတိုင်း နေ့စဉ်ထွက်ရှိတဲ့ အမှိုက်တွေကို ဘယ်လိုသိမ်းဆည်းထားသို စွန့်ပစ်ကြမယ်ဆိုတာကို စီမံခန့်ခွဲမယ့် 'မဟာဗျူဟာ' စနစ်တကျရေးဆွဲနိုင်ရေး အသေးစိတ်ဆွေးနွေးကြပါတယ်။ အဓိကဝန်ကြီးဌာန (MONREC) နဲ့ မြို့တော်စည်ပင်သာယာရေးဦးစီးဌာနတို့က ဦးဆောင်ဆွေးနွေးကြတာမို့ အမှိုက်စွန့်ပစ်ရေးလုပ်ငန်းဆောင်တာတွေကို ပွင့်ပွင့်လင်းလင်းသိရှိခွင့်ရခဲ့လို့ ဗဟုသုတများစွာ ရရှိပါတယ်။

အမှိုက်တွေကို ပုံပန်းသဏ္ဍာန်နဲ့ အမျိုးအစားခွဲခြားရင် အစိုင်အခဲ၊ အရည်၊ အငွေ့တဲ့။ အမှိုက်ထွက်တဲ့နေရာနဲ့ ခွဲခြားရင်တော့ မီးဖိုချောင်ထွက်အမှိုက် (အိမ်သုံးအမှိုက်)နဲ့ စက်ရုံ အလုပ်ရုံထွက်အမှိုက် (လုပ်ငန်းသုံးအမှိုက်)တဲ့။ အန္တရာယ်ပေါ်မူတည်ခွဲရင် အန္တရာယ်ဖြစ်စေနိုင်တဲ့အမှိုက်နဲ့ အန္တရာယ်မဖြစ်နိုင်တဲ့ အမှိုက်တဲ့။ အန္တရာယ်ရှိတာမှာလည်း ချွန်ထက်စူးရှတဲ့အမှိုက်၊ ရောဂါပိုးကူးစက်နိုင်တဲ့အမှိုက်၊ ဆေးဝါးစွန့်ပစ်ပစ္စည်း၊ ဓာတုစွန့်ပစ်ပစ္စည်း၊ ဓာတ်ရောင်ခြည်ထွက်စွန့်ပစ်ပစ္စည်းစတာတွေ ပါပါတယ်။ ကျွန်မတို့အိမ်မှာသုံးပြီး ပျက်စီးလို့လွှင့်ပစ်မယ့် ဓာတ်ခဲတွေတောင် အန္တရာယ်ရှိတဲ့ အမှိုက်အမျိုးအစားမှာပါပါသတဲ့။

အိမ်သုံးအမှိုက်တွေကိုစွန့်ပစ်ဖို့ အိတ်စိမ်းနဲ့အိတ်ပြာရယ်လို့ အရောင်ခွဲခြားပြီး အမှိုက်စိုနဲ့အမှိုက်ခြောက် သပ်သပ်စီ ထုပ်ပိုးစွန့်ပစ်တဲ့စနစ်လုပ်ခဲ့ပေမယ့် အိတ်တစ်အိတ်ကို ငွေကျပ် ၁၅၀ ကျသင့်တဲ့အတွက် အိမ်ရှင်မတွေအနေနဲ့ နေ့စဉ်အသုံးပြုဖို့ ခက်ခဲတာမို့ လိုက်နာနိုင်ခြင်းမရှိကြပါဘူး။ ဆေးရုံတွေ၊ ရုံးတွေ၊ စူပါမားကတ်တွေမှာတော့ အမှိုက်တွေကို ခွဲခြားစွန့်ပစ်ဖို့ သရုပ်ဖော်ပုံတွေ၊ စာတွေပါတဲ့ ရောင်စုံအမှိုက်ပုံးတွေကို တွေ့ဖူးကြပါလိမ့်မယ်။ အထွေထွေသုံးအမှိုက်အတွက် အမည်းရောင်ပုံး၊ ရောဂါပိုးကူးစက်နိုင်တဲ့အမှိုက်အတွက် အဝါရောင်ပုံး၊ ရောဂါပိုးဆိုးရွားစွာ ကူးစက်နိုင်တဲ့အမှိုက်အတွက် အနီရောင်ပုံး စသဖြင့် ခွဲခြားထားတာပေါ့။ ဒါပေမယ့် မှတ်သားရတာရှုပ်ထွေးလို့လားမသိဘူး၊ အမှိုက်စွန့်ပစ်လိုတဲ့ ပြည်သူလူထုအနေနဲ့ လိုက်နာမှုအားနည်းပြီး ကြုံသလို အမှိုက်စွန့်ပစ်နေကြတယ်လို့လည်း သိရပါတယ်။

အမှိုက်စွန့်ပစ်လိုသူများလည်း အခက်အခဲမရှိ၊ အမှိုက်သိမ်းဆည်းစွန့်ပစ်တဲ့သူတွေလည်း အဆင်ပြေမယ့် ခွဲခြားမှုကတော့ အထူးစနစ်နဲ့သိမ်းဆည်းပြီး စွန့်ပစ်ရမယ့် အန္တရာယ်ရှိတဲ့အမှိုက်ရယ်၊ ဆွေးမြည့်ပုပ်သိုးနိုင်တဲ့ စားကြွင်းစားကျန် အမှိုက်စိုရယ်၊ ပြန်ပြုပြင်သုံးလို့ရတဲ့ အမှိုက်ခြောက်ရယ်ဆိုပြီး သုံးမျိုးသုံးစား ဖြစ်ပါတယ်။ ဘာလို့အဲဒီလို ခွဲခြားထားရတာလဲဆိုတာကိုတော့ သိဖို့လိုပါတယ်။

အမှိုက်ကိုလာသိမ်းပြီးတဲ့နောက် တစ်နေရာတည်းမှာစွန့်ပစ်ရတာ မဟုတ်ပါဘူး။ အမှိုက်ရဲ့သဘောသဘာဝပေါ်မူတည်ပြီး စနစ်တကျ စွန့်ပစ်ရတာပါ။ တချို့အမှိုက်တွေကို အပြီးစွန့်ပစ်ရသလို တချို့အမှိုက်တွေကိုတော့ ပြန်လည်သန့်စင်ပြီး ပြန်သုံးတာမျိုး (Re-use) နဲ့ ပုံပြောင်းပြုပြင် ကုန်ကြမ်းအဖြစ် ဖန်တီးပြီးမှ အခြားနေရာတွေမှာ ပြန်သုံးတာမျိုး (Re-cycle) တွေလုပ်ရပါတယ်။ ဒါမှလည်း အလဟဿမဖြစ်ဘဲ အမှိုက်ပမာဏလည်း နည်းသွားမှာပါ။ စားကြွင်းစားကျန်အမှိုက်တွေကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ပြီး အမှိုက်ခြောက်တွေကိုတော့ Re-use နဲ့ Re-cycle တွေ ပြန်လုပ်နိုင်ပါတယ်။ အဲဒီကနေ ကျန်တဲ့အမှိုက်တွေကိုတော့ သတ်မှတ်ထားတဲ့နေရာမှာ နောက်ဆုံးစွန့်ပစ်ရမှာဖြစ်ပါတယ်။

ရပ်ကွက်တွေထဲမှာ အမှိုက်သိမ်းယာဉ်နဲ့ တစ်လမ်းဝင် တစ်လမ်းထွက်သွားပြီး အမှိုက်တွေကို လိုက်လံသိမ်းဆည်းတဲ့အခါမှာရော၊ သတ်မှတ်နေရာမှာချထားတဲ့ အမှိုက်ပုံးတွေထဲက အမှိုက်တွေကို သိမ်းဆည်းတဲ့အခါမှာပါ အန္တရာယ်ရှိတဲ့အမှိုက်၊ အမှိုက်စိုနဲ့ အမှိုက်ခြောက်တွေကို သပ်သပ်စီ ခွဲခြားထုပ်ပိုးပြီးမှ စွန့်ပစ်ရင် အမျိုးအစားခွဲခြားတဲ့အခါ ပိုမိုလွယ်ကူမှာဖြစ်ပါတယ်။

ပြန်သုံးမယ့်အမှိုက်တွေကို ဖယ်ထုတ်ပြီး ကျန်တဲ့အမှိုက်တွေကိုတော့ နောက်ဆုံးစွန့်ပစ်ရမယ့် သတ်မှတ်နေရာမှာ သွားရောက်စွန့်ပစ်ရမှာပါ။ ဒီအဆင့်မှာတော့ လမ်းသွယ်လေးတွေထဲအထိဝင်ပြီး အမှိုက်သိမ်းတဲ့ ယာဉ်ငယ်လေးတွေနဲ့စာရင် အမှိုက်များများ သယ်ယူနိုင်တဲ့ယာဉ်ကြီးတွေပေါ်ကို ပြောင်းလဲတင်ပြီး သယ်ပို့တာက ခေါက်ရေလျော့နည်းတဲ့အတွက် ကုန်ကျစရိတ်သက်သာမှာဖြစ်ပါတယ်။ ဒါပေမယ့် ယာဉ်ကြီးတွေ ရရှိနိုင်မှု၊ အမှိုက်တွေထည့်မယ့် Containerတွေ၊ နေရာအခက်အခဲ၊ ဝန်ထမ်းလိုအပ်ချက် စတာတွေကိုလည်း ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

အမှိုက်စွန့်ပစ်ရာမှာ ဒီအတိုင်း မြေပြင်ကွက်လပ်မှာသွန်ပြီး စွန့်ပစ်သလို၊ တွင်းတူးပြီးမြှုပ်တာနဲ့ မီးရှို့တာတွေလည်း လုပ်ကြပါတယ်။ အန္တရာယ်ကင်းတာ မကင်းတာ၊ ကုန်ကျစရိတ်များတာ နည်းတာတော့ ကွဲပြားမှုရှိပါတယ်။ ဒီအတိုင်းစွန့်ပစ်တာမဟုတ်ဘဲ ချိုင့်ခွက်မြေတွေဖို့တာမျိုး လုပ်လို့ရသလို အမှိုက်ကနေ လူသားတွေအတွက် အသုံးဝင်မယ့် ဓာတ်ငွေ့ထုတ်လုပ်တာမျိုးတွေသာ လုပ်နိုင်ရင်တော့ 'အမှိုက်ထဲကရွှေ'ဖြစ်မှာပါ။

အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းဟာ လူနေမှုဝန်ဆောင်ခြင်းလုပ်ငန်းတစ်မျိုးဖြစ်လို့ ငွေကုန်ကြေးကျများပြီး အမှိုက်သိမ်းခ (အမှိုက်ခွန်လို့ အများသိကြပေမယ့် အခွန်မဟုတ်) ဟာ အလွန်နည်းပါးတာကြောင့် အမှန်တကယ်ကုန်ကျစရိတ်ကို မကာမိဘူးလို့လည်း သိရပါတယ်။

ကျွန်မတို့ အိမ်သုံးအမှိုက်တွေအပြင် အများအပြားထွက်ရှိမှုကြောင့် သိမ်းဆည်းစွန့်ပစ်ပေးနေရတာကတော့ စက်ရုံ၊ အလုပ်ရုံနဲ့ စီးပွားရေးလုပ်ငန်းတွေက ထွက်ရှိတဲ့ လုပ်ငန်းသုံးအမှိုက်တွေပါတဲ့။ ပြောစရာရှိတာက အဲဒီအမှိုက်တွေဟာ အများပြည်သူနဲ့ ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်တာမို့ သီးသန့်စီမံခန့်ခွဲမှုစနစ်နဲ့ သိမ်းဆည်းထိန်းသိမ်းစွန့်ပစ်ရမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ မိမိတို့လုပ်ငန်းကထွက်ရှိတဲ့အမှိုက်ကို အန္တရာယ်ကင်းစွာနဲ့ စွန့်ပစ်နိုင်ရေးမှာ ကိုယ်တိုင်တာဝန်ရှိတယ်ဆိုတဲ့ အသိရှိဖို့နဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်နေသေးတယ်လို့ သိရပါတယ်။

ကျွန်မကတော့ ဈေးဝယ်ရင် ထုပ်ပိုးပေးလိုက်တဲ့ ပလတ်စတစ်အိတ် ဆိုက်ဘ်စုံကို အသေအချာခေါက်သိမ်းထားပြီး နောက်တစ်ကြိမ်ဈေးဝယ်တဲ့အခါ ပြန်သုံးဖို့၊ ဈေးသည်တွေဆီက အိတ်တွေထပ်မယူဖို့ (Refuse) စဉ်းစားထားပါတယ်။ အစာစားတဲ့အခါမှာလည်း မပိုအောင် မကျန်အောင် သတိထားပြီး ချိန်ဆပါတော့မယ်။ စားကြွင်းစားကျန်တွေကျန်နေရင်လည်း တိရစ္ဆာန်လေးတွေကို ကျွေးလိုက်ရင် သူတို့လည်း 'ဝ'၊ ကျွန်မလည်း အမှိုက်ပမာဏလျှော့ပြီးသား (Reduce) ဖြစ်သွားတာပေါ့။

မီးဖိုချောင်အမှိုက်တွေ စွန့်ပစ်တဲ့နေရာမှာ သိမ်းထားတဲ့ ပလတ်စတစ်အိတ်ကလေးတွေနဲ့ အမှိုက်စိုထုပ်၊ အမှိုက်ခြောက်ထုပ် ခွဲခြားပြီး သုံးသွားဖို့၊ ကြုံရာနေရာမှာ အမှိုက်မချဖို့၊ အမှိုက်တွေ့ရင် နီးရာအမှိုက်ပုံးထဲ ကောက်ထည့်ဖို့နဲ့ စနစ်တကျ အမှိုက်စွန့်ပစ်တတ်ဖို့ ကိုယ်တိုင်လည်းပြုမူဆောင်ရွက်၊ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ကျင့်ကြံလိုက်နာကြဖို့ စည်းရုံးသွားပါမယ်။

ပြည်သူလူထုတစ်ရပ်လုံးက အသန့်ကြိုက်ကြသလို မိမိပတ်ဝန်းကျင်၊ မိမိလုပ်ငန်းခွင်မှာလည်း သန့်ရှင်းသပ်ရပ်အောင် ကြိုးပမ်းနေထိုင်ကြရင်း စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးကို အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် မြန်မာနိုင်ငံဟာ နောင်နှစ်ပေါင်း ၃၀ မကြာခင်မှာပဲ အမှိုက်လုံးဝကင်းစင်တဲ့ (Zero Waste) တိုင်းပြည်အဖြစ် အရှေ့တောင်အာရှမှာသာမက ကမ္ဘာမှာပါ ကျော်ကြားလာလိမ့်မယ်လို့ မျှော်မှန်းနေမိပါတယ်ရှင်။ ။

> **တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စည်းကမ်းချမှတ်ထားတဲ့အနေနဲ့ ကျွန်မကိုယ်တိုင် အမှိုက်ဖွတဲ့သူ မဖြစ်အောင်၊ စည်းကမ်းမဲ့ အမှိုက်ပစ်တဲ့သူ မဖြစ်အောင် အမြဲသတိထား ပြုမူနေထိုင်ပါတယ်။ ရုံးခန်းလေးဘယ်လောက်ကျဉ်းပါစေ အမှိုက်ပုံးထားပြီး အမှိုက်ခြောက်တွေကိုပဲ စွန့်ပစ်ပါတယ်။ စားကြွင်းစားကျန်ဆိုရင် အခန်းအပြင်က သတ်မှတ်အမှိုက်ပုံးမှာ စွန့်ပစ်ပါတယ်။ လမ်းသွားရင်း၊ ကားစီးရင်း အမှိုက်ပစ်ဖို့ရှိလာရင် ထုပ်ပိုးသိမ်းဆည်းယူလာပြီး အမှိုက်ပုံးရှိတဲ့နေရာကျမှ ပစ်တာ အကျင့်ဖြစ်နေပါပြီ**

## အုတ်တွင်းမြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**တောင်ငူ ဇွန် ၂၂**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ စီမံ ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့ မြို့တွင်း ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်က လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရ သည်။
**ကျော်လှ(တောင်ငူ)**




## ထားဝယ်သီတဂူအာရောဂျဒါနဆေးရုံတော်၌ မျက်စိအခမဲ့ကုသပေးမည်

**ထားဝယ် ဇွန် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင် သီတဂူဆရာတော်ကြီး၏အစီအစဉ်ဖြင့် သီတဂူရွှေပြည်ဟိန်းဆရာတော်ကြီးက ဦးဆောင်၍ သမားတော်ကြီးဒေါက်တာမြအောင် ဦးဆောင်သော သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံတော်ကြီးမှ အထူးကုဆရာဝန်များပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ မျက်စိစမ်းသပ်မှုပြုပြီးသူများကို ဇူလိုင် ၈ရက်မှ ၁၀ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး မျက်စိစမ်းသပ်ခြင်း၊ ပါဝါမျက်မှန် လှူဒါန်းခြင်းတို့ကို PTC လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီမှ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအနေဖြင့် လူမျိုးဘာသာမရွေး သီတဂူအာရောဂျဒါနဆေးရုံတော်ရုံးခန်း ဖုန်း- ၀၉-၈၇၅၀၁၇၉၊ ၀၉၈၇၄၁၁၁၅ ၊ ၀၉-၄၅၀၉၉၀၇၄၉ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သီတဂူအာရောဂျဒါနဆေးရုံ အကျိုးဆောင်ထံမှ သိရသည်။ (**ခရိုင် ပြန်/ဆက်**)

# ဖားကန့်၌ ရေကြီးရေလျှံခဲ့သည့် အနိမ့်ပိုင်းရပ်ကွက်များ ရေကျဆင်း

**ဖားကန့် ဇွန် ၂၂**

ဇွန် ၂၀ ရက်ညက ရွာသွန်းခဲ့သည့် မိုးကြောင့် ဖားကန့်မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ လက်ရှိအခြေအနေတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ပြည်သူများ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးများဆက်လက်ရွာသွန်းပြီး ရေများပြန်လည်တက်လာပါက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အဓိကအချက်အချာကျသော ဖားကန့်မြို့ပေါ် မြို့မရပ်ကွက်ရှိ မဏိဇေယျာဘုန်းတော်ကြီးကျောင်း၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး အဆိုပါ ဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်းကိုလည်း ဇွန် ၂၀ ရက်မှ စတင်ဆောင်ရွက်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပြောကြားသည်။

"ကျွန်တော်တို့ ဖားကန့်မြို့အတွင်း စက်လှေအကြီးနှစ်စင်းကို စက်တပ်ဆင်ပြီး ရေဝင်တဲ့မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နဲ့ ဆိပ်မူ၊ လုံးခင်းကျေးရွာတို့အတွက် လက်လှော်ဖိုက်ဘာလှေနှစ်စင်း၊ အသက်ကယ်အင်္ကျီအထည် ၂၀ စီကို ရပ်ကွက်ကျေးရွာအုပ်စုရုံးများကို ဖြန့်ဝေပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရေပြန်လည်ကျဆင်းပြီးနောက် ရေဝပ်သည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်ဆရာဝန်ကြီးခေါင်းဆောင်ကာ ကျန်းမာရေးဝန်ထမ်း



များ၊ ကျန်းမာရေးဦးစီးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

လုံးခင်းကျေးရွာအုပ်စုရှိ ကံဆီးကျေးရွာတွင် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်ရန် စကားပြောစက်တစ်လုံးထားရှိပေးထားပြီး မိုးများ၍ ရေကြီးနိုင်သော အခြေအနေရှိ၊ မရှိ သိရှိနိုင်ရန် ရေကင်းများ ချထားကြောင်း သိရသည်။

"လုံးခင်းကျေးရွာရှိ ဥရုချောင်းကူးတံတားရှိ ရေမှတ်တိုင်ထားပြီး တိုင်းတာစောင့်ကြည့်နေပါတယ်။ ဆက်သွယ်ရေးစက်တစ်လုံး ထားရှိပေးထားတဲ့အတွက် လတ်တလော ရေကြီးနိုင်၊ မကြီးနိုင် လုံးခင်းမှ ဖားကန့်သို့ အလွယ်တကူ ဆက်သွယ်သတင်းပို့နိုင်အောင်လည်း ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ထားရှိပါတယ်" ဟု ဦးမောင်မောင်သက်က ဆိုသည်။

ဖားကန့်မြို့နယ်အတွင်း ဥရုချောင်း၊ နမ့်စမ်းချောင်း၊ နမားယံချောင်း၊ မော်ဝမ်းချောင်း၊ သောင်းချိုချောင်း၊ မော်မောင်းချောင်း၊ ကာလီချောင်း၊ ရှရော်ခချောင်းနှင့် ဝေ့ခါချောင်းများရှိပြီး ဥရုချောင်း ရှင်းလင်းရေးကိုလည်း အပိုင်း(၁)၊ အပိုင်း (၂)ခွဲ၍ ဆောင်ရွက်ထားသဖြင့် ရေစီးရေလာ ယခင်နှစ်များကထက် ပိုမိုကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ဧရိယာအတွင်းရှိ လုံးခင်းကျေးရွာအုပ်စု ကံဆီးကျေးရွာဘက်များ မိုးကြီးလျှင် ဥရုချောင်းသည် ရေကြီးရေလျှံလေ့ရှိကြောင်း၊ လုံးခင်းကျေးရွာ ရေလျှံကာ ရေကျပါက နောက်နှစ်နာရီအတွင်း ဖားကန့်မြို့တွင်း ရေတက်နိုင်ပြီး ဖားကန့်မြို့မှ ရေကျပြီး နောက်တစ်နာရီအတွင်း ဆိပ်မူကျေးရွာအုပ်စုတွင် ရေတိုးနိုင်ကြောင်း၊ ထို့ကြောင့် မြို့ပေါ်ရပ်ကွက်များတွင် ရေကင်းများ ချထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



# ရှေးဟောင်းသုတေသနရုံးစိုက်ရာ မန္တလေးမြို့က ကိုလိုနီခေတ်အဆောက်အအုံကြီး

**ရှေးဟောင်းယဉ်ကျေးမှု မြို့တော်အဖြစ် ခိုင်မာစွာတည်ရှိနေသည့် မန္တလေးမြို့ကြီးသည် ယခင်က ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်တို့ ရုံးစိုက်ခဲ့ရာမြို့ ဖြစ်ခဲ့ခြင်းကြောင့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည့် ဥရောပဟန် ကိုလိုနီခေတ်အဆောက်အအုံများစွာ ကျန်ရှိနေခဲ့ပြီး အဆိုပါ ရှေးအဆောက်အအုံများအနက်မှ အစိုးရရုံးတစ်ခုအဖြစ် အသုံးပြုနေသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲရုံး၏ အဆောက်အအုံသည်လည်း အပါအဝင်ဖြစ်ပေသည်။**

အဆိုပါ ကိုလိုနီခေတ်အဆောက်အအုံသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် အကွက်အမှတ်(၇၃၅) ၂၈ × ၇၀ လမ်းထောင့်တွင်ရှိပြီး အရှေ့မှ အနောက် အလျား ၂၉၂ ပေနှင့် တောင်မှမြောက် အနံ ပေ ၂၄၀ ထောင့်မှန်စတုဂံပုံ မြေကွက်ဖြစ်ကာ ဧရိယာအကျယ်အဝန်းမှာ ၁ ဒသမ ၆၅၃ ဧက ကျယ်ဝန်းပြီး သမိုင်းမှတ်တမ်းများအရ ယင်းမြေနေရာသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင် မြေအမည်ပေါက် ဂျူးလူမျိုး အင်နက်စီဂလီးယားရားထံမှ ငွေကျပ် ၃၇၀၀ ဖြင့် အစိုးရက ဝယ်ယူခဲ့သည်ဟု သိရှိရသော်လည်း ရုံးအဆောက်အအုံကို ဆောက်လုပ်ခဲ့သူ၊ ဆောက်လုပ်ခဲ့သည့် ခုနှစ်၊ ဆောက်လုပ်မှု ကုန်ကျစရိတ်တို့ကို အတိအကျ သိရှိနိုင်ခြင်းမရှိဘဲ ယင်းအထောက်အထားများမှာ ဒုတိယကမ္ဘာစစ်အတွင်း ပျောက်ဆုံးခဲ့သည်ဟု ယူဆရသည်။

လက်ရှိ ရုံးစိုက်လုပ်ကိုင်နေသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲရုံးသည် ယခင်က ကျောက်စာဝန် သီရိပျံချီဦးလူဖေဝင်း လက်ထက်တွင် ကမ္ဘည်းကျောက်စာရုံးတစ်ခုအဖြစ် ယခုကိုလိုနီခေတ်အဆောက်အအုံ မြေနေရာသို့ ဒါးတန်းရပ်နေရာမှ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ပြောင်းလဲဖွင့်လှစ်ခဲ့သည့် ကာလကို အတိအကျမသိရှိခဲ့သော်လည်း သိရှိခဲ့သူ ရှေးလူကြီးတချို့အား မေးမြန်းခဲ့ရာ ၁၉၄၅ ခုနှစ်ခန့်ကဟု သိရှိခဲ့ရသည်။

ထို့အပြင် မန္တလေးမြို့၌ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ခံခဲ့ရသည့် မြို့သူ မြို့သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် ရွှေမန်းအောင်စည် သတင်းစာထုတ်ဝေမှုကို ဦးလူဖေဝင်းအား တာဝန်ပေးအပ်ခဲ့သဖြင့် သတင်းစာတိုက်အဖြစ်လည်း သုံးနှစ်ကျော်ကြာ အသုံးပြုခဲ့သေးသည်။

အဆိုပါ အဆောက်အအုံ၏ တည်ဆောက်ထားမှုကို လေ့လာကြည့်ပါက နံကပ်အုတ်တိုက် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဥရောပပုံစံ အနောက်တိုင်းဟန်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ လူနေအိမ်အဖြစ်အသုံးပြုရန် ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ သံတမန်ရုံး (သို့) ဆေးရုံနှင့် ကိုလိုနီခေတ် အရာရှိများ တည်းခိုရာ ဗိုလ်တဲကဲ့သို့ အဆောက်အအုံမျိုး ဖြစ်နိုင်သည်ဟု ယူဆရသည်။

အဆောက်အအုံ တစ်ခုလုံးကို တိုင်မကြီးပေါင်း ၈၈ လုံးနှင့် မြေညီထပ်တွင် လူဝင်/လူထွက် ပြုလုပ်သည့်တံခါးမပေါင်း ၁၁ ခု၊ ပြတင်းပေါက် အခု ၂၀ ရှိပြီး ပထမထပ်တွင် တံခါးမပေါင်း ၁၁ ခု၊ ပြတင်းပေါက် ၁၇ ခုရှိကာ မြေညီထပ်တွင် အခန်းပေါင်း ရှစ်ခန်း၊ ပထမထပ်တွင် အခန်းပေါင်း ခြောက်ခန်း စုစုပေါင်း ၁၄ ခန်းနှင့် ၃၆ ပေရှည် ဝရန်တာ လျှောက်လမ်း တစ်ခု၊ ၁၀ ပေရှည် ဝရန်တာ လျှောက်လမ်း နှစ်ခုတို့ပါရှိသည်ကို တွေ့ရှိခဲ့ရသည်။

လျှပ်စစ်မီး သွယ်တန်းမှုစနစ်တွင် ယခုခေတ်ကဲ့သို့ ကြိုးပျောက်စနစ်ဖြစ်သည့် ပိုက်နှင့် ပလတ်စတစ်အဖုံးအကာများ အသုံးမပြုဘဲ အရွယ်အစားအမျိုးမျိုးရှိသော သစ်သားပြားများကို လျှပ်စစ်ကြိုး၏ အရွယ်အစားအလိုက် သစ်သားပြားများတွင် ထွင်း၍ နံရံတွင်ကပ်ကာ သွယ်တန်းထားခြင်းနှင့် ဝိုင်ယာရိန်းကလစ်ဖြင့် စနစ်တကျသွယ်တန်းထားသည်။

ထို့ပြင် အဆောက်အအုံအား ယခုခေတ်ကဲ့သို့ သွပ်၊ အုတ်ကြွပ်တို့ဖြင့် အမိုးမိုးခြင်း မပြုလုပ်ဘဲ သစ်သားပြားများကို အုတ်ကြွပ်ကဲ့သို့ မိုးထားသည့်အပြင် အဆောက်အအုံ၏ နံရံများသည် ထူထဲစွာဆောက်လုပ်ထားသည့်အတွက် ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရာသီဥတု အပူဒဏ်ကို ကောင်းမွန်စွာခံနိုင်သည်ကို တွေ့ရှိရပြီး လေပြင်းတိုက်ခတ်ပါက ဒဏ်ခံနိုင်စေရန်လည်း စနစ်တကျ တည်ဆောက်ထားရှိခဲ့သည်။

အဆိုပါ အဆောက်အအုံ တည်ဆောက်ခဲ့သည့်ကာလမှာ ၁၉၀၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် တည်ဆောက်ခဲ့သည့်အတွက် နှစ်ပေါင်း ၁၀၀ ကျော်ခန့် သက်တမ်းရှိနေပြီဖြစ်ကာ သာမန်လူနေအိမ်တို့ထက် ကြီးမားကျယ်ပြန့်နေသည်ကို ထူးခြားစွာ တွေ့မြင်ခဲ့ရသည်။

လက်ရှိအချိန်တွင် အဆောက်အအုံမှာ နှစ်ပေါင်းများစွာ သက်တမ်းရှိလာပြီဖြစ်သောကြောင့် သစ်သားများ၏ခံနိုင်ရည်မှာ ကုန်ဆုံးလာခဲ့ပြီး တိုင်များနှင့် ကြမ်းခင်းအချို့ဆွေးမြည့်၍ ကြံ့ခိုင်မှုအား နည်းလာခြင်းကြောင့် ရှေးဟောင်းဌာနအနေဖြင့် အဆောက်အအုံ၏ မြေညီထပ်ကိုသာ အသုံးပြုလျက်ရှိပြီး ရှေးဟောင်းကိုလိုနီခေတ် အဆောက်အအုံဖြစ်သည့်အတွက် ပျက်စီးယိုယွင်းမှုများကို ဘဏ္ဍာရေးနှစ်များအလိုက် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ကိုလိုနီခေတ် အဆောက်အအုံများ၏ ထူးခြားစွာတည်ဆောက်ဟန်များ၊ လှပသေသပ်သည့် ဗိသုကာလက်ရာများနှင့် သဘာဝရာသီဥတုနှင့် လိုက်လျောညီစွာ တည်ဆောက်ထားပုံများကို လေ့လာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**အောင်ရဲသွင်**

## ပြင်းအား ၄ ဒသမ ၅ အဆင့်ရှိ ငလျင်ငယ်တစ်ခုလှုပ်

**နေပြည်တော် ဇွန် ၂၂**

ဇွန် ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၃၃ မိနစ် ၂၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မုံရွာမြို့၏ အနောက်မြောက်ဘက် မိုင် ၆၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**



# သံတောင်ဒေသမှ သင်တန်းသားများ ပြင်ဦးလွင်ရှိ ကော်ဖီနည်းပညာ လာရောက်လေ့လာ

**ပြင်ဦးလွင် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီသီးနှံ ဌာနခွဲမှ ဦးစီးကျင်းပသည့် ကော်ဖီသီးနှံ စိုက်ပျိုးရေး မြေပြုပြင်ခြင်းနှင့် ကော်ဖီစိုက်ပျိုးခြင်း နည်းပညာ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇွန် ၂၂ ရက်က ပြင်ဦးလွင်မြို့ကော်ဖီနည်း ပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်ထွန်းနှင့် ပွေးတောင်ကော်ဖီခြံ တာဝန်ခံ ဒေါ်နန်းစိန်မြိုင်တို့က တက်ရောက်လာသော သင်တန်းသား သင်တန်းသူများကို ကော်ဖီစိုက်ပျိုးရာတွင်လိုအပ်သော မြေတိုင်းခြင်း၊ ပန္နက်ရိုက်ခြင်း၊ တွင်းတူးခြင်း၊ အပင်စိုက်ပျိုးခြင်းတို့မှစတင်၍ အပင်ပြုစုပျိုးထောင်ခြင်း၊ အသီးခူးခြင်း၊ ကြိတ်ခွဲထုတ်လုပ်သည်အထိ လုပ်ငန်းအဆင့်ဆင့်တို့ကို သရုပ်ပြရှင်းလင်းပြီး သင်တန်းသားများ သိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။ **(ဓါတ်ပုံ)**

သရုပ်ပြပွဲသို့ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသတွင်းရှိ ကော်ဖီစိုက်တောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးကုမ္ပဏီများမှ ဝန်ထမ်းများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကိုရီးယားခါနန်တောင်သူလယ်သမား သင်တန်းကျောင်းတွင် တက်ရောက်သင်ကြားလျက်ရှိသော သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၀ လာရောက်လေ့လာခဲ့ကြသည်။

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီသီးနှံသည် အဓိကစိုက်ပျိုးသီးနှံများထဲ၌ တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံပိုင်ကော်ဖီခြံ လေးခြံ၊ ပုဂ္ဂလိကကော်ဖီခြံ ၇၀ ခန့်ရှိပြီး ကော်ဖီသီးနှံကို မြေဧကပေါင်းများစွာ စိုက်ပျိုး၍ နှစ်စဉ်နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ သေနတ်လုယူစဉ် ကျည်ပေါက်ထွက်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားအနီး၌ ဇွန် ၂၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က လူရှစ်ဦး၏ အနှောင့်အယှက်ခံရသူ လေးဦး ဗလမင်းထင်တံတားလုံခြုံရေးဂိတ် (စီတာပူ) ဘက်ခြမ်းသို့ ရောက်ရှိလာကာ လုံခြုံရေးယူထားသည့် နယ်မြေခံတပ်ကို အကူအညီ တောင်းခံခဲ့ခြင်းအပေါ် လိုက်ပါပို့ဆောင်ပေးသည့် စစ်သည်နှစ်ဦးအား သေနတ်လုယူခဲ့စဉ် ကျည်ပေါက်ထွက်ပြီး မောင်ဂွမ်ဆိုင်းအောင် သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယနေ့ နေ့လယ်ပိုင်းတွင် ပြည်နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။(ယာပုံ)

သတင်းစာရှင်းလင်းပွဲ၌ ရဲမှူးကြီး ထွန်းဦးက ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားကာ စစ်သည်များအား ဝိုင်းဝန်းထိုးကြိတ်ပြီး လက်နက်လုယူရာတွင် ပါဝင်ခဲ့သည့် ထွက်ပြေးသွားသော လူငယ် ခုနစ်ဦးအား ဥပဒေအရ စုံစမ်းဖော်ထုတ် အရေးယူနိုင်ရန်၊ ဖြစ်စဉ်တွင်ပါဝင်သည့် စစ်သည်နှစ်ဦးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေ၊ ဖြစ်စဉ်အမှန်အား သိရှိပြီး မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းဌာနများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ (PCG)မှ ဦးလမိုင်ဂွန်ဂျာနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနား တက္ကသိုလ် ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင် ဦးထွန်းအောင်ကျော်နှင့် အဖွဲ့ဝင်များ၊ သေဆုံးသူ မောင်ဂွမ်ဆိုင်းအောင်၏ မိသားစုဝင်များ၊ သတင်းဌာနအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(မြဝတီ)**





**အစိုးရသစ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) ပါဝင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ (၁၃)ကြိမ်မြောက် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပစဉ်**
ဓာတ်ပုံ -ဖိုးထောင်

✲ ကျောဖုံးမှ

တွေ့ဆုံဆွေးနွေးထားတဲ့ လုပ်ငန်းစဉ်တွေကိုတော့ ဒေါက်တာမင်းဇော်ဦးက လာရောက်ရှင်းလင်း ပြောကြားထားတဲ့ အချက်တွေရှိပါတယ်။ ၂၁ ရာစု ပင်လုံပြုလုပ်ကျင်းပတာနဲ့ တကွ CSO ဖိုရမ်ကျင်းပဖို့ ကျွန်တော်တို့ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်ထားရမယ်။ ကျွန်တော်တို့က ဘယ်လိုပုံစံနဲ့ ပါဝင်နိုင်မလဲ၊ ကျွန်တော်တို့အခန်းကဏ္ဍက ဘာတွေလဲဆိုတာကို ဆွေးနွေးကြတာဖြစ်ပါတယ်''ဟု ပြောသည်။

ဆက်လက်၍ ၎င်းက ''ဒုတိယရက်ကတော့ လက်ရှိငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး စာချုပ်တွေ အပေါ်မှာ လေးစားလိုက်နာမှုရှိမရှိနဲ့ ပူးတွဲစောင့်ကြည့်ရေးကော်မတီရဲ့ အခန်းကဏ္ဍတွေကို အတိအကျသိဖို့လိုတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပြည်ထောင်စုအဆင့် (JMCU) က အလှည့်ကျ ဒုတိယဥက္ကဋ္ဌ(၂) ဖြစ်တဲ့ ဦးကိုကိုကြီးကို ကျွန်တော်တို့က ရှင်းလင်းခိုင်းပါတယ်။ နှစ်ရက်တာရဲ့ ဆွေးနွေးမှုရလဒ်တွေကို သက်ဆိုင်ရာတွေကို တင်ပြမှာဖြစ်ပါတယ်''ဟု ဆိုသည်။

(၁၃) ကြိမ်မြောက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ တစ်နိုင်ငံလုံးအတိုင်းအတာအလိုက် CSOs များ လုပ်ဆောင်နေမှုများအား စုစည်းတင်ပြနိုင်ခဲ့ကြောင်း အဆိုပါဖိုရမ်မှ သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်(CSFoP) လုပ်ငန်းကော်မတီဝင် ဦးသွင်လင်းအောင်က ''အစိုးရသစ်လက်ထက်မှာတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် စပြောလာတဲ့ ၂၁ ရာစု ပင်လုံညီလာခံနဲ့အပြိုင် အရပ်ဘက်လူမှုအဖွဲ့အစည်း ဖိုရမ်ကိုကျင်းပဖို့စပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံနဲ့အပြိုင် ကျွန်တော်တို့ CSO ဖိုရမ်လုပ်ဖို့ဆိုတာက အချိန်ကတော့ ကျွန်တော်တို့အတွက် ဖိအားဖြစ်တယ်။ တစ်ဖက်မှာလည်း ၂၁ ရာစုပင်လုံကို ဩဂုတ်လမှာ စမယ်ဆို ဒီဘက် CSO ဖိုရမ်မှာလည်း ပြည်သူလူထု ရဲ့ကဏ္ဍစုံပါဝင်ဖို့တစ်ခု ဖိုရမ်ကျင်းပဖို့အတွက် အသံတွေစုဖို့အတွက် စည်းမျဉ်းစည်းကမ်း (TOR) တွေ ဆွဲဖို့ကတစ်ခုဆိုတော့ အဲဒီဖိအားတွေတော့ ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ အနည်းဆုံး မှန်းတာက ၂၁ ရာစုပင်လုံမစခင် အဲဒီစည်းမျဉ်း စည်းကမ်းတွေ ကျွန်တော်တို့ ဆွဲနိုင်မယ်လို့ ယုံကြည်တယ်။ ၂၁ ရာစုပင်လုံ ညီလာခံသည်ပင် တစ်ကြိမ်တည်းနဲ့ ပြီးမှာမဟုတ်တော့ ကျွန်တော်တို့ ဖိုရမ်တွေ လိုဟာတွေကတော့ ဆက်ပြီးလုပ်သွားရမယ်လို့ယူဆတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာ တစ်ချိန်က လူထုခေါင်းဆောင်အဖြစ် လူထုဘက်က ရပ်ခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် လူထုကောင်းအောင် လုပ်ဆောင်သွားမယ်လို့ ယုံလည်းယုံကြည်တယ်။ မျှော်လည်းမျှော်လင့်ပါတယ်''ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတွင် CSOs ပါဝင်ဆောင်ရွက် မည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအတွက် နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် အဓိကကဏ္ဍငါးခုပါဝင်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍမပါဝင်ဘဲကျန်သည့် ကဏ္ဍသုံးခုတွင် CSO များကိုအလေးထားပြီး ပါဝင်ဆွေးနွေးရန် အကြမ်းဖျင်း စဉ်းစားထားကြောင်း အဆိုပါ ဖိုရမ်မှ သိရသည်။

မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးကဏ္ဍအရေးကြီးသည်နှင့်ပတ်သက်၍ Myanmar Political Analyst မှ ဦးရန်ကျော်က ''ငြိမ်းချမ်းရေးကို မနက်ဖြန်ရရင် မနက်ဖြန်လိုချင်တာပေါ့။ မြန်မြန်ရလေ ကောင်းလေပဲ။ ငြိမ်းချမ်းရေးမှာ ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် လုပ်နေတာ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆို အဲ့ဒီနိုင်ငံက နိုင်ငံရေးတည်ငြိမ်မှုရှိရမယ်။ နိုင်ငံရေးတည်ငြိမ်ဖို့ဆိုရင် အပစ်အခတ်မရှိရဘူး။ ပဋိပက္ခမရှိရဘူး။ နိုင်ငံရေး မတည်ငြိမ်ရင် အဲ့ဒီတိုင်းပြည် တစ်သက်လုံး မကြီးပွားဘူး။ ဒါတွေက ကွင်းဆက်တွေပါ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကဏ္ဍငါးခုမှာ ကျွန်တော်တို့က စီးပွားရေး၊ လူမှုရေး၊ မြေယာနဲ့သဘာဝပတ်ဝန်းကျင်မှာပါတယ်ဆိုပေမယ့် တိတိကျကျ ထွက်မလာသေးဘူး။ တိတိကျကျထွက်လာမှ သိရမှာပေါ့။ အခုချိန်ထိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တော့ မတွေ့ရသေးပါဘူး''ဟု ပြောသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရခြင်း၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဖြစ်စဉ်အား ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန်၊ လူထုအခြေပြုအဖွဲ့အစည်းများ ဦးဆောင်သည့် ဆွေးနွေးပွဲများ ပေါ်ပေါက်လာရေးနှင့် ကျယ်ပြန့်လာရေးဖြစ်ပြီး ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဖြစ်စဉ်တွင် ပါဝင်သည့် လူထုအခြေပြုအဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာစေရန်၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဖြစ်စဉ်တွင် လူထုအခြေပြု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန်၊ လူထုအခြေပြု ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အောက်ခြေလူထုနှင့် လူထုအခြေပြုအဖွဲ့အစည်းများ ပိုမိုထိရောက်စွာပါဝင်နိုင်ရန်နှင့် အရည်အသွေးမြှင့်တင်ပေးနိုင်ရန် ဖြစ်ကြောင်း ထုတ်ပြန်ချက်များအရသိရသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်သည်။



မရန်ဂျော်ဂွန်း



ဦးသွင်လင်းအောင်



ဦးရန်ကျော်

နိုင်ငံတကာသတင်း

## မိုးကြိုးပစ်မှုနှင့် မိုးနှင့်ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် အိန္ဒိယနိုင်ငံ၌ လူ ၁၀၀ ထက်မနည်းသေဆုံး

**ဂျေတီ**

**နယူးဒေလီ ဇွန် ၂၂**

အိန္ဒိယနိုင်ငံ ဘီဟာ၊ ဂျဟာခန်နှင့် အူတာပရာဒေ့ရှ်စသည့် ပြည်နယ်သုံးခု၌ ညတွင်းချင်းဖြစ်ပွားသော မိုးကြိုးပစ်မှုများကြောင့် လူ ၁၀၀ ထက်မနည်းသေဆုံးပြီး အစုလိုက်အပြုံလိုက် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနဖြစ်သည့် အောလ် အိန္ဒိယရေဒီယိုက ယနေ့ကြေညာသည်။

သေဆုံးမှုများမှာ မိုးကြိုးပစ်မှုနှင့်မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။ သေဆုံးမှုဦးရေမှာ ဘီဟာပြည်နယ်တွင် ၅၆ ဦး၊ အူတာပရာဒေ့ရှ်ပြည်နယ်တွင် လူ ၄၀ နှင့် ဂျဟာခန့်ပြည်နယ်တွင် လေးဦးအထိမြင့်တက်လာခဲ့ကြောင်း အသံလွှင့်ဌာနက ကြေညာသည်။

မိုးကြိုးပစ်မှုကြောင့် ပတ္တနာ၊ ရိုတာ့စ်၊ ကိုင်မူရ်၊ အော်ရန်ဂဘတ်နှင့်ဘူဇာခရိုင်စသည်ဖြင့် ဘီဟာပြည်နယ်ရှိ နေရာအမြောက်အမြားကို ထိခိုက်သွားပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးဝါးကုသမှုခံယူရန် ဒေသဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ မိုးကြိုးပစ်မှုဒဏ်ခံခဲ့ရသောဒေသများရှိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို တွက်ချက်ရန် တာဝန်ရှိ သူများက လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အူတာပရာဒေ့ရှ်ပြည်နယ်ရှိသေဆုံးသူများမှာ ဗာရာနာဆီ၊ အာဇမ်းဂါ့၊ ဘာစတီနှင့် ဂိုရာ့ခ်ပူးရ်ဒေသများမှဖြစ်ပြီး ဂျဟာခန့်ပြည်နယ်အတွင်း သေဆုံးသူ လေးဦးမှာ ချာတရာခရိုင် ဟာလ်ဒီယာတန့်ဒေသရှိ မိသားစုတစ်စုမှဖြစ်ပြီး ဒဏ်ရာရရှိသူ အခြားလေးဦးကို ဆေးဝါးကုသမှုခံယူရန် ချာတရာဆာဒါပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မိုးကြိုးဒဏ်သင့်ဒေသများရှိ အာဏာပိုင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး မိုးကြိုးဒဏ်သင့်ပြည်သူများအား အကူအညီနှင့် နစ်နာကြေးများပေးဆောင်ရန် ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ယင်းဖြစ်စဉ်နှင့်ပတ်သက် ၍ ပူပန်သောကခံစားမိပါကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၂၂**

ကချင်၊ ချင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ ဆေးပညာသင်ကြားမှုထိရောက်ထက်မြက်မှုရှိစေရေး ဆေးပညာသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ သတင်း ဒုတိယအပိုဒ်မှ သွားဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) **အစား** ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်း)**

# မြန်မာ့အာမခံလုပ်ငန်းတိုးတက်ရေး ရောမြန်မာအာမခံနှင့် ဂျပန်အာမခံကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဇွန် ၂၂**

မြန်မာ့အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး AYA Myanmar Insurance နှင့် Sompo Japan Nipponkoa Insurance Inc. တို့၏ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ Novotel Yangon Max ဟိုတယ် ပုသိမ်ခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ အခုလို နှစ်နိုင်ငံ ပူးပေါင်းဖြစ်တာကတော့ ဘဏ်လုပ်ငန်းတွေကနေ ငွေသားလုံခြုံမှုပေးတယ်။ ဒါပေမယ့် အာမခံလုပ်ငန်းကတော့ မျှော်လင့်မထားတဲ့ ဆုံးရှုံးမှုတွေအတွက် လုံခြုံစေပါတယ်။ အစိုးရသစ် အပြောင်းအလဲကာလမှာ အာမခံလုပ်ငန်းဖွံ့ဖြိုးလာဖို့ဆိုတာ ကျွန်တော်တို့ အာမခံလုပ်ငန်းတစ်ခုတည်းမဟုတ်ဘဲ မြန်မာ့အာမခံ၊ တခြား အာမခံလုပ်ငန်းတွေအတွက်ပါ ရည်ရွယ်ပြီး လုပ်ဆောင်တာပါ။ ပြောရရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အာမခံလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့လိုပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်မှုကနေ အာမခံလုပ်ငန်းဖွံ့ဖြိုးဖို့ အဓိကကျတဲ့ ဝန်ထမ်းတွေရဲ့ အရည်အချင်းကို မြှင့်တင်နိုင်မယ့်သင်တန်းတွေ ဖြည့်ဆည်းပေးနိုင်မယ်။ ပြည်သူလူထုကိုလည်း အာမခံနဲ့ပတ်သက်တဲ့ အမြင်သစ်တွေကို ချပြနိုင်အောင် ဆောင်ရွက်သွားမှာပါ" ဟု နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအပေါ် ရောမြန်မာအာမခံမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းသူက ပြောသည်။

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ရောမြန်မာအာမခံမှ တာဝန်ရှိသူများ၊ Sompo Japan Nipponkoa Insurance Inc. မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး Sompo Japan Holding မှ Managing Executive Officer ဖြစ်သူ Mr. Nubuhiro Kojima က လက်မှတ်ရေးထိုးရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။




AYA Myanmar Insurance မှ **တာဝန်ရှိသူများနှင့် ဂျပန်သံအမတ်ကြီးတို့ နှစ်ဖက်လက်မှတ်ရေးထိုးပြီးတွေ့ရစဉ်**

ထို့နောက် တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး AYA Myanmar Insurance ၏ ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြည်ပအာမခံကုမ္ပဏီနှင့်ပူးပေါင်းမှုသည် မြန်မာနိုင်ငံ၏ အာမခံလောကတွင် ရောမြန်မာအာမခံအနေဖြင့် ပထမဦးဆုံးအကြိမ်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ AYA Myanmar Insurance အနေဖြင့် ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်း ပြည်တွင်းအာမခံလုပ်ငန်း၌ အသိပညာများ၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးလာမည့်အပြင် သတင်းအချက်အလက်များပူးပေါင်းဖလှယ်၍ အာမခံလုပ်ငန်းတိုးတက်ရေး ရှေးရှုလုပ်ဆောင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်**

**ဓာတ်ပုံ- မိုးမခ**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မကွေးတိုင်းဒေသကြီး၌ ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း

**မကွေး ဇွန် ၂၂**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းပွဲကို မကွေးမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့တာဝန်ရှိ သူများ၊ BFMမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး BFMမှ ဒေါ်ရူပါဝင်း (ဒုတိယအထွေထွေမန်နေဂျာ) က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုထံ အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။**(အောက်ဝဲပုံ)**



အလှူငွေပေးအပ်ပွဲတွင် BFM မှ ဒေါ်ရူပါဝင်းက BFM ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ယမန်နှစ်က ရေကြီး၊ ရေလျှံ၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားချိန်အတွင်း BFMအနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတ အဖွဲ့များနှင့် အလှူရှင်များအနေဖြင့်သော်လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြရပြီး လမ်းပန်း ဆက်သွယ်ရေးပြတ်တောက်ကာ ဝေးလံခေါင်သီသောအချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေး ကြန့်ကြာမှုများ ကြုံတွေ့ခဲ့ကြရကြောင်း၊ ယင်းအတွေ့အကြုံတို့ကို အခြေခံ၍ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းမှုအတွက် တိုင်းဒေသကြီး ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ကြောင်း ၊ ယခုအလှူငွေများအား သက်ဆိုင်ရာ ပြည်သူများထံသို့ ထိထိရောက်ရောက်နှင့် အလေအလွင့်မရှိ ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် မိုးလေဝသပညာရှင်များက ယခုနှစ်ဆောင်းရာသီ ၌ မြန်မာနိုင်ငံတွင် လာနီညိုရာသီဥတုဖြစ်ပေါ်၍ အအေးလွန်ကဲနိုင်ကြောင်း ကြိုတင်ခန့်မှန်းတွက်ချက်ထားသည်။

ထို့အတွက်ကြောင့် အအေးလွန်ကဲမှုဒဏ်ကို ပိုမိုခံစားရနိုင်သည့်ဒေသများမှ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ မိဘမဲ့ အမျိုးသမီးဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ တိုက်ပွဲရှောင်စခန်းများရှိ တိုင်းရင်းသား ပြည်သူများနှင့် ဒေသခံပြည်သူများအတွက် အအေးဒဏ် ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါ အနွေးထည် ၁၂၀၀၀ ကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှတစ်ဆင့် တိုက်ရိုက်မှာယူ၍အချိန်မီ လှူဒါန်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတိုင်းတွင် ငွေအား၊ လူအားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၁၇ ရက်တွင် ရခိုင်ပြည်နယ်အတွက်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချင်း ပြည်နယ်အတွက်လည်းကောင်း အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်ရည်ရွယ်၍ အလှူငွေကျပ် သိန်းတစ်ထောင်စီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**၂၁-၆-၂၀၁၆ ရက်မှအဆက်**

**ရန်ကုန် ဇွန် ၂၂**

**ပန်းချီမူလတန်းအဆင့်**ပြိုင်ပွဲတွင် မရွှန်းသစ်သစ်ဦး အမက(၄) နန်းရှေ့ မန္တလေးက ပထမ၊ မောင်မြတ်ထူးခန့် ကောင်းစုံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာက ဒုတိယနှင့် မောင်အောင်ကောင်းခန့် အထက(၁၂) မော်လမြိုင်က တတိယ ဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းဟိဏ်းခန့် အထက(၁) မုဒုံ၊ မောင်ကိုကိုချစ် အထက(၁)ဒဂုံနှင့် မမေပန်းချီ အထက(ခွဲ) လ(၁) ပုသိမ်တို့က ဆုများအသီးသီးရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ဘုန်းပြည့်ကျော် အထက(၂)သန်လျင်က ပထမ၊ မောင်မြင့်မြတ်ထွန်းနိုင် အထက(၄) သန်လျင်က ဒုတိယနှင့် မခိုင်နှင်းသက် အထက(၂) စမ်းချောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ဘုန်းခန့် အထက(၄) လှိုင်၊ မောင်မင်းခန့်ကျော် ထ-ခွဲ လ(၅) လားရှိုးနှင့် မောင်နောင်နောင်မင်းသန့် အမက(၂)မူလွန် လှိုင်မြို့နယ်တို့က ဆုများအသီးသီးရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မနေခြည်မြင့်မြတ်နိုင် အထက(၂) သန်လျင်က ပထမ၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်စောဆောင်းဆည်းဆာ အထက ကျုံပျော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စောလထက်သာ Tip Top Education Center ကိုယ်ပိုင်အထက်တန်းကျောင်း သန်လျင်၊ မဖြူဖြူကျော် ထ- ခွဲ လ(၅) လားရှိုးနှင့် မောင်ရဲမြတ်မင်း အထက (၁၆) ချမ်းအေးသာစံတို့က ဆုများအသီးသီးရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်** ပြိုင်ပွဲတွင် မအိအိတုံ အမက(၂၀) ပုသိမ်က ပထမ၊ မမေပန်းချီ ထ- ခွဲ လ (၁) ပုသိမ်က ဒုတိယနှင့် မယွန်းဝတီ မြန်မာ့ပညာရေး အောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း မင်္ဂလာဒုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စိုင်းသော်ဇင်ကို မြို့မ အလက(ခွဲ) တောင်ငူ မြို့၊ မောင်အာကာဟိန်း အထက(၂) ကျောက်တန်းနှင့် မစုအိမ့်နဒီ အမက(၃) ဗိုလ်တထောင်တို့က ဆုများအသီးသီးရရှိကြသည်။

**ကာတွန်း အလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မနှင်းအိဝင့်လွှာ အထက(ခွဲ) လ(၁) ပုသိမ်က ပထမ၊မစန္ဒကူးဇော် အထက(၂)ကျောက်တန်းက ဒုတိယနှင့် မောင်ကျော်ခန့်သူ အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဖူးပြည့်စုံအောင် မြို့မမူလွန် တောင်ငူ၊ မဖြိုးမြင့်သူ ပင်မကိုယ်ပိုင်အထက်တန်းကျောင်း ချမ်းအေးသာစံနှင့် မကြည်ဖြူသန့် အထက(၇) တောင်ငူတို့က ဆုများအသီးသီးရရှိကြသည်။

**ကာတွန်းအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မသက်ထားဆွေ အထက(၁) ဒဂုံက ပထမ၊ မောင်မြင့်မိုးအောင် အထက (၆) ပုသိမ်က ဒုတိယနှင့် မောင်သူရဟိန်း အထက(၂) ကျောက်တန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မယမင်းသူ အထက(၁) တောင်ငူ၊ မဝင့်ဝါအောင် အထက(ခွဲ)စက်ရုံ မြိုင်ကလေးကျေးရွာ ဘားအံနှင့် မကြေးငုံညို အထက(၁) စစ်ကိုင်းတို့က ဆုများအသီးသီးရရှိကြသည်။

**ပိုစတာ မူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်အောင်ဖြိုးဇော် အထက(၂) ကျောက်တန်းက ပထမ၊ မနှင်းနန္ဒာအေး အမက(နမီးစု) မိုးညှင်းက ဒုတိယနှင့် မောင်နန္ဒကြယ်စင် အမက(၂၀) ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်အာကာဟိန်း အထက(၂) ကျောက်တန်း၊ မမဒီခြိမ့် အထက(၃) ပဲခူးနှင့် မရွှန်းသစ်သစ်ဦး အမက(၄)နန်းရှေ့မန္တလေးတို့က ဆုများအသီးသီး ရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ရဲမင်းခန့် အထက(၂) ကျောက်တန်းက ပထမ၊ မောင်ကျော်ခန့်သူ အထက(၁) ဒဂုံက ဒုတိယနှင့် မယဉ်မြင့်မြတ်အောင် အထက ရေတာရှည် ပဲခူးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုမြတ်ဖြိုး အထက(၃) ဒဂုံမြောက်၊ မထက်ရတီအောင် အမက (၃) မူလွန် နေပြည်တော်နှင့် မောင်ပြည့်ပြည့်မြင့်ထက် အထက(၁) ပြည်တို့က ဆုများအသီးသီးရရှိကြသည်။

**ပိုစတာ အထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်သူရဟိန်း အထက(၂)ကျောက်တန်းက ပထမ၊ မောင်ရန်ဟိန်းအောင် အထက(၂) ဇဟန်းက ဒုတိယနှင့် မဆုလတ်ရွှေရည်ဇော် Yangon Advertist Seminary ရန်ကုန် မျှော်လင့်ခြင်းကျမ်းစာကျောင်း ဇဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမြဝတ်ရည် အထက(၃) ဒဂုံမြောက်၊ မသက်ထားဆွေ အထက(၁) ဒဂုံနှင့် မချောအိခ် The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း ဒဂုံမြောက်တို့က ဆုများအသီးသီးရရှိကြသည်။

**ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်သူသူမွန် အထက(၈) မော်လမြိုင်က ပထမ၊ မဖူးသစ်ဟေမာန်မျိုးဝင်း အထက(၈) မော်လမြိုင်က ဒုတိယနှင့် မရွှေရည်ပပဖြိုးအထက(၁၄) မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မစုပြည့်သွယ် အထက(၇) ပဲခူး၊ မောင်ဟန်ထူးအောင် အထက(၁) ဒဂုံနှင့် မကြယ်စင်နှင်း လေ့ကျင့်ရေးကျောင်း တောင်ငူတို့က ဆုများအသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့် ပြိုင်ပွဲတွင် မောင်ခန့်ဇော်နိုင် အထက(၁) ရေးက ပထမ၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မနန်းရွက်ဟွမ်မိန်း EC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း တာမွေက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မနေခြည်သင်း ထ-ခွဲ လ(၄) မော်လမြိုင်၊ မောင်ရဲမြတ်မင်း အထက(၁၆) မန္တလေးနှင့် မောင်အောင်မင်းအောင် အထက(၁) ဘားအံတို့က ဆုများအသီးသီးရရှိကြသည်။

**(သတင်းစဉ်)**



ဇွန် ၂၂ ရက်က တိုကျိုရှိကာကွယ်ရေးဝန်ကြီးဌာန၌ ဂျပန်ကာကွယ်ရေးဝန်ကြီး ဂန်နာဂါတာနီ မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားနေစဉ်။

# မြောက်ကိုရီးယား၏ ဒုတိယမြောက်ဒုံးကျည်စမ်းသပ်မှု ကီလိုမီတာ ၄၀၀ အထိ ပစ်လွှတ်နိုင်

**ပြုံယမ်း ဇွန် ၂၂**
မြောက်ကိုရီးယားသည် ဗုဒ္ဓဟူးနေ့က ဒုတိယအကြိမ်မြောက် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့ရာ ကီလိုမီတာ ၄၀၀ ခန့်အထိရောက်ရှိခဲ့ကြောင်း၊ ယင်းအကြိမ်သည် အထိရောက်ဆုံးဖြစ်ခဲ့ပြီး နာရီပေါင်းများစွာအကြာ အခြားစမ်းသပ်မှုများ မအောင်မြင်ကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာက ပြောသည်။

ပထမအကြိမ်စမ်းသပ်ပြီး နှစ်နာရီခန့်အကြာ ဒုတိယမြောက်စမ်းသပ်မှုမှာ အောင်မြင်မှုရှိ၊ မရှိမသိရပေ။ ပစ်လွှတ်နိုင်သည့် အကွာအဝေးမှာ ဂျပန်နိုင်ငံ၏ အဓိက ဟွန်ရှူကျွန်းအနောက်တောင်ကမ်းရိုးတန်းဆီသို့ ထက်ဝက်ကျော်အတိုင်းအတာထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပထမအကြိမ်စမ်းသပ်ပစ်ခတ်မှုမှာ ဝန်ဆန်မြို့တော် အရှေ့ဘက်ကမ်းရိုးတန်းမှဖြစ်ကြောင်း တောင်ကိုရီးယားက ပြောသည်။ စမ်းသပ်ပစ်လွှတ်စဉ် ကီလိုမီတာ ၁၅၀ (၉၅ မိုင်ခန့်) အရောက်တွင် လေထဲ၌ တစ်စစီဖြစ်သွားကြောင်း ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။
**(ရိုက်တာ)**

# စစ်မက်နှင့်ရောဂါဖြစ်ပွားမှုများကြောင့် တစ်ကမ္ဘာလုံးတွင် မုဆိုးမအရေအတွက်မြင့်တက်လာ

**လန်ဒန် ဇွန် ၂၂**
ကမ္ဘာတစ်ဝန်းသန်းပေါင်းများစွာသော မုဆိုးမဖြစ်သူများမှာ ဆင်းရဲနွမ်းပါးမှုဒဏ်နှင့်နှောင့်ယှက်ခံရမှုများ ခံစားနေကြရပြီး အများစုမှာ ခိုကိုးရာမဲ့ဖြစ်ကာ ယောက္ခမဆွေမျိုးသားချင်းများ၏ နှိပ်စက်မှုတို့ကို ခံစားနေရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ဇွန်လ ၂၃ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မုဆိုးမများနေ့တွင် ၎င်းတို့ခံစားနေရသော မတရားမှုများအတွက် အသိပညာပေးရေးမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ခန့်မှန်းခြေအရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရွယ်ရောက်ပြီးသော ကလေးများအပါအဝင် ၅၈၄ ဒသမ ၆ သန်းနှင့်အတူ ခင်ပွန်းသည် သေဆုံးသူအမျိုးသမီးအရေအတွက် ၂၅၈ ဒသမ ၅ သန်းရှိကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်ကတည်းက ပဋိပက္ခများနှင့်ရောဂါဖြစ်ပွားမှုများကြောင့် သေဆုံးမှုများအတွင်း မုဆိုးမအရေအတွက်မှာ ကိုးရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ အဆိုးဆုံးမှာ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းဒေသတို့တွင်ဖြစ်ပြီး ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း ၂၄ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ ဆီးရီးယားစစ်ပွဲနှင့်အခြားပဋိပက္ခများကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။
**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံမှဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တု ၂၀ ကို အောင်မြင်စွာ လွှတ်တင်

**နယူးဒေလီ ဇွန် ၂၂**
ဗုဒ္ဓဟူးနေ့က အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆရီဟာရီကိုတာ အာကာသစင်တာမှ (PSLV) အမည်ရှိ ဒုံးပျံတစ်စင်းက ဂြိုဟ်တု ၂၀ ကို လွှတ်တင်နိုင်ခဲ့သည်ဟု ယင်းအာကာသစခန်းအရာရှိများက ပြောသည်။ ဂြိုဟ်တုများတွင် အိန္ဒိယနိုင်ငံ၏ မြေပြင်စူးစမ်းလေ့လာရေးဂြိုဟ်တု၊ ဂူဂဲလ်ကုမ္ပဏီမှ ဂြိုဟ်တုတစ်ခုအပြင် အခြားဂြိုဟ်တု ၁၈ လုံး ပါဝင်သည်။

PSLV ဒုံးပျံသည် ၄၄ ဒသမ ၄ မီတာရှည်ပြီး တန် ၃၂၀ လေးသည်။ ယင်းဒုံးပျံကို နံနက် ၉ နာရီ ၂၆ မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ဂြိုဟ်တု ၂၀ ၏အလေးချိန်မှာ ၁၂၈၈ ကီလိုဂရမ်လေးသည်။ လွှတ်တင်မှုအစီအစဉ် အစအဆုံးမှာ ၂၆ မိနစ်ကြာမြင့်ပြီး လွှတ်တင်မှုအောင်မြင်သည်ဟု အာဏာပိုင်များက ပြောသည်။

မြေကမ္ဘာလေ့လာရေးဂြိုဟ်တုမှ မြေပုံဆွဲခြင်း၊ ကျေးလက်၊ မြို့ပြနှင့် ကမ်းရိုးတန်းဒေသများကို လေ့လာနိုင်ခြင်း၊ ရေဖြန့်ဝေခြင်းတို့အတွက် အကျိုးရှိကြောင်း ဒေသတွင်းမီဒီယာတစ်ခုဖြစ်သည့် အင်ဒို-အာရှသတင်းဌာနက ပြောသည်။

ဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တု ၂၀ လွှတ်တင်နိုင်ခဲ့ခြင်းမှာ အိန္ဒိယအာကာသလေ့လာရေးအဖွဲ့အစည်းအတွက် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း ယခင်က ဂြိုဟ်တု ၁၀ လုံးခန့်သာလွှတ်တင်ခဲ့ဖူးကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ယောဂကျင့်စဉ်အတွင်းပါဝင်ခဲ့သည့် တရုတ်လူမျိုးများကို မိုဒီကျေးဇူးတင်



**ပေကျင်း ဇွန် ၂၂**
အပြည်ပြည်ဆိုင်ရာယောဂနေ့တွင် ယောဂကျင့်စဉ်ကိုပါဝင်ဆင်နွှဲခဲ့ကြသော တရုတ်လူမျိုးများကို ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကကျေးဇူးတင်စကားပြောခဲ့သည်။

"တရုတ်နိုင်ငံတစ်ဝန်းလုံး အပြည်ပြည်ဆိုင်ရာယောဂနေ့ကို ကျင်းပခဲ့တယ်။ ဒီအခမ်းအနားမှာ ပါဝင်ဆင်နွှဲကြတဲ့သူတွေကို ကျေးဇူးတင်ရှိပါတယ်" ဟု ၎င်းကတရုတ်ဘလော့ဂ်ဝေဘို (Weibo) စာမျက်နှာတွင် ရေးသားခဲ့သည်။ ယောဂကျင့်စဉ်၏ အကျိုးကျေးဇူးများကိုဟောပြောခဲ့သော ချန်ဒီဂတ်မြို့၌ယောဂနေ့အစီအစဉ်ကို ချိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြီးခဲ့သောနှစ်က တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီးနောက် မိုဒီက ဝေဘိုစာမျက်နှာတွင် ထောက်ခံအားပေးသူ မြောက်မြားစွာရှိကြောင်း ဆိုသည်။ နောင်နှစ်ပေါင်းများစွာကြာသည့်အခါ တရုတ်နိုင်ငံတွင် ယောဂကျင့်စဉ်သည် နာမည်ကြီး လူသိများလာမည်ဖြစ်ကြောင်း သိရသည်။ ရှန်ဟိုင်းနှင့် ဂွမ်ဇူးတို့ရှိ အိန္ဒိယသံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့တွင် ယောဂစင်တာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားရှိကြောင်း ပီတီအိုင်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။
**(ပီတီအိုင်)**

# တရုတ်နိုင်ငံ အရှေ့ဘက်တွင် ရေကြီး

**ပေကျင်း ဇွန် ၂၂**
ဇွန် ၂၀ ရက်က တရုတ်နိုင်ငံ အရှေ့ပိုင်း ဂျင်စီဒေသ ပိုရန်စီရင်စု ကျန်းရှူမြို့နယ် မဟူရွာတွင် ရေကြီးမှုများကြောင့် ဆည်မြောင်းများ ရေလျှံမှု ဖြစ်ပေါ်ခဲ့ရာ စေတနာ့ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များက ဆည်မြောင်းနံရံများကို သဲအိတ်များဖို့ကာ ရေလွှမ်းမိုးမှုမရှိအောင် ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထို့အတူ ချန်ကျင်းမြစ်ရေလျှံမှုကြောင့် လူပေါင်း ၅၆၀၀နှင့် စိုက်ပျိုးမြေကေပေါင်း ၆၆၇ ဟက်တာရေဘေးခံစားခဲ့ရကြောင်း သိရသည်။
**(ဆင်ဟွာ)**

# အိန္ဒိယ၌ မိုးကြိုးပစ်ခံရ၍ လူ ၇၉ ဦးသေဆုံး

**ဘီဟာ ဇွန် ၂၂**
အိန္ဒိယနိုင်ငံရှိ ပြည်နယ်များဖြစ်သည့် ဘီဟာပြည်နယ် ဂျာခန်းနှင့် မက်ဟာပရာဒေ့ရှ်ပြည်နယ်တို့၌ မိုးကြိုးပစ်မှုကြောင့် လူ ၇၉ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။


သေဆုံးသူများထဲမှ ၅၃ ဦးမှာ ဘီဟာပြည်နယ်မှဖြစ်ပြီး နောက်ထပ် ၁၀ ဦးမှာ ဂျာခန်းပြည်နယ် အရှေ့ပိုင်းမှဖြစ်သည်။ ကျန်သေဆုံးသူ ၁၆ ဦးမှာ မက်ဟာပရာဒေ့ရှ်မှဖြစ်သည်။ သေဆုံးသူအများစုမှာ မိုးသည်းထန်စွာ ရွာသွန်းနေစဉ်အတွင်း လယ်တောထဲ၌ အလုပ်လုပ်ကိုင်နေစဉ် မိုးကြိုးပစ်ခံရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌မိုးကြိုကာလ မိုးသည်းထန်စွာရွာသွန်းစဉ်အတွင်း မိုးကြိုးပစ်ခတ်မှုအများအပြား ဖြစ်ပွားလေ့ရှိသည်။ ၂၀၁၅ ခုနှစ်ကတည်းက အိန္ဒိယ၌ နှစ်စဉ်မိုးကြိုးပစ်ခံရ၍ သေဆုံးသူ ၂၀၀၀ ထက်မနည်းရှိသည်။ မုတ်သုံကာလအတွင်း အိန္ဒိယ၌ ၈၀ရာခိုင်နှုန်းအထိ မိုးရွာသွန်းပြီး ဇွန်လနှင့်စက်တင်ဘာလတို့တွင် မိုးသည်းထန်စွာရွာသွန်းလေ့ရှိသည်။
**(ဘီဘီစီ)**



# အီးယူအနေဖြင့် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု တိုးမြှင့်ခြင်းကို သဘောတူသူနှင့် သဘောမတူသူများ

**အီးယူဘရပ်ဆဲလ်ကိုယ်စားလှယ်များက ယူကရိန်းနှင့် ပဋိပက္ခဖြစ်နေသော ရုရှားအပေါ် စွမ်းအင်၊ ဘဏ္ဍာရေးနှင့် ကာကွယ်ရေးတွင် အရေးယူပိတ်ဆို့ခြင်းများကို ဇန်နဝါရီလကုန်အထိ တိုးမြှင့်ရန် အင်္ဂါနေ့က သဘောတူခဲ့သည်။ သို့သော်လည်း သဘောတူညီမှုကို ဆက်လက်ဆိုင်းငံ့ထားဆဲရှိကြောင်း သံတမန်အသိုင်းအဝိုင်းက ပြောသည်။**



ကိုယက်ဗ်ထံမှ ခရိုင်းမီးယားကို မော်စကိုတို့ သိမ်းပိုက်ခြင်းအပေါ် ရုရှားအား နှစ်နှစ်ကျော်ကြာ ပိတ်ဆို့အရေးယူမှုပြုလုပ်ပြီးနောက် အီးယူနိုင်ငံရေး ကျွမ်းကျင်သူများက ရုရှားနှင့်ပတ်သက်ပြီး သဘောထားပျော့ပျောင်းသင့်ကြောင်း တိုက်တွန်းထားသည်။ ရုရှားအနေဖြင့် အီးယူ၏ အဓိကကုန်သွယ်ဖက်၊ မိတ်ဖက်ဖြစ်သလို စွမ်းအင်ထောက်ပံ့သူလည်းဖြစ်သောကြောင့် ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အင်္ဂါနေ့က ဆုံးဖြတ်ချက်ချခဲ့သော ကနဦးဆုံးဖြတ်ချက်အပေါ် အီးယူဝန်ကြီးများ၏ အတည်ပြုချက်ရယူရဦးမည်ဖြစ်သည်။ ထိုသို့အတည်ပြုချက်ရယူခြင်းသည်လည်း သောကြာနေ့အထိသာ ကြာနိုင်ကြောင်း သိရသည်။ ရုရှားအပေါ် ၎င်းတို့၏သဘောထားကို ငြင်းခုံဆွေးနွေးမှုပြုရန် အီးယူခေါင်းဆောင်များအနေဖြင့် ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တွင် ဘရပ်ဆဲလ်၌ တွေ့ဆုံပြီးချိန်အထိ အီတလီဘက်ကလည်း သဘောတူညီချက်ကိုလိုက်နာရန် ရွှေ့ဆိုင်းထားသည်။

သဘောထားများ ပြောင်းဆန်နေသော ထိုသဘောတူညီချက်သည် အနေးနှင့်အမြန် ဖြစ်လာမည်ဟု ဘရပ်ဆဲလ်ရှိ သံတမန်အသိုင်းအဝိုင်းက ပြောသည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီးနှင့် အီတလီဝန်ကြီးချုပ်တို့သည် ပိတ်ဆို့မှုများကို အသက်သာဆုံး ဖြစ်စေရန် တိုက်တွန်းလိုက်သည်။ ယူကရိန်းကိစ္စကြောင့် ထီးတည်းနေရသော ရုရှားနိုင်ငံကို ယခုအခါ အဆင့်မြင့် အီးယူခေါင်းဆောင်များအနေဖြင့်လည်း အလည်အပတ်သွားရောက်နေပြီ ဖြစ်သည်။

အီးယူနိုင်ငံခြားရေးရာ မူဝါဒအကြီးအကဲ အနေဖြင့်လည်း ရုရှားကို ပိတ်ဆို့ဒဏ်ခတ်မှုအား ပြန်လည်သုံးသပ်ရန် အရိပ်အမြွက်ဖော်ပြလျက်ရှိသည်။

ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏အဖွဲ့မှ ဆစ်ခ်မာဂေဘရီယယ် အနေဖြင့်လည်း ရုရှားကို ရှေ့အပတ်တွင်အလည်ရောက်ဖွယ်ရှိကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်ခ်စကော့ကလည်း မော်စကိုတွင် အင်္ဂါနေ့က ပြောခဲ့သည်။

> **ရုရှားအနေဖြင့် အီးယူ၏ အဓိကကုန်သွယ်ဖက်၊ မိတ်ဖက်ဖြစ်သလို စွမ်းအင်ထောက်ပံ့သူလည်း ဖြစ်သောကြောင့် ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်**

၎င်းက မော်စကိုသို့လည်း ရောက်ဖူးကြောင်း၊ ရုရှားနှင့် ဂျာမနီ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် သမ္မတဗလာဒီမာပူတင်နှင့်လည်း တွေ့ဆုံဆွေးနွေးမှုလုပ်ဖူးကြောင်း ပက်ခ်စကော့က သတင်းထောက်များကို ပြောသည်။

ရုရှားပိတ်ဆို့မှုအရေးလိုလားသူ သိမ်းငှက်များနှင့် မလိုလားသူ ချိုးငှက်များ ပြေီလက ပြင်သစ်ပါလီမန်တွင် ရုရှားအပေါ် အီးယူ၏ပိတ်ဆို့မှုများ အဆုံးသတ်ရန် တိုက်တွန်းမှုတစ်ခုကို သဘောတူခဲ့သည်။

ရုရှားအရေး အီးယူသဘောထားပျော့ပျောင်းစေလိုသူများက အီးယူအနေဖြင့် ရုရှားနှင့် အမြဲတမ်း ကုန်သွယ်မှုကို ပိတ်ဆို့ထား၍ ရမည်မဟုတ်ကြောင်း၊ ပိတ်ဆို့မှုမှာ ယာယီဆောင်ရွက်ချက်တစ်ခုသာဖြစ်ကြောင်း ပြောခဲ့သည်။

ဗြိတိန်သည် ရုရှားအပေါ် အီးယူ၏ အရေးယူပိတ်ဆို့မှုကို ပိုမိုလိုလားလျက်ရှိကာ ပိုလန်နှင့် ဘဲလ်တစ်နိုင်ငံများကတော့ ရုရှားကို သတိထားစောင့်ကြည့်လျက်ရှိသည်။ ယူကရိန်းအရေးကိစ္စ ပြီးဆုံးသွားမှသာ ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ကြောင်း ၎င်းတို့က ပြောသည်။

ဝါရှင်တန်အနေဖြင့်လည်း ရုရှားကို ပြင်းပြင်းထန်ထန် ကိုင်တွယ်ရန် ဖိအားပေးလျက်ရှိသည်။

အင်္ဂါနေ့က သမ္မတအိုဘားမား၏ ဒီမိုကရက်များနှင့် ရီပတ်ဘလစ်ကန်တို့ပါဝင်သော ကွန်ဂရက်အဖွဲ့ဝင်များက အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏အီးယူမဟာမိတ်များကို ရုရှားအား ဆက်လက်ဖိအားပေးရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ရုရှားသည် ၎င်း၏သဘောထားကို မပြောင်းလဲသေးကြောင်း တာဝန်မှအနားယူသွားသော ယူကရိန်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျော့ဖရီက ပြောသည်။

၂၀၁၄ ခုနှစ်ဦးမှစတင်ကာ တိုက်ခိုက်မှုအတွင်း လူပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့သည်။ ပဋိပက္ခဒေသအတွင်း အတိုက်အခံများဘက်မှလည်း လက်နက်ကြီးများကို ယနေ့အချိန်အထိ သိမ်းယူခြင်း မရှိသေးသော်လည်း ကိုယက်ဗ် သည် ပြည်တွင်းရွေးကောက်ပွဲကို ကျင်းပသင့်ပြီး မော်စကိုအနေဖြင့်လည်း ယူကရိန်းကို ၎င်း၏နယ်စပ်ကို ပြန်လည်ရရှိရန် ကူညီသင့်ပေသည်။

**ကိုးကား-ရိုက်တာ (၂၂-၆-၂၀၁၆)**

**တင်လင်းအောင်**

# ကလင်တန် နှာတစ်ဖျားအသာဖြင့် ထရန့်ကို ဆက်လက်ယှဉ်ပြိုင်

**ဝါရှင်တန် ဇွန် ၂၂**





ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်သည် ပြိုင်ဘက် ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရန့်ကို ဇွန်လလယ်ခန့်မှစပြီး ၅ ရာခိုင်နှုန်း နှာတစ်ဖျားအသာဖြင့် ဦးဆောင်နေကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ရိုက်တာစစ်တမ်းတွင် ဖော်ပြထားသည်။

ယခင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန် ၏ ထောက်ခံမဲ ရာခိုင်နှုန်းအရေ အတွက်မှာ ၄၄ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်နေချိန်တွင် စီးပွားရေးလုပ်ငန်းရှင် ထရန့်၏ ထောက်ခံမဲ ရာခိုင်နှုန်း အရေအတွက်မှာ ၃၅ ဒသမ ၅ ရာခိုင် နှုန်းဖြစ်နေသည်။

ဇွန် ၁၂ ရက်က ကလင်တန်ကို ထောက်ခံသော ထောက်ခံမဲ ရာခိုင်နှုန်း ၄၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ထရန့်ကို ထောက်ခံသော ထောက်ခံမဲ ရာခိုင်နှုန်း ၃၂ ဒသမ ၃ ရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်လျှင် အဆိုပါ ဇွန် ၁၂ ရက်သည် ဟီလာရီကလင်တန်အတွက် ထရန့်အပေါ် မဲအသာဖြင့် ဦးဆောင်နိုင်ခဲ့သော ရက်ဖြစ်ကြောင်း တွေ့နိုင်သည်။ တစ်နည်းဆိုရသော် ဇွန် ၁၂ ရက်တွင် ဟီလာရီကလင်တန်သည် ၎င်းကို ထောက်ခံသော မဲအများအပြားရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ထရန့်အနေဖြင့် အော်လန်ဒို ပစ်ခတ်မှုဖြစ်ပွားသော မကြာသေးမီ ရက်များအတွင်း ၎င်းအနေဖြင့် ထောက်ခံမဲရရှိရေး အားသွန်ခွန်စိုက်ကြိုးစားနေသည်။ အမေရိကသို့မဟုတ် ၎င်း၏မဟာမိတ်နိုင်ငံများကို ဆန့်ကျင်သော အကြမ်းဖက်မှုနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံများကို အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ဘဲ တားဆီးသွားမည်ဖြစ်ကြောင်း ထရန့်က ပြည်သူလူထုကို ကတိပေးခဲ့သည်။

နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ အစီရင်ခံစာ သို့မဟုတ် အဆိုပြုချက်များကလည်း ထရန့်အနေဖြင့် ယခင်က ထောက်ခံမဲများရရှိအောင် ကူညီခဲ့သည်။

အော်လန်ဒိုပစ်ခတ်မှုတွင် ဟီလာရီကလင်တန်အနေဖြင့် အမေရိကန်မွတ်စလင်များကို ဆန့်ကျင်ကာ အိုင်အက်စ်စစ်သွေးကြွများ၏ သတင်းအချက်အလက်များရယူပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရန် တိုက်တွန်းလိုက်သကဲ့သို့ ထရန့်၏စီးပွားရေးနှင့် နိုင်ငံရေး မူဝါဒများကို ဝေဖန်လိုက်သည်။

**(ရိုက်တာ)**

# ဆီးရီးယားနှင့် အီရတ်နယ်စပ်ရှိ စစ်ဘက်နယ်မြေများကို ပိတ်ပစ်မည်ဟု ဂျော်ဒန်ကြေညာ

**အမန် ဇွန် ၂၂**

အင်္ဂါနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ပြီးနောက် ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားနှင့် အီရတ်တို့နှင့်ထိစပ်နေသော ၎င်း၏ နယ်စပ်ရှိ စစ်ဘက်ဇုန်များကို ပိတ်ပစ်မည်ဟု ကြေညာခဲ့သည်။

တိုက်ခိုက်မှု၏နောက်ကွယ်တွင် မည်သူက ကြိုးကိုင်နေသည်ကို မသိရသေးသော်လည်း ဆီးရီးယားနယ်မြေဘက်မှ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဒုက္ခသည်စခန်းအသစ်များ ဆောက်လုပ်ခွင့်မပြုသကဲ့သို့ မည်သည့်ဒုက္ခသည်စခန်းကိုမျှ ချဲ့ထွင်ခွင့်မပြုကြောင်း ဂျော်ဒန်အစိုးရက ပြောသည်။

အင်္ဂါနေ့က တိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ် ဆီးရီးယားပဋိပက္ခဖြစ်ပွားချိန်မှစ၍ ပထမဦးဆုံးဖြစ်ပြီး လော်ရီကားပေါ်တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ အပြည့်အသိပ် တင်ဆောင်လာပြီး ဆီးရီးယားနိုင်ငံဘက်မှ အရှိန်ကုန်မောင်းကာနယ်စပ်ရှိ ဂျော်ဒန် တပ်ဖွဲ့နေရာယူထားသည့်နေရာ၌ ပေါက်ကွဲခဲ့သည်။

ဂျော်ဒန်နိုင်ငံသည် အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်တို့ကို နှိမ်နင်းသည့် အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့တွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ဂျော်ဒန်ပြန်ကြားရေးဝန်ကြီး မိုဟန်မက်မိုမန်နီက နယ်စပ်ကို တိုက်ခိုက်ရန် အိုင်အက်စ်စစ်သွေးကြွများ ပုန်းအောင်းနေသည်ဟူသော သတင်းကို လပေါင်းများစွာကတည်းက ရရှိထားကြောင်း ဘီဘီစီသို့ပြောသည်။ ဂျော်ဒန်နိုင်ငံသားများသည် ၎င်းတို့နိုင်ငံ ၏လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် အဆိုပါတိုက်ခိုက်မှုကြောင့် ဒေါသထွက်လျက်ရှိကြောင်းလည်း ၎င်းကဆက်ပြောသည်။

**(ဘီဘီစီ)**

# မိုင်းဖြတ်၌ တိမ်းမှောက်သွားသော ယာဉ်ပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိ



**မိုင်းဖြတ် ဇွန် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်၌ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက တိမ်းမှောက်သွားသောယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသားများကို သိမ်းဆည်းရမိသည်။ **(ယာပုံ)**

မိုင်းဖြတ်မြို့မှ မိုင်တိုင်အမှတ် ၇၁၉ ကီလိုမီတာနှင့် ၇၂၀ ကီလိုမီတာကြား ကျိုင်းတုံ-တာချီလိတ်သွား လမ်းမပေါ်၌ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ယာဉ်မောင်း သိန်းစိုး (၂၄ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် တင်ငွေထွန်း(၂၄)နှစ် ရပ်ကွက် (၂)ကျိုင်းတုံမြို့နေသူတို့ လိုက်ပါလာသော RTC ဟီးနိုးကား၊ အပြာရောင်ယာဉ်ပေါ်တွင် စက္ကူချပ်ဖာများ၊ သံတိုသံစများ၊ ပလတ်စတစ်အပိုင်းအစ အဟောင်းများ တင်ဆောင်၍ ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၇၁၉ နှင့် ၇၂၀ ကြား လမ်းအကွေ့၌ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ကန့်လန့်ဖြတ် အနေအထားဖြင့် တိမ်းစောင်းသွားခဲ့ရာမှ တစ်ဖက်ယာဉ်ကြောတွင် တာချီလိတ်မှ ကျိုင်းတုံသို့သွားရန် ရပ်ထားသော Vigo အဖြူရောင်ယာဉ်ပေါ်သို့ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

တိမ်းမှောက်ယာဉ်၏ စက္ကူချပ်ဖာများ၊ သံတိုသံစများ၊ ပလတ်စတစ်အပိုင်းအစ အဟောင်းများအောက်တွင် ဝှက်၍ တရားမဝင်သယ်ဆောင်လာသော ကိုးပေအရှည်ရှိ ပိတောက်သစ်ခွဲသား ရှစ်ချောင်းကို ထပ်မံသိမ်းဆည်းရမိပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မိုးပျံပူဖောင်းလုပ်သည့် ဟိုက်ဒရိုဂျင်အိုးပေါက်ကွဲ ဝမ်းဗိုက်ကိုထိမှန် ဒဏ်ရာရရှိ

**တောင်တွင်းကြီး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၁)ရပ်ကွက် ရေစက်လမ်း၌ ငြိမ်းဇော်(၄၁နှစ်) ပျဉ်းမနားမြို့နေသူသည် ဇွန် ၂၂ ရက် နံနက် ၈ နာရီက မိုးပျံပူဖောင်းအတွင်း ထည့် သည့် ဟိုက်ဒရိုဂျင်အိုးကို မောင်းတိုင်(၁)ရပ်ကွက် ရေစက်လမ်းနေ ဦးတင်အုန်း၏ အိမ်ရှေ့၌ ခေတ္တချထားခဲ့ပြီး ဦးတင်အုန်း အိမ်ရှေ့ရှိ အုတ်ကန်သို့ ရေခပ်သွားပြီး ပြန်အလှည့်တွင် ဟိုက်ဒရိုဂျင်အိုးပေါက်ကွဲ၍ ၎င်း၏ ဝမ်းဗိုက်ကို ထိမှန်ကာ ဝမ်းဗိုက်ပွင့်ထွက်ပြီး အူထွက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးပျံပူဖောင်းရောင်းသူ ငြိမ်းဇော်သည် ၎င်း၏ ဟိုက်ဒရိုဂျင်အိုးပူနေသဖြင့် ယင်းအိုးကို ရေလောင်းရန် အနီးရှိ အုတ်ရေကန်အတွင်းမှ ရေခပ်ပြီး ပြန်လှည့်စဉ် ဟိုက်ဒရိုဂျင်အိုးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ အဆိုပါအိုး ပေါက်ကွဲသံကြောင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း ရပ်ကွက်ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါဒဏ်ရာရရှိသူအား တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံမှ တစ်ဆင့် မကွေးတိုင်းဒေသကြီး ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဟိုက်ဒရိုဂျင်အိုးကို ပေါ့ဆစွာ အသုံးပြုသူ ငြိမ်းဇော်အား တောင်တွင်းကြီးမြို့ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း**

# ငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇွန် ၂၂**

ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်လျက်ရှိသည့် ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဇော်ဇော်ကျော်နှင့်အဖွဲ့သည် ဇွန် ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်က နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ရဲစခန်း၏ အနောက် ငါးမိုင်ခန့် ပင့်သာရွာနှင့် မန္တကျေးရွာအကြား လမ်းပေါ်တွင် မန္တရွာဘက်မှ ဇော်လင်းဆိုသူမောင်းနှင်လာပြီး နောက်မှ တင့်ဝေ လိုက်ပါလာသည့် ရှာရမ်း-၁၂၅ ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေစဉ် တင့်ဝေက ၎င်း၏လက်တွင် ကိုင်လာသော အထုပ်တစ်ထုပ်အား လွှင့်ပစ်လိုက်သည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါအထုပ်အတွင်းမှ ဘိန်းဖြူဝါမှုန့် အလေးချိန် ၁၁ ဂရမ်ခန့်စီပါ ရောင်စုံဆပ်ပြာခွက် ငါးခွက် စုစုပေါင်း ဘိန်းဖြူအလေးချိန် ၅၅ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိ ခဲ့သည်။

ဇော်လင်း၏ အစစ်ခံချက်အရ ဘိန်းဖြူများကို အခင်းဖြစ်နေ့ နံနက်က ဒေါ်ဝင်းကြည်ထံမှ ငွေကျပ် ၁၃ သိန်းဖြင့် သုံးစွဲရန်နှင့် ရောင်းချရန် ဝယ်ယူခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရှိသူ တင့်ဝေ(၂၀ နှစ်) ဝါးရုံကုန်းရွာ ပင်လည်ဘူးမြို့နယ်နှင့်(တစ်ရွာတည်းနေ) ဇော်လင်း(၃၇နှစ်)တို့နှစ်ဦးအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# တက္ကစီတစ်စီးပေါ်၌ ဒဏ်ရာများဖြင့် သေဆုံးသူတစ်ဦးတွေ့ရှိ

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးဘေး ပြန်လည်နေရာချထားရေး ရပ်ကွက် ပလရ အမှတ်(၉၈) ဘီအီးယန္တရားတပ်ရှေ့၌ ဇွန် ၁၉ ရက် နံနက် ၈ နာရီခန့်က တက္ကစီယာဉ်တစ်စီးပေါ်တွင် လူတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ပြည်သူတစ်ဦးက မင်္ဂလာဒုံမြို့မရဲစခန်းသို့ အကြောင်းကြားသည့်အတွက် တာဝန်မှူး ရဲအုပ်မြင့်မောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တက္ကစီယာဉ်အမှတ် BB/----- တာတာအမျိုးအစား တက္ကစီယာဉ်၏ဦးခေါင်း ယာဉ်မောင်းနေရာတွင် လူတစ်ဦးရင်ဘတ်၌ ဒဏ်ရာနှစ်ချက်ဖြင့် ပါးစပ်ကို တိပ်အကြည်ရောင်ဖြင့်ပတ်ကာ သေဆုံးနေကြောင်း တွေ့ရှိရပြီး ယာဉ်မောင်းဖြစ်သူမှာ ဦးမြင့်ဆွေ (၅၄ နှစ်) တိုက်(၁၆) ၅ လွှာ စံရိပ်ငြိမ် (၂) လမ်း(၂)ရပ်ကွက် ကမာရွတ်မြို့နယ်တွင် နေထိုင်သူဖြစ်ကြောင်း တွေ့ရှိရ၍ သေဆုံးနေသူအား ရဲဆေးစာဖြင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ရဲတပ်ဖွဲ့၏ အကြောင်းကြားချက်အရ ဦးမြင့်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်စန်းစန်းမော်က ၎င်း၏ခင်ပွန်းဖြစ်ကြောင်း အတည်ပြုပြောကြားပြီး တရားလိုပြုလုပ်၍ မင်္ဂလာဒုံမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ထင်ပေါ်ဝင်း**



# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၂**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက်က တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရှာမွေလှ**(ဓာတ်ပုံ)** မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉၅ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်အပိုင်း(၆) ၆၈-၆၉ ကြား အောင်သပြေလမ်းနှင့် အောင်ကမ္ဘာလမ်းကြားနေ ဟိန်းကိုကိုမြင့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ပြား သိမ်းဆည်းရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

| Course | Time | Days | Start |
|---|---|---|---|
| BASIC ENGLISH SPEAKING | 3:30 - 5 | (Mon ~ Thurs) | 20 Jun |
| | 9 - 12:00 | (Sat + Sun) | 25 Jun |
| | 1 - 2:30 | (Mon ~ Thurs) | 27 Jun |
| | 7:30 - 9 | (Mon ~ Thurs) | 11 Jul |
| | 6 - 7:30 | (Mon ~ Thurs) | 11 Jul |
| BASIC FOUR SKILLS ENGLISH | 1 - 2:30 | (Mon ~ Thurs) | 27 Jun |
| | 3:30 - 5 | (Mon ~ Thurs) | 27 Jun |
| | 7:30 - 9 | (Mon ~ Thurs) | 29 Jun |
| | 1 - 4:00 | (Sat + Sun) | 2 Jul |
| | 3:30 - 5 | (Mon ~ Thurs) | 4,18 Jul |
| | 9 - 12:00 | (Sat + Sun) | 17 Jul |
| BASIC GRAMMAR | 9 - 12:00 | (Sat + Sun) | 16 Jul |
| PRE-INTERMEDIATE (4-SKILL ENGLISH) | 3:30 - 5 | (Mon ~ Thurs) | 27 Jun |
| | 7:30-10:30 | (Sat + Sun) | 10 Jul |
| | 1 - 4:00 | (Sat + Sun) | 17 Jul |
| | 7:30 - 9 | (Mon ~ Thurs) | 18 Jul |
| | 1 - 2:30 | (Mon ~ Thurs) | 1 Aug |
| INTERMEDIATE (ACADEMIC ENGLISH) | 10-11:30 | (Mon ~ Thurs) | 18 Jul |
| | 7:30 - 9 | (Mon ~ Thurs) | 25 Jul |
| | 1 - 2:30 | (Mon ~ Thurs) | 1 Aug |
| VOCAB ENRICHMENT | 9 - 12:00 | (Sat + Sun) | 25 Jun |
| | 1 - 2:30 | (Mon ~ Thurs) | 4 Jul |
| | 12 - 3:00 | (Sat + Sun) | 30 Jul |
| BASIC WRITING | 1 - 4:00 | (Sat + Sun) | 10 Jul |

| Course | Time | Days | Start |
|---|---|---|---|
| BASIC ENGLISH SPEAKING | 7:30 - 9 | (Mon ~ Thurs) | 20 Jun |
| | 1 - 2:30 | (Mon ~ Thurs) | 29 Jun |
| | 12 - 3:00 | (Sat + Sun) | 17 Jul |
| BASIC GRAMMAR | 1 - 2:30 | (Mon ~ Thurs) | 11 Jul |
| PRE-INTERMEDIATE (4-SKILL ENGLISH) | 10-11:30 | (Mon ~ Thurs) | 11 Jul |
| | 3:30 - 5 | (Mon ~ Thurs) | 18 Jul |
| | 12 - 3:00 | (Sat + Sun) | 30 Jul |
| BASIC FOUR SKILLS ENGLISH | 3:30 - 5 | (Mon ~ Thurs) | 27 Jun |
| | 10-11:30 | (Mon ~ Thurs) | 29 Jun |
| | 6 - 7:30 | (Mon ~ Thurs) | 4 Jul |
| | 1 - 2:30 | (Mon~Thurs) | 4,18 Jul |
| | 7:30-10:30 | (Sat + Sun) | 10,31 Jul |
| | 7:30 - 9 | (Mon ~ Thurs) | 11 Jul |
| | 10-11:30 | (Mon ~ Thurs) | 11 Jul |
| INTERMEDIATE (ACADEMIC ENGLISH) | 4:30-7:30 | (Sat + Sun) | 2 Jul |
| | 7:30 - 9 | (Mon ~ Thurs) | 25 Jul |
| IELTS (Preparation) | 1 - 4:30 | (Sat + Sun) | 18 Jun |
| | 7:30-9:30 | (Mon~Thurs) | 11 Jul |
| | 1 - 3:30 | (Mon~Thurs) | 25 Jul |
| IELTS (Speaking) | 7:30 - 9 | (Mon~Thurs) | 18 Jul |
| IELTS (Reading) | 1 - 3:00 | (Mon~Thurs) | 18 Jul |
| IELTS (Grammar) | 10-11:30 | (Mon~Thurs) | 20 Jun |

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်
မြို့လယ် / ၃၀ရွာ
ဂုဏ်ထူး ဦးအောင်ခိုင်
English Speaking ( အင်္ဂလိပ် စကားပြော )
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
၂၇၂ ပန်းဆိုးတန်း 01 252 919, 09 4550 17955 A-2 (တက်လမ်း) သံသုမာလမ်း 09 798 443320

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| Course | Time | Start |
|---|---|---|
| Basic Spoken English | Mon to Thurs-7:30-9:30 am | 6 June |
| | Mon to Thurs-5:30-7:00pm | 6 June |
| | Mon to Thurs-3:00-5:00 pm | 13 June |
| | Sat & Sun - 12:30-3:30 pm | 18 June |
| | Sat & Sun - 3:45-6:45 pm | 18 June |
| | Mon to Thurs-7:30-9:30 am | 20,27 June |
| | Mon to Thurs-1:00-3:00pm | 20 June |
| | Mon to Thurs-10:00-12:00am | 27 June |
| Basic Writing Course | San & Sun - 12:30 - 3:30 pm | 18 June |
| | Mon to Thurs - 10:00-12:00am | 20 June |
| Grammar Foundation Course | Mon to Thurs - 3:30-5:00pm | 27 June |
| Pre-Intermediate English | Mon to Thurs-10:00-12:00am | 20 June |
| | Mon to Thurs-10:30-12:30pm | 27 June |
| | Mon to Thurs-1:00-3:00pm | 27 June |
| | Mon to Thurs-5:30-7:00pm | 27 June |
| Vocabulary Enrichment Course | Mon to Thurs - 3:30-5:00pm | 27 June |
| Structure & Written Expression | Mon toThurs 1:00-3:00pm | 20 June |
| NEW SAT | Sat & Sun -5:00-7:00pm | 4 June |

TOEFL,SAT,IELTS,API,AWC,VEC
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

ပျိုချင်သလား နုချင်သလား
ကိုယ့်ရောဂါကိုယ်ကု
ကိုယ့်အသက်ကိုယ်ရှည်အောင်လုပ်ချင်ရင်
ဒီစာအုပ်ကိုဖတ်ပေတော့။ မင်းဂျူခေါင်ရဲ့
ဆန်း ဝိဇ္ဇာ ဓရ ဓာတ်ပညာကျမ်း ထွက်ပြီ။
စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်၊ စံပြရပ်ကွက်၊
ဦးအောင်ဘလမ်း၊ တိုက်အမှတ် ၁၅၊ ဒုတိယထပ်၊
အကျယ်အဝန်း(၁၈ပေ×၃၈ပေ)ရှိ ဆောက်လက်စတိုက်ခန်းနှင့်ပတ်သက်၍
အများသိစေရန်ကြေညာချက်
အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းလွင် ၁၁/ရဗန(နိုင်)၀၀၇၉၃၀နှင့် ဒေါ်ဟေမာစံ ၁၁/ရဗန(နိုင်)၀၄၁၀၈၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဒေါ်သီတာမမ LL.B.,D.M.L.,D.I.L ဒေါ်ဝင်းလှဲ့လှဲ့နိုင် LL.B.,D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆) အထက်တန်းရှေ့နေ (စဉ်-၄၁၀၃၄)
အမှတ် ၄၄၊ ပ-ထပ်၊ အခန်း ၁၀၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၃၁၂၁၅၇၃၊ ၂၅၄၃၀၀၇၄

❍ *ကျော်ဖုံးမှ*

အခက်အခဲမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမတန်းကလပ် နေပြည်တော်အသင်းသည် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အမှတ်ပေးပွဲတွင် သုံးပွဲဆက် အနိုင်ရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းလဲခဲ့ပြီး စိုးမင်းဦး၊ ထိုက်ထိုက်အောင်တို့ကို ပွဲအစတွင် အသုံးပြုခဲ့သည်။ ရှမ်းအသင်းသည် ဖိကစားထားနိုင်သော်လည်း ရန်ကုန်နှင့် အမှတ်ပေးပွဲကဲ့သို့ ကစားပုံ မကောင်းခဲ့သောကြောင့် နေပြည်တော်အသင်း၏ ဂိုးပေါက်ကို ထင်သလောက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကိုလည်း စိုးမင်းဦးနှင့် ဇင်မင်းထွန်းတို့ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် နေပြည်တော်အသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူး ရန်ခက သွင်းယူခဲ့ခြင်းဖြစ်သည်။ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသောကြောင့် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်ဖွင့်ကစားခဲ့၍ ဂိုးများ စောစောစီးစီး ပြန်ရခဲ့သောကြောင့် ကံကောင်းခဲ့ရခြင်းဖြစ်သည်။ မိနစ် ၅၀ တွင် ကွင်းလယ်လူ မက်ဆီမင်က ရှမ်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး မိနစ်အနည်းငယ်အတွင်း အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ လက်ရွေးစင်ဟောင်း တိုက်စစ်မှူး စိုးမင်းဦးက ၅၃ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပြီး ရှမ်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၅၅ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူပေးခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ပထမတန်းကလပ် မြဝတီအသင်းက MNL ထိပ်သီးကလပ် ဇေယျာရွှေမြေကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြဝတီအတွက် ၂၂ မိနစ်တွင် ရဲဝေယံစိုး၊ မိနစ် ၃၀ တွင် ကောင်းစည်သူတို့က ဂိုးများ စတင်သွင်းယူခဲ့ပြီး ဇေယျာရွှေမြေအတွက် ချေပဂိုးတစ်ဂိုးကို ၈၂ မိနစ်တွင် မာစီယိုက သွင်းယူခဲ့သည်။

ယနေ့အနိုင်ရရှိခဲ့သော ရှမ်းယူနိုက်တက်အသင်းသည်ကွာတားတွင် မကွေးနှင့် ချင်းယူနိုက်တက်ပွဲမှ အနိုင်ရသောအသင်းနှင့်လည်းကောင်း၊ မြဝတီအသင်းသည်ကွာတားတွင် Horizon နှင့် ရတနာပုံပွဲမှ အနိုင်ရသောအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ရန်ကုန်မြို့တွင် လစဉ်လူထုစက်ဘီးစီးနင်းပွဲကျင်းပမည်

**နေပြည်တော် ဇွန် ၂၂**

စက်ဘီးအားကစားနည်းကို ပြည်သူများစိတ်ပါဝင်စားလာစေရန်နှင့် စက်ဘီးအားကစားနည်းပိုမိုတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ လစဉ်လတစ်လ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်းတွင် ရန်ကုန်မြို့၌ စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသော စက်ဘီးအားကစားသမားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း ပဒေသာအားကစားခန်းမရှေ့မှ စတင်တာလွှတ်၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ စိတ်ပါဝင်စားပြီး ပါဝင်စုပေါင်းစက်ဘီးစီးနင်းလိုသူများအနေဖြင့် ဖုန်း- ၀၉- ၇၃၀၅၆၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲစဉ် အိမ်ရှင် အမေရိကန်ကို အာဂျင်တီးနား ဂိုးပြတ်နိုင်

ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲစဉ်တစ်ပွဲဖြစ်သည့် အိမ်ရှင်အမေရိကန်နှင့် အာဂျင်တီးနားတို့ ပွဲစဉ်ကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်အမေရိကန်က ၄-၄-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ဒမ်ဆေးနှင့် ဝန်ဒိုလိုစကီးကို အတွဲထားခဲ့ပြီး အာဂျင်တီးနားက ၄-၃-၃ ကစားကွက်ဖြင့် လာဗက်ဇီ၊ ဟီဂူအင်၊ မက်ဆီတို့ကို တိုက်စစ်အတွဲ ထုတ်ခဲ့သည်။ ပွဲစပြီး သုံးမိနစ်တွင် မက်ဆီ ဖန်တီးပေးမှုမှ တစ်ဆင့် လာဗက်ဇီက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၃၂ မိနစ်တွင် မက်ဆီက အာဂျင်တီးနားအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ **(အပေါ်ယာပုံ)** ဒုတိယပိုင်းတွင် အာဂျင်တီးနားအတွက် အနိုင်ဂိုးကို မိနစ် ၅၀ နှင့် ၈၆ မိနစ်တွင် ဟီဂူအင်က သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် အာဂျင်တီးနားအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်လည်း ၁၀ ကြိမ်အနက် ရှစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အိမ်ရှင် အမေရိကန်အသင်းသည် ဂိုးကန်သွင်းခွင့် တစ်ကြိမ်မှမရရှိခဲ့ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။



ကိုပါအမေရိကပြိုင်ပွဲတွင် မက်ဆီသည် သွင်းဂိုးငါးဂိုး သွင်းယူထားနိုင်ပြီး ချီလီတိုက်စစ်မှူး ဗားဂက်စ်မှာ ခြောက်ဂိုးထိ သွင်းယူထားသည်။

အမေရိကန်အသင်းသည် ဇွန် ၂၃ ရက် နံနက်တွင် ယှဉ်ပြိုင်မည့် ကိုလံဘီယာနှင့် ချီလီ အကြိုဗိုလ်လုပွဲစဉ်မှ ရှုံးနိမ့်သည့်အသင်းနှင့် ဇွန် ၂၆ ရက် နံနက် ၆ နာရီခွဲတွင် တတိယနေရာလုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဂျင်တီးနားက ဗိုလ်လုပွဲကို ဇွန် ၂၇ ရက် နံနက် ၆ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**သီဟ**

## ယူရို ၂၀၁၆ အုပ်စု(ဃ)နောက်ဆုံးပွဲစဉ် ခရိုအေးရှားနှင့် တူရကီတို့ နိုင်ပွဲများရရှိ

ယူရို ၂၀၁၆ အုပ်စု(ဃ)နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားက စပိန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တူရကီက ချက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ခရိုအေးရှားနှင့် စပိန်တို့ပွဲစဉ်တွင် ခရိုအေးရှားက ၄-၂-၃-၁ ကစားကွက်ဖြင့်လည်းကောင်း၊ စပိန်က ၄-၃-၃ ပုံစံဖြင့်လည်းကောင်း ပွဲထွက်ခဲ့သည်။ ပွဲစပြီး ခုနစ်မိနစ်တွင် စပိန်အသင်းအတွက် ဦးဆောင်ဂိုးကို တိုက်စစ်မှူး မိုရာတာက သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ကာလီနစ်က ခရိုအေးရှားအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ၇၂ မိနစ်တွင် စပိန်အသင်း ပယ်နယ်တီ ကန်ခွင့်ရကာ အသင်းခေါင်းဆောင် ရာမို့စ်က သွင်းယူခဲ့ရာ ခရိုအေးရှားဂိုးသမား ဆူဘာဆစ်ကာကွယ်ခဲ့၍ ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၈၇ မိနစ်တွင် အိုင်ဗန်ပါရီဆစ်က ခရိုအေးရှားအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ချက်နှင့် တူရကီပွဲတို့တွင် တူရကီအတွက်အနိုင်ဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ယီမက်ဇ်နှင့် ၆၅ မိနစ်တွင် အိုဇန်တူဖန်က သွင်းယူခဲ့သည်။ အုပ်စု(ဃ)တွင် ခရိုအေးရှားက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ စပိန်က ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ တူရကီက ရမှတ်သုံးမှတ်ဖြင့် တတိယအကောင်းဆုံး လေးသင်းဝင်နိုင်ရန် မျှော်လင့်ချက်ရှိသေးသည်။ ချက်က ရမှတ်တစ်မှတ်ဖြင့် အုပ်စုပွဲ၌ ရပ်တန့်ခဲ့ရသည်။

ဇွန် ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ခဲ့သည့်အုပ်စု(ဂ)ပွဲစဉ်များတွင် ဂျာမနီက တစ်ဂိုး-ဂိုးမရှိ ဖြင့်မြောက်အိုင်ယာလန်ကို အနိုင်ရပြီး ပိုလန်က ယူကရိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(ဂ)တွင် ဂျာမနီနှင့် ပိုလန် ရမှတ်ခုနစ်မှတ်ချင်းတူသော်လည်း ဂိုးကွာခြားချက်ဖြင့် ဂျာမနီက အုပ်စုပထမ၊ ပိုလန်က ဒုတိယဖြင့် တက်ရောက်ခဲ့ကာ မြောက်အိုင်ယာလန်က ရမှတ်သုံးမှတ်ဖြင့် တတိယလေးသင်း မျှော်လင့်ချက်ရှိခဲ့ပြီး ယူကရိန်းမှာ ရမှတ်မရှိဘဲ အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။

**သီဟ**


ပြင်ဦးလွင်မြို့လယ် တိုက်ခန်းရောင်းရန်
(22'x35') ဒုတိယအလွှာ
သိမ်း(၃၈၀)၊ နာရီစင်အနီး၊
မှုံလမ်းနှင့်၃၆လမ်းထောင့်(၁)ကွက်
၀၉-၂၅၄၃၄၂၅
၀၉-၇၈၈၅၈၀၆၇၈၊ ၀၉-၇၃၂၂၁၆၇၆

**ဖခင်အမည်မှန်**
ဗန်းမော်မြို့၊ အလက (၃)၊ အဌမတန်း (A)တွင် ပညာသင်ကြားနေသော မနုနုအေး၏ ဖခင်အမည် ဦးမျိုးလှိုင်အား ဦးဇာနည် ၁/ဗမန(နိုင်)၀၈၂၇၁၁ ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးဇာနည်**

**အမည်ပြောင်း**
ဦးထက်နိုင်-ဒေါ်ငယ်ငယ်ခိုင်တို့၏ သမီး ပြည်မြို့နယ် အလက (၂) စတုတ္ထတန်းမှ မဆုစန္ဒီထက်အား မခိုင်ထက်ထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခိုင်ထက်ထက်ကျော်**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အထက (၂)နဝမတန်းမှ မစုမွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ဌေး ၁၂/ဒလန(နိုင်)၀၅၅၃၆၁ ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်ဌေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၉ဃ/၃၆၅၂ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၇/တငန(နိုင်)၁၃၅၃၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

**ဝန်ထမ်းအလိုရှိသည်**
၁။ အတွေ့အကြုံရှိ၍ ကျွမ်းကျင်သော Marketing Manager အလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံ ၃နှစ်အထက် ရှိရမည်။ ကုန်ပစ္စည်းအသစ်အား ဈေးကွက်အတွင်း ထိုးဖောက်နိုင်သူဖြစ်ရမည်။ လစာကောင်းကောင်းပေးမည်။ နေစရာစီစဉ်ပေးမည်။
၂။ လုံခြုံရေးအလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အောက်ဖော်ပြပါလိပ်စာအတိုင်း စိတ်ပါဝင်စားသူများ လာရောက်လျှောက်ထားနိုင်ပါသည်။
**အမှတ် ၂၄၂၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်၊**
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈**

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**
အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင် ဆိတ်ငြိမ်စွာနေထိုင်လိုသူများအတွက် မှော်ဘီမြို့၊ VIP မြေကွက်၊ မြေအကျယ်(၆၀'×၈၀')၊ မျက်နှာ၀ ၆၀'၊ ဘေး ၈၀'၊ ခြံစည်းရိုးခတ်ပြီး၊ ပါမစ်မြေ၊ ရေ၊ မီးပါ၊ ကျပ်သိန်း(၃၅၀)
**ဆက်သွယ်ရန်**
**ဖုန်း- 09-5178979,**
**09-420301091, 09-43022828**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မလေးလေးချို(ဘ)ဦးသန်းမောင် ၆/သရခ(နိုင်)၀၃၉၁၇၈၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**မလေးလေးချို ဖုန်း-၀၉-၄၅၀၉၉၅၀၄၅**

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ ဒဂုံတက္ကသိုလ် (အဝေးသင်) သမိုင်း(ပထမနှစ်)မှ မအိသဉ္ဇာအေး၏ ဖခင်အမည်မှန်မှာ ဦးရွှေတင်(ခ)ဦးလှရွှေ ၁၀/ဘလန(နိုင်)၀၇၉၀၁၇ဖြစ်ပါကြောင်း။

**မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ**
ညောင်ဦးမြို့နယ်၊ စဥ့်ကူမြို့နေ
(ဦးဟန်စိန်)-ဒေါ်ရဲစိန်တို့၏ သား
**မောင်ညီညီပိုင်** A.G.T.I(Civil),
(Project Engineer-TRI ASIA Construction Company.,Ltd)
နှင့်
ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးရပ်ကွက်နေ
(ဦးသန်းဝင်း)-ဒေါ်ဝင်းကြည်တို့၏သမီး
**မစန္ဒာဝင်း** B.E(Civil),
(Finance Department-ACE Group of Companies)
တို့သည် ၁၉-၆-၂၀၁၆ရက်တွင် MICC-2၌ လက်ထပ်ကျင်းပပြီးစီးပါကြောင်းနှင့် မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင်သူရဦးအောင်ကိုနှင့် ဇနီးဒေါ်မြင့်မြင့်ရီ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ACE Group of Companies မှ ဦးဇော်မိုးဝင်း (Chief Executive Officer)နှင့်ဇနီးဒေါ်မေဇင်နိုင်၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော TRI ASIA Construction Company., Ltdမှ ဦးသန့်ဇင် (Managing Director)နှင့် ဇနီးဒေါ်ချိုသဲဇာခြည်(MY FASHION .NOVA Clothing)၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်း ကူညီပေးကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့်**
**မောင်ညီညီပိုင်-မစန္ဒာဝင်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ဃ/၂၃၀၅၇ KENBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၈/အလန(နိုင်)၁၀၅၆၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(သရက်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ်၂၉ဃ/၁၅၇၂၇ KENBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၈/သရန(နိုင်)၁၀၀၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(သရက်)**

**7 Stars ရာထူးဝင်သင်တန်းကြီး**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၄၅ ဧရာ)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၃၃ ဧရာ)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (၁၈ ဧရာ)
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (၂၃ ဧရာ)
ပုံမှန်တန်းခွဲ/အနီးကပ်တန်းခွဲများ ခပြီ
တိုက် (18/3B)၊ သပြေညို (၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန်မြို့။
09-789 10 7733, 09-799 860 155
09-4210 52736, 09-7 800 800 52

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၇)မိုင်၊ ပြည်သူ့လမ်း၊ အမှတ်(12/L) ပေါ်တွင် ဆောက်လုပ်ထားသော RC ရှစ်ခန်းတွဲခြောက်ထပ်ခွဲတိုက် အဆောက်အအုံ၏ လက်ဝဲဘက်အခြမ်း၊ ငါးလွှာ၊ လေးထပ်၊ အကျယ်(၁၃၇၀) စတုရန်းပေရှိ (Life)ပါ တိုက်ခန်းနှင့်တကွ Ext Phone, CCTV, 5MOVIES, ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ပြည်ငြိမ်းသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ကုမ္ပဏီလိုင်စင်အမှတ် (၁၈၁၃/၂၀၀၇-၂၀၀၈)ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိစံပယ်အောင် (Director) ၁၃/ဖခန(နိုင်)၀၄၂၆၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ်-၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

# ဇီဝနည်းပညာသုံးသီးနှံများ၊ မျိုးဗီဇပြုပြင်ထားသောသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု နှစ်(၂၀)ပြည့်မြောက်ခြင်း အထိမ်းအမှတ်ကျင်းပ

**နေပြည်တော် ဇွန် ၂၂**
နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမဆောင်တွင် ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသော ဇီဝနည်းပညာသုံးသီးနှံများ၊ မျိုးဗီဇပြုပြင်ထားသောသီးနှံများ တစ်ကမ္ဘာလုံး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု နှစ်(၂၀)ပြည့်မြောက်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဇီဝနည်းပညာသုံးသီးနှံများ၊ မျိုးဗီဇပြုပြင်ထားသောသီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဓာတုပိုးသတ်ဆေးအသုံးပြုမှုလျှော့ချနိုင်ခြင်း၊ သီးနှံအထွက်တိုးခြင်း၊ အာဟာရပြည့်ဝသော စားနပ်ရိက္ခာများထုတ်လုပ်နိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရာတွင် အထောက်အကူဖြစ်စေသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ လိုက်ပါသော ဂျပန်နိုင်ငံပိုးချည်ပိုးထည်လုပ်ငန်းရှင်များအား ပြည်ထောင်စုဝန်ကြီးရုံးသည့်ခန်းမ၌ တွေ့ဆုံ၍ မြန်မာ့ပိုးချည်ထုတ်လုပ်မှု အဆင့်ဆင့်တွင် လိုအပ်သော စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင် ရေးဆိုင်ရာကိစ္စရပ်များ၊ ပိုးမွေးမြူသည်မှ ပိုးချည်၊ ပိုးထည်ထုတ်လုပ်မှု အဆင့် ဆင့်၏ နည်းပညာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီဥတုကြားက ဖြစ်ထွန်းလာသော ပဲတီစိမ်းအထူးဗုန် ဧက ၇၀၀



**တပ်ကုန်း ဇွန် ၂၂**
နေပြည်တော်ရှစ်မြို့နယ်တွင် တပ်ကုန်းမြို့နယ်သည် ပဲတီစိမ်းအများဆုံးစိုက်ပျိုးနိုင်ပြီး ယနေ့အထိ ပဲတီစိမ်း ဧက ၅၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့သည်။

ယခုအခါ ပဲတီစိမ်းပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ယခင်နှစ်ကထက် ကျဆင်းနေသောကြောင့် တောင်သူများ စိုက်ပျိုးစရိတ် အရင်းအနှီးမကာမိဘဲ အကျိုးအမြတ် နည်းပါးကြောင်း ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့နယ်ရှိ ရှောက်ကုန်း ကျေးရွာအုပ်စုနှင့် မကျီးကုန်းကျေးရွာ အုပ်စုတို့မှ ပဲတီစိမ်းအထူးဗုန် ဧက ၅၀၀ နှင့် ဧက ၂၀၀ စိုက်ခင်း တောင်သူများအား ရွက်ဖျန်းဆေးနှင့် ပိုးသတ်ဆေးပေး အပ်ပွဲအခမ်းအနားတွင် တောင်သူများထံမှ သိရသည်။

အဆိုပါပံ့ပိုးပစ္စည်း ပေးအပ်ပွဲအခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ပဲတီစိမ်းအထူးဗုန်ဧက ၇၀၀ ကို ဧပြီလကတည်းက အယ်နီညိုရာသီဥတုကိုအန်တုပြီး ကိုယ်ပိုင်ရေတွင်းများမှ မြေအောက်ရေကိုရယူကာ အသုံးပြုခဲ့သောကြောင့် အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။ မျိုးကောင်းမျိုးသန့် ရေဆင်း(၁၁) တစ်မျိုးတည်း စိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစနစ်အတိုင်း လိုက်နာစိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

"ပဲတီစိမ်းအဓိက စိုက်ဖြစ်တာက မိုးစပါးအတွက် ကောင်းအောင်လို့ပါ။ ပဲတီစိမ်းက နှစ်လကျော်နဲ့ဆွတ်ခူးရောင်းထွက်တာကြောင့် စိုက်ပျိုးဖြစ်တာပါ။ ပဲတီစိမ်း စိုက်ပျိုးပြီးမြေက မိုးစပါးအတွက် အလွန်ကောင်းပါတယ်။ ပဲတီစိမ်းကို နှစ်စဉ်စိုက်ပျိုးပါတယ်။ စိုက်ပျိုးကေက ၁၄ ကေရှိပါတယ်။ အခုဆို ကျွန်တော်တို့ဆီကို အထက်ဘက် တောင် သူတွေက မျိုးအဖြစ် လာဝယ်တာတွေ ရှိပါတယ်။ တစ်ဧကကို ၂၅ တင်းမှ တင်း ၃၀ အထိ ထွက်ပါတယ်။ အခု တစ်တင်းပေါက်ဈေးက ငွေကျပ် ၃၀၀၀၀ ရှိပါတယ်။ ဈေးကွက်အနေနဲ့က ယခင်နှစ်ထက် နည်းပါတယ်။ လုပ်အားခ၊ အရင်းအနှီးနဲ့ ရာသီဥတုတွေကို ကြိုးစားအန်တုပြီး လုပ်ဆောင်ခဲ့တာကြောင့် အကျိုးအမြတ်များများ လိုချင်ပါတယ်" ဟု ရှောက်ကုန်းကျေးရွာအုပ်စုမှ တောင်သူဦးကျော်လေးက ပြောပြသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော ပဲတီစိမ်းများကို တပ်ကုန်းမြို့ပေါ်သို့ ရောင်းချလျက်ရှိပြီး ပေါ်ဦးပေါ်ဖျားတွင် တစ်တင်းလျှင် ငွေကျပ် ၃၈၀၀၀ ရှိခဲ့ရာမှ ယခုအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ အထိ ကျဆင်းနေသည်။

"အခု ပဲတီစိမ်းအထူးဗုန်ဧက ၇၀၀ စိုက်ခင်း တောင်သူများအား ပေးအပ်ပွဲမှာ ရွက်ဖျန်းအားဆေးနဲ့ ပိုးသတ်ဆေးတွေကို စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးတာဖြစ်ပါတယ်။

မကျီးကုန်းကျေးရွာ အုပ်စုမှာ ဧက ၅၀၀ အတွက် တောင်သူ ၁၈၁ ဦး၊ ကျောက်ကုန်းကျေးရွာအုပ်စုမှာ ဧက ၂၀၀အတွက် ၁၃၁ဦးရှိပါတယ်။ မြန်မာစာအညွှန်းပါတဲ့ ပိုးသတ်ဆေးနဲ့ မြေသြဇာတွေကိုသာ သုံးစွဲကြဖို့ အကြံပြုချင်ပါတယ်။ ပိုးသတ်ဆေးတွေ စနစ်တကျမသုံးစွဲတာကြောင့်တောင်သူတွေအသက်အန္တရာယ်ရှိနိုင်ပါတယ်" ဟု တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ပြောကြားသည်။

အဆိုပါ ပဲတီစိမ်းအထူးဗုန်ဧက ၇၀၀ အတွက် တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ရာ၌ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်ကျော်ကြီး**
**ဓာတ်ပုံ-သက်ထက်**

■

# မိုးများ၍ ကျေးရွာချင်းဆက်လမ်းအချို့ ရေကျော် သွားလာမှုအဆင်ပြေစေရန်ဆောင်ရွက်



**နတ်တလင်း ဇွန် ၂၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်းများရေကျော်၍လမ်းပိုင်းအချို့ ပျက်စီးသွားခြင်းကို ဇွန် ၁၇ ရက် နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွန်းဦးဆောင်ပြီး ဒေသနေပြည်သူများစုပေါင်းကာ သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်လျက်ရှိသည်။

"အခုလောလောဆယ် အခက်အခဲမရှိအဆင်ပြေအောင်လမ်းပိုင်းပျက်စီးနေတာတွေကို ဝါးနင်းကြမ်းလုပ်ပေးထားပါတယ်။ ရေတွေရှိနေတော့ လမ်းပိုင်းပျက်စီးတာတွေ ဖို့တာအဆင်မပြေတဲ့အတွက် သွားလာမှုအဆင်ပြေအောင် ယာယီဆောင်ရွက်ပေးထားတာပါ။ ခရီးသွားတွေရှိသလို ကျောင်းသားတွေလည်းသွားလာနေကြတော့အမြန်ဆုံးဆောင်ရွက်ပေးထားတာပါ" ဟု ဦးဝင်းနိုင်ထွန်းက ပြောပြသည်။

လမ်းများရေကျော်ပျက်စီးသည့်ရွှေကြာပင်ရွာ၊ မုံရွာကြီး၊ ပွဲသာရွာသွားကျေးရွာချင်းဆက်လမ်းပိုင်းအချို့နှင့်တာပွန်ဇီးပင်ကွေ့၊ ကျွဲသေ၊ ချင်းကုန်းရွာသွားပျက်စီးနေသောလမ်းပိုင်းများကို သွားလာမှုအဆင်ပြေစေရန်ဆောင်ရွက်ကြောင်းသိရသည်။

(ဝ၆၂)

## မှုခင်းကျဆင်းရေးနှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်တွေ့ဆုံရှင်းလင်း

**နေပြည်တော် ဇွန် ၂၂**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှဦးစီး၍ မှုခင်းကျဆင်းရေးနှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အား ရှင်းလင်းခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် နံနက်က ပုဗ္ဗသီရိမြို့နယ် အထက ၂၀ ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်က အမှာစကားပြောကြားပြီး ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးက မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးအတွက် ရဲတပ်ဖွဲ့၏ဆောင်ရွက်ပုံများ၊ မှုခင်းအလိုက်ကျခံရမည့် ပြစ်မှုပုဒ်မများကိုရှင်းလင်းပြောကြားခဲ့သည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာပြပွဲ ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**
မြန်မာကျောင်းသားများနှင့် အလုပ်အကိုင်လိုအပ်သူများအတွက် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၊ အလုပ်အကိုင်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများကို ကောင်းမွန်မှန်ကန်စွာ ရွေးချယ်နိုင်ရန်အတွက် တစ်စုတစ်ဝေးတည်း ခင်းကျင်းပြသမည်ဖြစ်သည့် ဒုတိယအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (The 2nd Myanmar International Education & Career Fair 2016) ကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမတွင် ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ပြပွဲလာရောက်လေ့လာသူများအနေဖြင့် ပညာရေးကဏ္ဍပြောင်းလဲတိုးတက်မှုအကြောင်းများကို သိရှိသုံးသပ်နိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်ကျောင်းများ ပါဝင်မည် ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ၊ ပညာရေးဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိနိုင်စေခြင်း၊ ထို့ပြင် ပညာရေးဆိုင်ရာကျောင်းများနှင့် အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် တိုက်ရိုက်ထိတွေ့ခွင့်ရနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း Marketing Exceutiue ဦးထူးဇော်အောင်က ပြောကြားသည်။

အဆိုပါ ပြပွဲတွင် ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆွေးနွေးဟောပြောမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(၃၄၉)

# ဝေရက်တောင်နှင့် ခါကာဘိုရာဇီဒေသတောင်တက် ခြေလျင်ခရီးကြမ်း ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**
တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက ကြီးမှူး၍ (၂၁)ကြိမ်မြောက် ကျောင်းသားဟောင်းများ မျိုးဆက်သစ်မိတ်ဆုံပွဲနှင့် ခြေလျင်တောင်တက်ခရီးစဉ်များ၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၆ ရက်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ သီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်အပါအဝင်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်း၊ ပညာသင်နှစ်မှ ကျောင်းသားဟောင်း၊ မျိုးဆက်သစ်တောင်တက်အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

**အောင်သူရ**



**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၀ ရက်က ကြည့်မြင်တိုင် အလက(၄)၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင် အမှာစကားပြောကြားစဉ်။**
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာပေး

**ရန်ကုန် ဇွန် ၂၂**
ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ်လှိုင်သာယာမြို့နယ် အမှတ်(၃)အထက်တန်းကျောင်း၌ ဇွန် ၂၀ရက် မွန်းလွဲ ၁ နာရီက ကျောင်းသား၊ ကျောင်းသူများအားအသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်ပိုစတာ၊ ဓာတ်ပုံပြပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် လက်ရှိမြန်မာနိုင်ငံ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်မျိုးဆက်သစ်လူငယ်များအတွက် အန္တရာယ်ရှိသောမူးယစ်ဆေးဝါးအား ရက်(၁၀၀)စီမံကိန်းတွင် တာဝန်ရှိသူများထိရောက်အောင်မြင်စွာဆောင်ရွက်နေမှုနှင့် မူးယစ်ဆေးဝါး စတင်ဆင်းသက်ပျံ့နှံ့လာပုံတို့နှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရာ၌ ပြည်သူနှင့်အတူ ကျောင်းသားမိဘများ၏ အခန်းကဏ္ဍလည်း အရေးကြီးပုံတို့ကိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်သန်းက အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး ပြသထားသောမူးယစ်ဆေးဝါးအန္တရာယ်ပညာပေးပို့စတာများကို တက်ရောက်လာသောပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကစိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လူထုအခြေပြုခရီးသွားလာမှုလုပ်ငန်းမြှင့်တင်ရေး(CBT)ကို ဆက်လက်ဖော်ဆောင်မည်

**ရန်ကုန်ဇွန် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ရက်ပေါင်းတစ်ရာအတွင်းဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် လူထုအခြေပြုခရီးသွားလာမှုလုပ်ငန်းမြှင့်တင်ရေးစီမံကိန်း (CBT) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၁၉ ရက်က ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်၌ ကျင်းပခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောသည်။

"ဒီလုပ်ငန်းက (win-win-win situations)ပဲဖြစ်တယ်။ ခရီးသွားလုပ်ငန်းကလည်း အကျိုးဆောင်ခရတယ်။ ကျေးရွာအနေနဲ့လည်း သူတို့ရဲ့အကျိုးဆောင်ခရတယ်။ နောက်ပြီးခရီးသွားတဲ့လူကလည်း သူတို့အနေနဲ့လာရကျိုးနပ်တယ်။ ဒီ CBT လုပ်ငန်းကိုအောင်မြင်ဖို့ရာမှာလည်း တစ်ဖက်တစ်လမ်းကနေ Capacity Building၊ Vocational Training သင်တန်းတွေလုပ်ရမယ်။ အခုလည်း မန္တလေး၊ တောင်ကြီး၊ ရန်ကုန်နဲ့ ပုဂံမြို့တွေမှာ သင်တန်းတွေဖွင့်လှစ်ပေးနေပါတယ်။ ဒီလိုကျောင်းတွေကိုလည်း ထပ်ဖွင့်သွားမယ်။ ဒီစွမ်းဆောင်မှုဆိုင်ရာအရည်အချင်းပြည့်ဝတဲ့ လူငယ်လူရွယ်တွေကို မွေးမထုတ်ဘဲနဲ့တော့ ဒီလုပ်ငန်းကြီးကဘယ်အောင်မြင်မလဲ။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုတာ စျေးကွက်ရှိမှအောင်မြင်တာဖြစ်တယ်။ အခု CBT လုပ်ငန်းကိုသူများက ၁၈ လ မှ အောင်မြင်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ လေး၊ ငါး၊ ခြောက်လနဲ့အောင်မြင်စေချင်တယ်။ အောင်မြင်အောင်လည်း လုပ်ဆောင်နိုင်လိမ့်မယ်လို့လည်းယုံကြည်တယ်။ CBT လုပ်ငန်းကရပ်ရွာရဲ့လူနေမှုအဆင့်ကို မြှင့်တင်နိုင်မယ်။ ရပ်ရွာကအိမ်ထောင်ရှင်မတွေ လူငယ်လူရွယ်တွေကိုလည်း တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရရှိလာနိုင်အောင်ဆောင်ရွက်ပေးနိုင်မှာဖြစ်တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

အဆိုပါစီမံကိန်းကို လက်ရှိတွင်ချင်းပြည်နယ်ရှိ ကျေးရွာငါးရွာ၊ မကွေးတိုင်းဒေသကြီး ယောဒေသရှိကျေးရွာ ငါးရွာ၊ မကွေးတိုင်းဒေသကြီး စလေမြို့နယ်ရှိ ကျေးရွာ ခြောက်ရွာတို့တွင် ဖော်ဆောင်နေကြောင်း သိရသည်။ ထို့အပြင် အင်းတော်ကြီးဒေသ ရောဝတီမြစ်အတွင်းရှိ လင်းပိုင်များ ကြည့်ရှုခြင်း၊ အင်းလေးကန်အရှေ့ဘက် ပအိုဝ်းဒေသရှိ ကျေးရွာ၊ ကယားပြည်နယ်လွိုင်ကော်ရှိ ကယန်းရွာများနှင့် ကရင်ပြည်နယ်သံတောင်ကြီးတို့၌လည်း စတင်အကောင်အထည်ဖော်နေကြောင်း သိရသည်။



ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဒလမြို့နယ်အတွင်း လှည့်လည်လေ့လာနေသည်ကို တွေ့ရစဉ်

ဟိုတယ်လုပ်ငန်းရှင်ဖြစ်သူ ဦးဇော်ဇော်ကလည်း အဆိုပါစီမံကိန်းဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ "အချို့ကပြောကြတယ်။ ဒီ CBT ကို ဒီအချိန်မလုပ်သင့်သေးဘူး။ စောလွန်းတယ်။ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုကို ထိခိုက်စေနိုင်တယ်ဆိုတဲ့အတွေးအမြင်နဲ့ပြောကြတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကအလုပ်တစ်ခုလုပ်တယ်ဆိုရင် စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်လုပ်ပါတယ်။ သူများနိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်နေလဲဆိုတာ သေချာလေ့လာပါတယ်။ ၂၀၀၂ ခုနှစ်လောက်ကတည်းက ကျွန်တော်တို့ကို ဒီလို CBT လုပ်ဖို့ ကမ်းလှမ်းခဲ့တယ်။ ဒါပေမယ့် အဆင်သင့်မဖြစ်သေးလို့မလုပ်ခဲ့ရဘူး။ အခုအချိန်မှာ အဆင်သင့်ဖြစ်လို့ လုပ်တာဖြစ်ပါတယ်။ လုပ်တဲ့အခါကျရင် တကယ်စနစ်ကျအောင်လုပ်တဲ့အတွက် ယဉ်ကျေးမှုကို မထိခိုက်နိုင်ပါဘူး။ မစိုးရိမ်ပါနဲ့ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းမှာ အစိုးရက ဂိုက်လိုင်းပဲပေးတာပါ။ တကယ်လုပ်ဆောင်ရမှာက ကျေးရွာအခြေပြုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းက ပေါင်းပြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ ကျေးရွာမှာ လာရောက်တည်းခိုနေထိုင်မယ့်ဧည့်သည်တွေကို ကျေးရွာကနေ စနစ်တကျကျွေးမွေးဧည့်ခံတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ရွာနေလူတွေနဲ့အနီးကပ်နေထိုင်လေ့လာခြင်းဖြင့် ဝင်ငွေရရှိပြီး ကျေးရွာရဲ့လူနေမှုအဆင့်အတန်းကို တစ်နည်းတစ်လမ်း ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒါဟာကျေးရွာလူထုကိုချမ်းသာဖို့ပေးတာမဟုတ်ဘဲ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ပံ့ပိုးပေးတဲ့ခရီးသွားလုပ်ငန်းဖြစ်ပါတယ်"ဟုဆိုသည်။

အဆိုပါလူထုအခြေပြုခရီးသွား လုပ်ငန်းမြင့်မားစေနိုင်ရေးနှင့်ပတ်သက်၍ထိုင်းနိုင်ငံရှိ ကန်ချနာယူနာပြည်နယ်ရှိ CBT ကျေးရွာ Ban Nang Khao သို့ သွားရောက်လေ့လာခဲ့ရာမှ လုပ်ငန်းကျွမ်းကျင်ပညာရှင်များကိုလည်း အကြံပေးကူညီသွားမည်ဆိုသည့်သဘောတူညီချက်ကိုရရှိခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံအတွင်း ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အထူးစိတ်ဝင်တစား လာရောက်ခဲ့ကြပြီးတစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်များပြားလာကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလနှင့် ယဉ်ကျေးမှုအနုပညာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝရှုခင်းများနှင့် လက်မှုပညာရပ်များကို လေ့လာသိရှိလိုကြ၍ ခရီးသွားများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ လေကြောင်းခရီးများဖြင့်လည်းကောင်း လာရောက်နေကြသကဲ့သို့ မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းတို့ဖြင့်လည်း စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၅ ခုနှစ်တွင် ငါးသန်းကျော် ဝင်ရောက်ရန်ခန့်မှန်းထားခဲ့သော်လည်း ၄ ဒသမ ၇ သန်းသာဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခုနစ်သန်းဝင်ရောက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်၊ မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ -ဇော်ကြီး(ပဏ္ဍိတ)**

# အစိုးရထိန်းချုပ်နယ်မြေမဟုတ်သည့် ဒေသများအတွင်းရှိ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ အပြည့်အဝရရှိစေမည်

**မြစ်ကြီးနား ဇွန်၂၂**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အနေဖြင့် ပြည်နယ်အတွင်း ကလေးနှင့်မိခင်၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေး၊ ပညာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အကြမ်းဖက်မှုနှင့်အလွဲသုံးစားမှုများကို ဆန့်ကျင်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းများကို အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ INGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရထိန်းချုပ်မှုမရှိသော နယ်စပ်ဒေသများတွင် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုများရရှိစေရန် ပူးပေါင်းကူညီပံ့ပိုးပေးခဲ့မှုများနှင့် ဝန်ဆောင်မှုသင်တန်းများ ပို့ချပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာများကို တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ကလေးသူငယ်တပ်သားစုဆောင်းခြင်းဆိုင်ရာများကို ပညာပေးဟောပြောဆောင်ရွက်လျက်ရှိသည့်အတွက် တိုးတက်မှုရှိလာပါကြောင်း မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် UNICEF မြစ်ကြီးနားရုံးခွဲ၌ ဇွန် ၂၀ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်သည့် နယ်မြေအခြေစိုက် သတင်းမီဒီယာများနှင့် UNICEF လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲတွင် ယူနီဆက်မြန်မာဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် အစိုးရထိန်းချုပ်မှုမရှိသော နယ်စပ်ဒေသရှိ ကယ်ဆယ်ရေးစခန်းများမှ ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တုံ့ပြန်မှုနှေးကွေးသော်လည်း ထိရောက်မှုရှိပါကြောင်း ဌာနေကိုယ်စားလှယ်က သတင်းထောက်များ၏ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

UNICEF အဖွဲ့သည် ကချင်ပြည်နယ်အတွင်း ၂၀၀၁ ခုနှစ်မှစ၍ မြစ်ကြီးနားရုံးခွဲကိုဖွင့်လှစ်ခဲ့ပြီး ကချင်ပြည်နယ်အတွင်း ကလေးသူငယ်များအတွက် အခွင့်အလမ်းများတိုးတက်စေခြင်းကို ဦးတည်သည့်လုပ်ငန်းစဉ်များကို ဒေသအာဏာပိုင်များနှင့် ဒေသအခြေပြုလူမှုအဖွဲ့အစည်းများဖြင့်ဆွေးနွေးပြီး လုပ်ငန်းပုံစံရေးဆွဲ၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်းဆင်းပွဲကျင်းပ

**မုံရွာ ဇွန် ၂၂**

ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း ပညာရပ်များတတ်မြောက်ပြီး ဒေသထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန်ရည်ရွယ်ပြီး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုအခြေခံသင်တန်းဆင်းပွဲကို ဇွန်လတတိယပတ်အတွင်းက မုံရွာမြို့နယ် သပြေတောကျေးရွာရှိ မင်္ဂလာမာန်အောင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းအား ဇွန် ၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပေးပြီး ဆပ်ပြာအရည်၊ ဆပ်ပြာအနှစ်၊ ဆပ်ပြာအခဲထုတ်လုပ်နည်း၊ သဘာဝခေါင်းလျှော်ရည်၊ ဓာတုခေါင်းလျှော်ရည်ထုတ်လုပ်နည်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အသေးစိတ်လုပ်နည်းအဆင့်ဆင့်သင်ကြားပို့ချပေးခဲ့ပြီး သပြေတောကျေးရွာ၊ မင်းတဲ ကျေးရွာ၊ ဖန်းခါးကျင်း ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ လာရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာများရေရရှိရေးဆောင်ရွက်

**ငါန်းဇွန် ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း ရေရှားပါးသောကျေးရွာများအား သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျိုးလျှန်ဗွိုင်းနှင့်အတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစိုးဝင်းထွန်း(ဦးစီးအရာရှိ-နည်းပညာ)တို့သည် ဇွန် ၁၉ ရက်က လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါကွင်းဆင်းကြည့်ရှုမှုတွင် စီမံချက်လုပ်ငန်းဖြစ်သည့် သံဘိုကျေးရွာအုပ်စု တောင်အောက်ကျေးရွာ၌ ရေပန့်တပ်ဆင်ခြင်းနှင့် ရေကန်ရေစက်ရုံတည်ဆောက်ခြင်း (ခွင့်ပြုငွေကျပ် ၇ ဒသမ ၉၂၇ သန်း)နှင့် တယ်ပင်ကျေးရွာတွင် လက်တူးတွင်းတူးဖော်ခြင်း(ခွင့်ပြုငွေကျပ် ၄ ဒသမ ၅ သန်း)တို့ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# စလင်းမြို့၌ ရဲတပ်ဖွဲ့နှင့် မြို့မိမြို့ဖများတွေ့ဆုံ

**စလင်း ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ရဲတပ်ဖွဲ့ဓမ္မာရုံ၌ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ရဲတပ်ဖွဲ့ လုပ်ငန်းစဉ်များနှင့်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ရှင်းလင်းခြင်းတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခင်က ရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပြောကြားပြီး မြို့မိမြို့ဖဦးအေးဟန်ချိုက ယာဉ်မောင်းများကို လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ သိရှိလိုက်နာစေရန် ဖိတ်ကြားစုစည်းအသိပေးရန်နှင့် မင်းဘူး ကညနနှင့်ညှိနှိုင်းပြီး ဆိုင်ကယ်လိုင်စင်ရရှိရေး သက်တမ်းတိုးရရှိအောင် စလင်းမြို့တွင် ဆောင်ရွက်ပေးနိုင်ရေးများကို ဆွေးနွေးကြပြီး ရဲမှူးကျော်ခင်က မြို့နယ်အုပ်ချုပ်ရေးမှူးအားတင်ပြပြီး ပြည်သူများလိုအပ်ချက်ကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

# မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့နှင့်ပျိုးပင်ပေးအပ်ပွဲ ကျင်းပ

**တန့်ယန်း ဇွန်၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် အစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများအား မျိုးစေ့၊ ပျိုးပင်နှင့် ဓာတ်မြေသြဇာအခမဲ့ပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး လားရှိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထင်စိုးက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် တောင်သူများအား မျိုးစေ့၊ ပျိုးပင်နှင့် ဓာတ်မြေသြဇာများ အခမဲ့ဖြန့်ဝေပေးအပ်ခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းသည်။

ယင်းနောက် မိုင်းတွမ်း၊ နားငွေး၊ နမ့်ဟူးလွယ်ကာ၊ ဟွေကြိမ်၊ နောင်ဖာစသည့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ လယ်ဧက ၈၀အတွက် ပုလဲသွယ်မျိုးစပါး ကီလို ၅၆၀ နှင့် ဓာတ်မြေသြဇာ ၁၅ အိတ်၊ နားဟုတ်၊ နားငွေးကျေးရွာ အုပ်စုနှစ်စုအတွက် လက်ဖက်ပျိုးပင် ၁၀၀၀၀ တို့ကို မြို့နယ်မှ တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဆားလင်းကြီး ဇွန် ၂၂**

ရက် ၁၀၀ စီမံချက်အရ ဇွန် ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွှေသမင်ကျေးရွာအလက(ခွဲ)၌ ကျောင်းသား ကျောင်းသူ ၁၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေသော ရွှေသမင်ကျေးရွာ အလက(ခွဲ)သို့ တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီး ဦးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး-လ/ထည္ထွန်မှူး ဦးစိုးမြင့်အောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# သက်ရှိတို့ရဲ့ ထာဝရကျေးဇူးရှင်

## သိပ္ပံစာရေးဆရာကိုကိုအောင်

လူတို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီးသည် နေစကြဝဠာ အဖွဲ့အစည်းအတွင်း၌ရှိနေသော ဂြိုဟ်ကြီးတစ်လုံး ဖြစ်သည်။ ကမ္ဘာသည် မိမိ၏ဝင်ရိုးပေါ်၌ ၂၃½ ဒီဂရီ တိမ်းစောင်းလျက် ၂၄ နာရီလျှင် တစ်ပတ်ကျ လည်ပတ်နေရင်း နေ၏ ဆွဲငင်အားကြောင့် နေလုံးကြီးကို ၃၆၅ ရက်လျှင် တစ်ပတ်ကျ မှန်မှန်လှည့်ပတ်လျက် ရှိနေသည်။ ဤသို့သော ပထဝီ သဘောတရားကြောင့် နေ့နှင့်ည တစ်လှည့်စီ ဖြစ်ပေါ်နေပြီး မတူညီသော ရာသီဥတုများလည်း ဖြစ်တည်လာရသည်။

ဓာတ်ငွေ့တိမ်တိုက်ပေါင်း များစွာတို့ဖြင့် ဖွဲ့စည်းထားသော နေလုံးကြီးသည် အချိန်နှင့်အမျှ ပေါက်ကွဲလျက်ရှိနေပြီး ကမ္ဘာမြေအတွက် လိုအပ်သော အပူဓာတ်နှင့် အလင်းရောင်တို့ကို ထုတ်လွှတ်ပေးလျက် ရှိနေသည်။ ကမ္ဘာကြီးကို လေထုက ဖုံးလွှမ်းရစ်ခြုံထားပြီး လေထု၏ ဖိအားကြောင့် လူတို့ အသက်ရှင်ရေးအတွက် ရှူရှိုက်ရသည့် အောက်ဆီဂျင်ကို လေထဲက အပြည့်အဝ ရရှိသည်။ ဤသို့သော အကြောင်းချင်းရာများကြောင့် ကမ္ဘာမြေပေါ်တွင် လူသားတို့နှင့်တကွ ဇီဝမျိုးစုံတို့ ရှင်သန်ရပ်တည်လျက် မျိုးဆက်ပွားကြရသည်။

မြေကမ္ဘာပေါ်၌ ရှင်သန်လျက်ရှိကြသော သက်ရှိတို့၏ ၉၀ ရာခိုင်နှုန်းသည် သစ်ပင်များပေါ်၌လည်းကောင်း၊ သစ်ပင်များ၏ အနီးအနား၌လည်းကောင်း နေထိုင်လျက်ရှိနေကြသည်။ သက်ရှိအများစုက သစ်ပင်ကို အမှီသဟဲပြုကာ နေထိုင်လျက်ရှိနေသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့မရှိကြပေ။

တစ်ဟက်တာ အကျယ်အဝန်းရှိ မိုးသစ်တောအတွင်း၌ အပင်မျိုးစိတ်ပေါင်း ၅၀၀ မျှ ရှင်သန်ပေါက်ရောက်ကြီးထွားနိုင်ပြီး အပင်ပေါက်ရောက်မှု နည်းပါးလှသည်ဟု ဆိုကြသော ထင်းရှူးတောများ၌ပင် အဆိုပါ အကျယ်အဝန်းအတွင်း၌ သစ်ပင်မျိုးစိတ် ၁၅၀ နီးပါး ရှင်သန်ပေါက်ရောက်နေကြောင်း လေ့လာတွေ့ရှိကြရသည်။ သစ်ပင်များကြောင့် သက်ရှိလူသားတို့က စားစရာ အစားအစာ၊ နေစရာ အိမ်နှင့် သောက်စရာရေများကို ဖူလုံစွာ ရရှိနေကြသည်။

သစ်ပင်တို့၏ အသီး၊ အပွင့်နှင့် အရွက် စသည်တို့ကို လူတို့က အာဟာရအဖြစ် စားသုံးလျက်ရှိနေကြသည်။ သစ်တောထွက် ပစ္စည်းများဖြင့် ဆောက်လုပ်ထားသော နေအိမ်များထဲ၌ လူတို့က လုံခြုံစွာနေထိုင်လျက် ရှိနေကြသည်။ မြေဆီလွှာနှင့် ရေဓာတ်ကို ထိန်းပေးထားသော သစ်ပင်များကြောင့် လူတို့က ရေတွင်း၊ ရေကန်၊ အဝီစိတွင်း စသည်တို့မှ သောက်သုံးရေများကို ရယူသုံးစွဲလျက် ရှိနေကြသည်။ သစ်ပင်များ မရှိတော့လျှင် သော်လည်းကောင်း၊ သစ်ပင်အများစု ပြုန်းတီးသွားခဲ့လျှင် သော်လည်းကောင်း၊ သစ်ပင်များကို မှီခိုနေထိုင်ကြသည့် လူတို့အပါအဝင် ဇီဝမျိုးကွဲပေါင်းများစွာတို့၏ ဂေဟစနစ်ပျက်စီးသွားလိမ့်မည် ဖြစ်သည်။

သစ်ပင်ကို မှီတွယ်နေထိုင်လျက် ရှင်သန်နေကြရသော သက်ရှိအများစုသည် အင်းဆက်ပိုးမွှားများ ဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ပီရူးနိုင်ငံ၏ သစ်တောအတွင်း၌ သစ်ပင်တစ်ပင်တည်းကို အမှီသဟဲပြု၍ ရှင်သန်နေထိုင်လျက်ရှိသော ပုရွက်ဆိတ် မျိုးစိတ်ပေါင်း ၄၃ မျိုးကို ရှာဖွေတွေ့ရှိလိုက်ကြခြင်းက သက်ရှိတို့၏ ရှင်သန်မှုအတွက် သစ်ပင်၏အရေးပါပုံကို ဥပေက္ခာပြု၍မရနိုင်ကြောင်း ကမ္ဘာသိအောင် မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်သည်။

သစ်ပင်များ၏ အလင်းဖွဲ့ အစာချက်ခြင်းဖြစ်စဉ်ကြောင့် သစ်ရွက်များသည် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးလျက်ရှိကြသည်။ ကမ္ဘာ့လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို မြေပြင်ပေါ်ရှိ သစ်ပင်များက ထုတ်လွှတ်ပေးနေခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့် ဆိုရလျှင် ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လွှတ်ပေးနိုင်သည်။

ရေညှိ၊ရေမှော် အပင်ငယ်ကလေးများနှင့် ရေအောက်၌ ပေါက်ရောက်ရှင်သန်သော အပင်များကလည်း ကမ္ဘာကြီးအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ် ပေးလျက် ရှိနေကြသည်။ ကမ္ဘာအရပ်ရပ်ရှိ ရေပြင်များပေါ်မှ ရေညှိရေမှော်ပင်များနှင့် ရေပြင်အောက်ရှိ အပင်မျိုးစိတ်ပေါင်းများစွာတို့၏ အလင်းဖွဲ့အစာချက်သည့် သဘာဝဖြစ်စဉ်ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင် ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ် ပေးနေကြသည်။

လူတို့၏ ပယောဂကြောင့် ဖြစ်ရသော ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် သမုဒ္ဒရာအတွင်းရှိ ရေများ၏ အပူချိန်မှာ မြင့်တက်လာရသည်။ ကမ္ဘာ့သမုဒ္ဒရာများ ပူနွေးလာခြင်းသည် ရေအောက်အပင်များကို သေကြေပျက်စီးစေသည်။ ရေအောက် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေကာ အောက်ဆီဂျင် ထုတ်လွှတ် ပေးမှုကိုပါ ထိခိုက်သည့် ထပ်ဆင့်ဆိုးကျိုးများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်တော သစ်ပင်များ ပြုန်းတီးနေခြင်းသည်လည်း ကာဗွန်သံသရာလည်ခြင်း ဖြစ်စဉ်ကို ကစဉ့်ကလျား ဖြစ်စေသည့်အပြင် မြေဆီလွှာ တိုက်စားမှုကိုပါ ဖြစ်ပေါ်စေပြီး ရေရှည်တွင် ကြီးမားသော အကျိုးဆက်များကို ဖြစ်ပေါ် လာစေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က လယ်ယာစိုက်ခင်းများ ဖော်ထုတ်ရန်အတွက် သစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့သောလုပ်ရပ်ကြောင့် အပေါ်ယံမြေဆီလွှာ ကုဗမီတာ ၉၀၀၀၀ ကျော် တိုက်စားပျက်စီးခဲ့ရာမှ သဘာဝဘေးအန္တရာယ်နှင့်တကွ အငတ်ဘေး အကြီးအကျယ်ဆိုက်ခဲ့ရသော ဟေတီနိုင်ငံ၏ ဖြစ်ရပ်သည် ကမ္ဘာ့နိုင်ငံများ အားလုံးကို သင်ခန်းစာ ရရှိစေသည်။ လက်ရှိအချိန်တွင် ဟေတီသည် ကမ္ဘာပေါ်၌ ငတ်မွတ်ခေါင်းပါးမှု အမြင့်ဆုံးသော နိုင်ငံအဖြစ်သို့ ရောက်ရှိနေသည်။

သစ်ပင်များသည် မြေဆီလွှာကို ထိန်းသိမ်းပေးရုံသာမက ရေကြောနှင့် ရေစီးကြောင်းကြီးများကိုပါ ထိန်းသိမ်းပေးနိုင်စွမ်းရှိကြသည့်အတွက် ရုတ်တရက် ရေကြီးမှုမျိုးကို တားဆီးပေးနိုင်ကြသည်။ မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်ရှိ သစ်ပင်သစ်တောများသည် ရေနေသတ္တဝါများကို သေကြေပျက်စီးစေနိုင်သော မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်စွမ်း ရှိကြသည်။

သိပ္ပံနည်းကျ စနစ်တကျတွက်ချက်ကာ အကွက်ချပြီး စိုက်ပျိုးထားသော သစ်ပင်ပေါင်း သန်း ၅၀ သည် အရွယ်ရောက်ကြီးထွားလာသည့်အခါ ဖန်လုံအိမ်အာနိသင်ကို တိုးမြင့်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မက်ထရစ်တန်ပေါင်း ၄ ဒသမ



၅ သန်းကို စုပ်ယူနိုင်ကြောင်း သုတေသနပြုတွေ့ရှိရသည်။ သစ်ပင်များသည် ကာဗွန်ဓာတ်ငွေ့ကို အပင်၏ ဇီဝဒြပ်ထုထဲ၌ သိုလှောင် ထားနိုင်ရုံမက မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်ထားနိုင်စွမ်းရှိသည့်အတွက် ရာသီဥတု ကောင်းမွန်မျှတအောင် အထောက်အပံ့ပြုလျက် ရှိနေကြသည်။

ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက် သစ်တောများသည် အခြားဒေသရှိ သစ်တောများထက် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူသိုလှောင်နိုင်စွမ်းအား ပိုမိုမြင့်မားသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ သစ်တောဧရိယာ စုစုပေါင်း၏ ၀ ဒသမ ၇ ရာခိုင်နှုန်းမှာ ဒီရေရောက်သစ်တောများဖြစ်ကြပြီး အပူပိုင်း မုတ်သုံသစ်တောများထက် ကာဗွန်ကို နှစ်ဆမှ လေးဆခန့်အထိ ကာဗွန်ကို ပိုမိုစုပ်ယူသိုလှောင်ပေးထားနိုင်ကြသည်။

အပူပိုင်းဒေသ ဒီရေရောက်တောများ ပျက်စီးသွားခဲ့လျှင် တစ်ကမ္ဘာလုံးရှိ သစ်တောပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဓာတ်ငွေ့စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို လေထုထဲသို့ ပြန်လည် ထုတ်လွှတ်လိမ့်မည် ဖြစ်သည်။ ဒက္ခိဏယဉ်စွန်းတန်းနှင့် ဥတ္တရယဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက် သစ်တောများ၏ ဧရိယာသည် ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် ရာစုနှစ်ဝက်အတွင်း ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။

သစ်တောပြုန်းတီးမှုသည် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံး ဖြစ်ပေါ်လျက်ရှိနေပြီး တစ်ကမ္ဘာလုံး သစ်တောပြုန်းတီးမှု၏ ထက်ဝက်ခန့်ပင် ရှိနေသည်။ စီးပွားရေးအတွက် အလွန်အကျွံ ခုတ်လှဲခြင်း၊ သစ်ထုတ်လုပ်မှုနည်းစနစ် မှန်ကန်မှုမရှိခြင်း၊ စိုက်ပျိုးမြေနေရာများ တိုးချဲ့ခြင်း၊ သစ်တောများမီးလောင်ခြင်း၊ သစ်တော ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်းနှင့် ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်မှုမရှိခြင်းများသည် သစ်တောများ ပြုန်းတီးမှုကို ဦးတည်လျက် ရှိနေသည်။

ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ ၆၅ ရာခိုင်နှုန်းကျော်သည် ဂေဟစနစ် ကောင်းမွန်သော သစ်တောများထဲ၌ ရှင်သန်တည်ရှိနေကြသည်။ ကမ္ဘာ့ရာသီဥတုကို ဇီဝမျိုးစုံမျိုးကွဲတို့က ဟန်ချက်ညီညီ ထိန်းကျောင်း ပေးထားသည့်အတွက် သစ်တောများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုကို ပြန်လည်ကောင်းမွန်မျှတလာစေလိမ့်မည် ဖြစ်သည်။

လူနေထူထပ်သော မြို့ကြီးပြကြီးများ၌ ကွန်ကရစ် အဆောက်အအုံများ တိုးပွားများပြားလာလေ့ရှိရာ အဆိုပါ ကွန်ကရစ်အဆောက်အအုံများ၏ သိပ်သည်းဆကြောင့် သစ်သားအဆောက်အအုံများပြားသော မြို့ပြများထက် အပူချိန် ၃ ဒီဂရီ ဆဲလ်စီးယပ် ပိုမိုမြင့်မားလျက်ရှိနေသည်။ ထိုသို့သော လူနေထူထပ်သည့် မြို့ကြီးပြကြီးများတွင် သစ်ပင်များကို အများအပြား စိုက်ပျိုးခြင်းဖြင့် အပူချိန် မြင့်တက်နေမှုကို သိသာစွာလျှော့ချနိုင်သည်။

စက်မှုတိုးတက်ထွန်းကားမှု အရှိန်အဟုန်မြင့်မားနေသော ယနေ့ခေတ်ကာလ၌ ပူသောအရပ်ဒေသများအတွက် သစ်ပင်များက အပူချိန်ကို သိသာစွာ လျှော့ချပေးနိုင်သောကြောင့် လေအေးစက်ကဲ့သို့သော အပူဒဏ်ကို ရှောင်လွှဲနိုင်သည့် စက်ပစ္စည်းများ တပ်ဆင်အသုံးပြုရသည့် စရိတ်စကများကို သိသိသာသာ လျှော့ကျစေခြင်း၊ အေးသောအရပ်ဒေသများ၌ တိုက်ခတ်သော အရှိန်ပြင်းသည့် လေအေးများကို သစ်ပင်များက ဟန့်တား ခုခံပေးထားနိုင်ကြသည့်အတွက် အပူပေးစက်များ တပ်ဆင်အသုံးပြုရသည့် ကုန်ကျစရိတ်ကို ကောင်းစွာ လျှော့ချနိုင်ခြင်းတို့သည်လည်း လက်တွေ့ကျသော သာဓကများ ဖြစ်ကြသည်။

မျိုးသုဉ်း ပျောက်ကွယ်သွားနိုင်သည့် အော်ရန်အူတန် မျောက်ဝံများ အပါအဝင် သက်ရှိမျိုးစိတ် ၁၀၀ ကျော်ကို ကယ်တင်ရန် လုပ်ဆောင်နေသော အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောထိန်းသိမ်းရေး စီမံချက်သည် လည်းကောင်း၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုက်) ထွက်စေသော စီးပွားရေးလုပ်ငန်းများကို ဒဏ်တပ်ရိုက်သည့် ကင်ညာနိုင်ငံ၏ ကာဆီဂေါ(Kasigau) ဘေးမဲ့ကြိုးဝိုင်း ထိန်းသိမ်းရေးစီမံချက်သည်လည်းကောင်း ကမ္ဘာ့သစ်တောသစ်ပင်များ မပြုန်းတီးရေးလှုပ်ရှားမှု၏ စံပြနမူနာကောင်းများ ဖြစ်ကြသည်။

အလားတူပင် ဂျာမနီနိုင်ငံ စတူးဂတ်မြို့၌ အရိပ်ရအပင်များကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲခြင်းမပြုရန် အမိန့်ထုတ်ပြန်ထားခြင်း၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်ဧရိယာ စုစုပေါင်းအကျယ်အဝန်း၏ ၇၀ ရာခိုင်နှုန်းကို သစ်ပင်များ စိုက်ပျိုးရန်နှင့် ရေသိုလှောင်ရာ နေရာများအဖြစ် သီးသန့်ထားရှိရန် နှစ်ရှည် စီမံကိန်းချမှတ်လုပ်ဆောင်နေခြင်း၊ ဂျပန်နိုင်ငံ နာဂိုယာမြို့အနီးရှိ အသစ်ဖော်ထုတ်ထားသော မြေယာစီမံကိန်း၌ အပင်များကို မဖြစ်မနေစိုက်ပျိုးရန် သတ်မှတ်ပေးထားခြင်း စသည်တို့သည် သက်ရှိတို့၏ ကျေးဇူးရှင်ဖြစ်သော သစ်ပင်များ၏ အဖိုးအနဂ္ဃ ထိုက်တန်မှု ပြယုဂ်များပင် ဖြစ်ကြသည်။

ထို့ကြောင့်ပင် တစ်နေ့တခြား ဆိုးရွားလာနေသော ကမ္ဘာ့ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်နေခြင်းကို ပြန်လည်တည့်မတ်စေလိုလျှင် ... သဘာဝဘေးအန္တရာယ် အသွယ်သွယ်တို့မှ ရှောင်လွှဲလိုကြလျှင်... ဂေဟစနစ် ပျက်သုဉ်းလာမှုနှင့်အတူ သတ္တဝါများ မျိုးဗီဇပြောင်းလဲလာနေခြင်း၏ ခြိမ်းခြောက်မှုအန္တရာယ်မှ အကာအကွယ်ရလိုကြလျှင် ...ရေအရင်းအမြစ်များ ဆုံးရှုံးနေရမှုကို အဖတ်ဆယ်လိုကြလျှင်... သက်ရှိတို့၏ ကျေးဇူးရှင်ဖြစ်သော သစ်ပင်များ တိုးပွားများပြားလာအောင် မဖြစ်မနေ အားထုတ် လုပ်ဆောင်ကြရမည် ဖြစ်သည်။

အချုပ်ဆိုရသော် လူသားမျိုးနွယ်တို့၏ ဘဝရှင်သန်ရပ်တည်မှုအတွက်...လူ့ဘဝ၏ အနာဂတ်အတွက်...လူ့လောက၏ မျိုးဆက်သစ်များအတွက်...သက်ရှိတို့၏ ကျေးဇူးရှင်ကို ပျိုးထောင်ယုယ စိုက်ပျိုးကြရမည်သာ ဖြစ်ပေသည်။ ။

**သစ်ပင်များသည် မြေဆီလွှာကို ထိန်းသိမ်းပေးရုံသာမက ရေကြောနှင့် ရေစီးကြောင်းကြီးများကိုပါ ထိန်းသိမ်းပေးနိုင်စွမ်းရှိကြသည့်အတွက် ရုတ်တရက် ရေကြီးမှုမျိုးကို တားဆီးပေးနိုင်ကြသည်။ မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်ရှိ သစ်ပင်သစ်တောများသည် ရေနေသတ္တဝါများကို သေကြေပျက်စီးစေနိုင်သော မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်စွမ်းရှိကြ . . .**

# သဘာဝအင်းမကြီးတွင် ရေဝင်ရေထွက်ကောင်းမွန်ရန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ရေစကြို ဇွန် ၂၂**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မအူအောက်ဆိပ်ကျေးရွာနှင့်မအူအလယ်ကျေးရွာအုပ်စု အတွင်းရှိ နှစ်ပေါင်းရာချီသက်တမ်းရှိပြီဖြစ်သော မအူအင်းဟုခေါ်သော သဘာဝ အင်းကြီး ရှိသည်ဟုသိရသည်။

ယခုနှစ်များအတွင်မအူအင်းကြီးမှ ရေတံခါးများမှာ ပျက်စီးယိုယွင်းလာလျက်ရှိပြီး အင်းပင်မရေခေါ်မြောင်းများနှင့် ရေသွယ်မြောင်းများအတွင်း နုန်းများပို့၍ အလေ့ ကျသစ်ပင်ချုံနွယ်များဖြင့်ပိတ်ဆို့လျက်ရှိသဖြင့် ရေတံခါးများအသစ်တည်ဆောက်ခြင်း၊ ရေခေါ်မြောင်းမကြီးနှင့် ရေမြောင်းများပြန်လည်တူးဖော်ခြင်း၊ အင်းတာပေါင်များကို မြင့်တင်ခြင်းနှင့် အင်းပေါင်ဝအကျယ်ချဲ့ခြင်းတို့ကို ဇွန်လမှစတင်ကာ ခရိုင်ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်လျက်ရှိပြီး အဆိုပါ မအူအင်းမကြီးအကျယ်မှာ တစ်မိုင်ပတ်လည်ကျော်ကျော်ခန့်ရှိသည်။

“၂၀၁၅ ခုနှစ်တုန်းက နှစ် ၁၀၀ လောက်မှာ တစ်ကြိမ်လောက်သာ ဖြစ်တတ်တဲ့ ရေကြီးခဲ့ပြီး မူရင်းတာပေါင်ကို ကျော်တဲ့အထိ ရေလွှမ်းသွားခဲ့ပါတယ်။ အခု အင်းတာပေါင်ကြီးကို နောက်ထပ် ၃ပေမြှင့်ပါမယ်။ တာပေါင်လက်ရှိ ထိပ်အကျယ်က ၁၄ ပေလောက်ပဲ ကျယ်ပါတယ်။ အခု ၁၈ ပေကျယ်တဲ့ တာပေါင်ပေါ်မှာ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လက်ရှိ ရေတံခါးက ၁၉၉၆ ခုနှစ်လောက်ကတည်းက တည်ဆောက်ထားတဲ့ ရေတံခါးတွေဖြစ်တဲ့ အတွက်ကြောင့် ရေတံခါးတွေရဲ့ကြံ့ခိုင်မှုလုံးဝမရှိတော့လို့ ရေတံခါးအချပ်တွေကို အသစ်ပြန်တပ်ပေးပါမယ်။ အင်းထဲမှာရှိတဲ့ရေကို နွေရာသီမှာ တောင်သူတွေက အသုံးပြုလို့မရပါဘူး။ အခု ကျွန်တော်တို့ အင်းထဲမှာ လက်ယာမြောင်းသွယ်နဲ့လက်ဝဲမြောင်းသွယ် ရေမြောင်းနှစ်ခုကို တူးဖော်ထားပြီး မြောင်းသွယ်ထဲကို နွေအခါမှာ အင်းထဲကရေကို မြောင်းထဲသွယ်ယူပြီးတော့ အင်းတာပေါင်အတွင်းမှာရှိတဲ့ အင်းရေပြင်နဲ့ အလုမ်းဝေးနေတဲ့ အင်းမြေနေရာများမှာ နွေနှမ်း ဧက ၁၀၀ လောက်ကို တောင်သူက စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ နွေနှမ်းတွေကို ရေနည်းနည်း၊ အထွက်နှုန်းကောင်းကောင်းနဲ့ စိုက်ပျိုးနိုင်အောင်လည်း စိုက်ပျိုးရေးဦးစီးဌာနနဲ့ပူးပေါင်းပြီးတော့ စိုက်နည်းစနစ်တွေ သင်ကြားပေးသွားမှာပါ”ဟု ဆည်မြောင်းဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး (မြို့ပြ) ဦးကျော်မင်းထွန်းက ပြောသည်။

အဆိုပါ အင်းမကြီးအတွင်း ပြုပြင်တည်ဆောက်မှုများပြီးစီးပါက စိုက်ပျိုးလျက်ရှိသော တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား များစွာအကျိုးဖြစ်ထွန်းမှုရှိမည်ဖြစ်ကြောင်း သိရသည်။

မအူအင်းမကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီးခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း ၁၄၆၀ ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ယခုအချိန်သည် ချင်းတွင်းမြစ်ရေမြင့်တက်လာလျက်ရှိရာ ရေတံခါးအသစ်ပြန်လည်တပ်ဆင်ခြင်းနှင့် မြောင်းများတူးဖော်ခြင်း၊ ရေခေါ်မြောင်းအဝင်အထွက်များကို ကွန်ကရစ်ခင်းခြင်းစသည့် ရေခေါ်မြောင်းတည်ဆောက်ခြင်းနဲ့ ရေဝင်ပေါက်တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လကုန်၌ ပြီးစီးအောင်အလျင်အမြန် ဆောင်ရွက်သွားမည်ဖြစ်ပြီး အင်းတာပေါင်မြှင့်တင်ခြင်း တာပေါင်ထိပ်ဝချဲ့ခြင်းနှင့် ပေါင်ပေါ်တွင် မြေနီကျောက်စရစ်ခင်းခြင်းတို့ကို ဇူလိုင်လတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။


ရေခေါ် မြောင်းမကြီးတည်ဆောက်ပြီးစီးနေမှုအား တွေ့ရစဉ်

**အိမွန်ဆွေ(ရေစကြို)**

# ပွင့်ဖြူမြို့နယ်တွင် နွေနှမ်းပျက်၍ ပျားမွေးမြူရေး အခက်ကြုံလျက်ရှိ

**ပွင့်ဖြူ ဇွန် ၂၂**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် နွေနှမ်းစိုက်ပျိုးတောင်သူများ အယ်နီညို ရာသီဥတုဒဏ်ကြောင့် နှမ်းခင်းများပျက်စီးသဖြင့် ပျားမွေးမြူ၍ ပျားရည်ထုတ်လုပ်သူများ အခက်အခဲတွေ့လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် လယ်ဖီလာကျေးရွာ ကံသာကြီးကျေးရွာ၊ လယ်ကိုင်းကျေးရွာနှင့် မင်းဘူး-စလင်း ကားလမ်း ဘေးဝဲယာ နှမ်းစိုက်ခင်းများတွင် နွေးနှမ်းကို ဧကများစွာ အဓိကထား စိုက်ပျိုးလျက်ရှိရာ အယ်နီညို ရာသီဥတု အပူဒဏ်ကြောင့် စိုက်ပျိုးချိန်တွင် နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန် ရေဖျန်း၍ စိုက်ပျိုးပြုစုပျိုးထောင်ခဲ့ရသော်လည်း နှမ်းပင်များ အဖူးအပွင့်ဝင်ချိန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် အောက်ခြေအစိုကိုက်ကာ ရိုးချောင်လိုက် ပျက်စီးကြရသည်။ မိုးရေကို စက်များဖြင့် နှမ်းခင်းထဲမှ စုပ်ထုတ်နိုင်သော တောင်သူများမှာလည်း အဖူးအပွင့်များလှိုင်ချိန် မိုးရွာသွန်းမှုကြောင့် ဝတ်မှုန်မကူးနိုင်ဘဲ ဒေသအခေါ် (မှုန်စုတ်)များဖြစ်ပေါ်၍ အသီးမပါရှိသည့် အပင်များသာ ကျန်ရှိခဲ့ကြသည်။ နွေနှမ်းစိုက်တောင်သူများ ဧကများစွာပျက်စီးဆုံးရှုံးခဲ့ရပြီး အချို့တောင်သူများသည် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် နှမ်းခင်းများကို ဖျက်သိမ်းလျက်ရှိကြသည်။



ကံသာကြီးကျေးရွာမှ နွေနှမ်းစိုက်တောင်သူတစ်ဦးက “ယခုနှစ်က နွေနှမ်းကို သုံးခါပြန် စိုက်ပျိုးရတယ်။ နွေနှမ်းရရင် မိုးစပါး စိုက်ပျိုးစရိတ်အထောက်အကူရပြီပေါ့၊ ရာသီဥတုကပူတော့ နှမ်းခင်းတွေကို စက်ရေတင်နဲ့ ရေဖျန်းစိုက်ပျိုးရတယ်။ ဇွန်လဆန်းကတည်းက မိုးကကောင်းနေတော့ နှမ်းခင်းတွေ ရေဝပ်ကုန်တယ်။ နှမ်းပင်တွေ အမြစ်ပုပ်ပြီး ရိုးချောင်လိုက်ကုန်တယ်။ အရင်းလည်းရှုံး၊ အမြတ်လည်းမရ၊ မြို့နယ်ဖွံ့ဖြိုးဘဏ် စိုက်ပျိုးစရိတ်ချေးငွေနဲ့ မိုးစပါးပဲစိုက်ဖို့ စီစဉ်နေကြတယ်”ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်ဒေသအတွင်းနှင့် အခြားမြို့နယ်များမှ ပုဂ္ဂလိကပိုင် တစ်ပိုင်တစ်နိုင် ပျားမွေးမြူရေးလုပ်ငန်းရှင်များမှ နွေနှမ်းစိုက်ပျိုးရာသီတွင် နှမ်းခင်းများဘေးဝန်းကျင်တွင် ပျားပုံးများထားရှိ၍ ပျားရည် ထုတ်လုပ်ကြရာ ယခုနှစ်တွင် နှမ်းခင်းများပျက်စီးမှုကြောင့် ပျားရည်ထုတ်လုပ်နိုင်မှုကျဆင်းသဖြင့် အရှုံးပေါ်ကာ အခက်ကြုံလျက်ရှိကြသည်။

ပျားမွေးမြူရေး ပုဂ္ဂလိကပိုင် လုပ်ကိုင်နေသော (KTM) အဖွဲ့ ဦးဆောင်သူက “အရင်နှစ်တွေက နွေနှမ်း တစ်ရာသီကို ပျားပုံးတစ်ရာချထားရင် ဂါလန် ၅၀ ဆံ့ သုံးပီပါထိ ထုတ်ယူရရှိပါတယ်။ အခုနှစ်ကတော့ စလုပ်ကတည်းက ယခုထိ တစ်ခါပဲ ပျားရည်ထုတ်တာ ပျားပုံး ၁၀၀ မှ တစ်ပီပါပဲရတယ်။ အလုပ်သမားစရိတ်၊ သယ်ယူပို့ဆောင်စရိတ်၊ ပျားအစာကျွေးစရိတ်နဲ့ဆို အများကြီး အရှုံးပေါ်တယ်။ ရာသီဥတုကြောင့် နှမ်းခင်းတွေပျက်တယ်။ နှမ်းခင်းပျက်တော့ ကျွန်တော်တို့ ပျားရည်ထုတ်လုပ်သူတွေ အခက်ကြုံတာပေါ့၊ ဒါကြောင့် ဇွန်လကတည်းကမိုးကောင်းနေတာ၊ ဇူလိုင်လထဲဆို မိုးများလာမယ်လို့ယူဆပြီး မကွေးအရှေ့ဘက် ကံပြား-နေပြည်တော် လမ်းဘေးဝဲ၊ ယာကို ရွှေ့ပြောင်းဖို့ စီစဉ်နေတယ်။ ဒီမှာ ဆက်နေရင် ပျားတွေကို နှစ်ရက်တစ်ခါ ပျားပုံးတစ်ပုံးကို သကြား၁၂ကျပ်ခွဲသား (အဝက်သား)ပုံမှန်ကျွေးနေရတာ၊ မှိုရောဂါတွေ ဝင်မှာစိုးလို့ ကာကွယ်ဆေးလည်း ပုံမှန် ဖျန်းပက်ပေးနေရတယ်၊ ဒါကြောင့် မကွေး-ကံပြားဘက်ဆိုရင် ပျားတွေ ဝတ်ရည်အသင့်အတင့် စုပ်ယူနိုင်မယ်။ အစာကျွေးစရိတ်သက်သာမယ်။ ရောဝတီမြစ်လယ် ကျွန်းထဲ စိုက်ပျိုးချိန်ကျမှ မင်းဘူးဘက်ဆင်းပြီး မြစ်ကမ်းနား ကျေးရွာများမှ စိုက်ခင်းများကို ပျားပုံးချဖို့ စီစဉ်ထားတယ်”ဟုပြောသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ဆန်စပါးနှင့် ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံ၊ သရက်၊ ပိန္နဲနှင့် ငှက်ပျောမျိုးစုံတို့ကို စိုက်ပျိုးအောင်မြင်လျက်ရှိရာ ရာသီဥတုပြောင်းလဲမှုများကြောင့် စိုက်ပျိုးရေးအဓိကထား လုပ်ကိုင်နေကြသည့် တောင်သူများ အခက်အခဲကြုံလျက်ရှိရာမှ ပျားမွေးမြူရေးလုပ်ငန်းများပါ အခက်အခဲတွေ့ကြုံနေရကြောင်း သိရှိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေပုံဇယားထုတ်ပေး

**ရေကြည် ဇွန် ၂၂**
ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် တွတ်ပလွတ်ကျေးရွာအုပ်စု ကိုင်းငူကျေးရွာတွင် ဇွန် ၂၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲထွဋ်နိုင် ဦးဆောင်သော မြို့နယ်လုပ်ငန်းအဖွဲ့မှ ကျေးရွာမြေပုံဇယားများထုတ်ပေးနိုင်ရေး၊ ကျေးရွာမြေပုံဇယားနှင့်ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများအား ကျေးရွာ ပြည်သူလူထုသို့ ရှင်းလင်းဟောပြောပေးခဲ့သည်။

သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောမြို့နယ်လုပ်ငန်းအဖွဲ့မှ ကျေးရွာရှိ အိမ်ခြေ ၄၅ လုံးအနက် သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်စုံသော အိမ်ခြေများအား ကျေးရွာမြေပုံဇယားထုတ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ စိစစ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**



## သတင်းတိုများ

### ကျောက်မဲတွင်အခြေခံပညာကျောင်းများ၌စားသုံးသူကာကွယ်ပေးရေးပညာပေး

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့် ကျောင်းအတွင်းအပြင် မုန့်ဆိုင်များအားစစ်ဆေးခြင်းလုပ်ငန်းများကို စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးတို့မှ ဇွန် ၂၀ ရက်က ဆောင်ရွက်ပေးခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များသာ စားသုံးရန်၊ အရောင်ဆိုးဆေးများအသုံးပြုထားသည့် အစားအသောက်များ လုံးဝမစားကြရန်၊ ထုတ်လုပ် ကုန်ဆုံးရက်စွဲမပါခြင်း၊ သုံးစွဲရမည့်ရက်ကျော်လွန်နေသောစားသောက်ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ မိမိမှနားမလည်၊ မဖတ်တတ်သောစာသားများဖြင့် ရေးသားထုပ်ပိုးထားသည့် စားသောက်ကုန်များကို စားသောက်ခြင်းမပြုရန်နှင့် FDA ထောက်ခံချက်ပါသော အစားအသောက်များကိုရွေးချယ်၍ စားသောက်ကြရန် မှာကြားကာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး နောက်ရက်များတွင်လည်း အခြားကျောင်းများတွင် ဆက်လက်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**

### သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ ဆင့်ပွားသင်တန်း (၂/ ၂၀၁၆)ကို ဇွန် ၂၁ ရက်က တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းဆွေးနွေးသည်။

သင်တန်းသို့ ပဲခူးမှ ခုနစ်ဦး၊ သနပ်ပင်မှ ၁၀ ဦး၊ ကဝမှ သုံးဦး၊ ညောင်လေးပင်မှ သုံးဦး၊ ဝေါမှ လေးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သုံးဦး စုစုပေါင်း ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည် ဖြစ်သည်။

သင်တန်းအား ပဲခူးခရိုင်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူငယ်များ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ဗဟုသုတများ သိရှိကာ မိမိရပ်ရွာဒေသတွင် ဖြစ်နိုင်သည့် ဘေးအန္တရာယ်များ ရှောင်ရှားနိုင်သည့်နေရာ လျော့ပါးသွားအောင် ဆောင်ရွက်ရမည့် အခြေအနေများကို လေ့လာပြီး ဆင့်ပွားသင်တန်းများထပ်ဆင့်ပေးခြင်း ဘေးအန္တရာယ် ကြုံတွေ့လာရသည့်အခါ ရပ်ရွာပြည်သူလူထုကို ကာကွယ်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

### ကလေးမြို့တွင် လျှပ်စစ်ဓာတ်အားရရှိခြင်းမရှိသေးသည့် ရပ်ကွက်များအတွက် ဓာတ်အားရရှိရေးဆောင်ရွက်

ကလေးခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ရက် ၁၀၀ စီမံချက်အရ ကလေးမြို့ပေါ်ရပ်ကွက်အတွင်း လျှပ်စစ်ဓာတ်အားရရှိခြင်းမရှိသေးသော ကြို့သုံးပင်ရပ်ကွက်လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁/ ၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့လိုင်းအရှည် ၁ ဒသမ ၄၄ မိုင် တည်ဆောက်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် ရေဘေးသင့်ရွှေ့ပြောင်းကျေးရွာ ၁၁ ရွာအား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးရန်အတွက် ၄၀၀ ဗို့လိုင်း အရှည် ၁၇ ဒသမ ၀၆ မိုင် တည်ဆောက်ပေးခြင်း၊ အိမ်တွင်းဝိုင်ယာများ သွယ်တန်းပေးခြင်းလုပ်ငန်းများကို လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှ ဖွဲ့စည်းတာဝန်ပေးထားသော ကြီးကြပ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတို့၏ ကြီးကြပ်ပံ့ပိုးမှုတို့နှင့်အတူဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုအချိန်တွင် အိမ်ခြေ ၁၄၀၅ အိမ်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အုပ်စု ဗိုလ်နေရာလုကြမယ့် အီတလီနဲ့ ဘယ်လ်ဂျီယံ

**မိုးမြင့်လင်းလက်**

ယူရို ၂၀၁၆ အုပ်စုပြိုင်ပွဲတွေ ဆက်လက်ကစားလျက်ရှိရာမှာ အုပ်စု(E) ပြိုင်ပွဲတွေကိုတော့ ဇွန် ၂၃ ရက်မှာ ကစားဖို့ ရှိနေတာပါ။ အုပ်စု(E)တော့ အဓိကပြိုင်ဘက်တွေအဖြစ် ဆွီဒင်နဲ့ ဘယ်လ်ဂျီယံ၊ အီတလီနဲ့ အိုင်ယာလန်တို့ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ အုပ်စု(E)မှာတော့ အီတလီက နှစ်ပွဲကစား ခြောက်မှတ်၊ ဘယ်လ်ဂျီယံက သုံးမှတ်၊ ဆွီဒင်နဲ့ အိုင်ယာလန်တို့ကတော့ တစ်မှတ်စီပဲ ရထားကြတာပါ။ ဆွီဒင်နည်းပြ မတ်ဝီလ်မုတ်ကတော့ သူ့ကစားသမားတွေကို ၁၆ သင်း ရှုံးထွက်အဆင့်တက်နိုင်အောင် ကစားပေးဖို့ တိုက်တွန်းထားတာပါ။ နာမည်ကြီး တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကတော့ ဆွီဒင်အသင်း အောင်နိုင်ဖို့အတွက် အဓိက တာဝန်ရှိနေပါတယ်။ ဒီဘရိုင်း ဦးဆောင်တဲ့ ဘယ်လ်ဂျီယံအသင်းကတော့ အီတလီကို အဖွင့်ပွဲမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် အနိုင်ရဖို့ အတော်လေး ခြေကုန်ထုတ်ကစားရဖို့ ရှိပါတယ်။ ဒီဘရိုင်း အပါအဝင် ဘယ်လ်ဂျီယံ ကစားသမားတွေ ပုံမှန်ခြေစွမ်းမပြနိုင်ခဲ့လို့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတာပါ။ ဇွန် ၂၃ ရက်မှာ ဆွီဒင်နဲ့ ဘယ်လ်ဂျီယံတို့ပွဲဟာ အရှုံးတွေကို ရင်ဆိုင်နေရပေမယ့် နိုင်ပွဲကို စတင်ဖို့ ပြင်ဆင်နေကြတာပါ။ တကယ့်ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာဖို့ ရှိနေတာပါ။ လက်ရှိခြေစွမ်းတွေအရ ဘယ်လ်ဂျီယံအသင်းမှာ နာမည်ကြီး ကစားသမားတွေ ပါဝင်နေပေမယ့် ဆွီဒင်အသင်းရဲ့အဓိက တိုက်စစ်မှူးဖြစ်တဲ့ အီဘရာဟီမိုဗစ်ကတော့ ဒီပွဲမှာ အနိုင်ရအောင် ကစားဖို့ ရှိနေပါတယ်။

**အီတလီနှင့် အိုင်ယာလန်**

အီတလီအသင်းကတော့ လက်ရှိအခြေအနေမှာ အုပ်စုမှာ အခြေအနေကောင်းနေပါတယ်။ အီတလီအသင်းဟာ ဆွီဒင်အသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့အသင်းပါ။ အီတလီအသင်းကတော့ နိုင်ပွဲဆက်ဦးမယ့် အနေအထားရှိပါတယ်။ လက်ရှိ ယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းလို့လည်း ရေပန်းစားနေပါတယ်။

အိုင်ယာလန်အသင်းကတော့ ဘယ်လ်ဂျီယံကို ရှုံးနိမ့်ပြီးတဲ့နောက် နိုင်ပွဲရဖို့ ဆက်လက်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ အီတလီကို အနိုင်ရအောင် မကစားနိုင်ဘူးဆိုရင်တော့ အုပ်စုအဆင့်ကနေ ထွက်ရလိမ့်မယ်လို့ ဝက်စ်ဟူလာဟန်းက ဝန်ခံပြောဆိုလိုက်ပါတယ်။ အိုင်ယာလန် နည်းပြက အီတလီနဲ့ ပွဲမှာ ရမှတ် သုံးမှတ်ကိုရဖို့ အကြိတ်အနယ် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ကျွန်တော့်ကစားသမားတွေအနေနဲ့ နိုင်ပွဲစနိုင်ဖို့ အသင့်ရှိနေပါတယ်လို့ နည်းပြ ဟူလာဟန်းက ဆိုပါတယ်။

အီတလီနည်းပြ ကွန်တီးကလည်း သူ့အသင်းအနေနဲ့ အုပ်စုဗိုလ်ရဖို့ အကောင်းဆုံး ကစားသွားမယ်လို့ ဆိုပါတယ်။ အီတလီနဲ့ အိုင်ယာလန်တို့ရဲ့ ပွဲကတော့ ပရိသတ်အကြိုက်ဖြစ်လာမယ့်ပွဲ တစ်ပွဲပါ။ သို့ပေမယ့် အီတလီကတော့ အုပ်စုမှာ အကောင်းဆုံးအသင်းဖြစ်တဲ့အလျောက် ပြိုင်ဘက်တိုင်းကို အနိုင်ယူသွားဖွယ်ရှိနေပါတယ်။



အီတလီအသင်းကပဲ ဆက်လက်အောင်ပွဲခံသွားနိုင်ပါတယ်။ အီတလီအသင်းဟာ ယူရိုမှာ အစဉ်အလာရှိတဲ့အသင်းပီသစွာ ကစားသွားဖွယ်ရှိနေပါတယ်။ အီတလီအသင်းဟာ ယူရိုပွဲတွေမှာသာမက ကမ္ဘာ့ဖလားတွေမှာလည်း ခြေစွမ်းပြ ကစားနေတာပါ။ လက်ရှိမှာလည်း ဥရောပထိပ်သီးကလပ်တွေမှာ ကစားနေတဲ့ ကစားသမားတွေ ပါဝင်နေတဲ့အတွက် အီတလီအသင်းရဲ့ခြေစွမ်းကို အကောင်းဆုံးထိန်းထားနိုင်ပါတယ်။ ။

# စီရိုနယ်ဒိုအတွက် နောက်ဆုံးဖြစ်နိုင်တဲ့ ယူရိုပွဲ


ယူရို ၂၀၁၆ ဟာ စီရိုနယ်ဒိုအတွက်တော့ ပေါ်တူဂီအသင်းအတွက် ပါဝင်ကစားခွင့်ဟာ နောက်ဆုံးအခွင့်အရေးလို့ ပြောဆိုနေကြပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိလာပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ ယူရို ၂၀၂၀ မှာတော့ အသက်က ၃၅ နှစ်ကျော်ဖြစ်လာမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲတိုင်းမှာ စီရိုနယ်ဒိုဟာ အနိုင်ရဖို့ ရုန်းကန်ကြိုးစားနေတာပါ။ စီရိုနယ်ဒိုဟာ နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူသင့်ပြီဖြစ်သော်လည်း သူ့ရဲ့အောင်မြင်မှုအရ ပေါ်တူဂီအသင်းကို ဦးဆောင်နေရဆဲပါ။ စီရိုနယ်ဒိုဟာ ရုရှားမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားမှာ အသက် ၃၃ နှစ်ရှိလာမှာ ဖြစ်ပါတယ်။ ၂၀၂၀ မှာတော့ ယူရိုပြိုင်ပွဲမှာ အသက် ၃၅ နှစ်ဖြစ်လာမှာ ဖြစ်ပါတယ်။ လက်ရှိပြင်သစ်နိုင်ငံမှာ ကျင်းပတဲ့ ယူရို ၂၀၁၆ မှာတော့ ပေါ်တူဂီအသင်းကို အောင်မြင်မှုရဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲမှာ ပါဝင်ကစားခွင့်ဟာ အခုပွဲအတွက် နောက်ဆုံး ဖြစ်လာဖွယ်ရှိနေပါတယ်။




## မန်စီးတီးကိုရောက်လာမယ့် အာဆင်နယ်ကွင်းလယ်ကစားသမား အာတီတာ

မီခေးလ်အာတီတာဟာ မန်စီးတီးနည်းပြသစ် ဂွာဒီယိုလာရဲ့အသင်း ဝန်ထမ်းအဖွဲ့ အုပ်ချုပ်သူ နည်းပြဖြစ်လာဖို့ ရှိပါတယ်။ အာတီတာနဲ့ မန်စီးတီးတို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း အာတီတာဟာ အာဆင်နယ်က ဆက်လက်ခေါ်ယူထားရေး ကြိုးပမ်းမှုအပေါ် ပယ်ချခဲ့ပါတယ်။ လာမယ့်ရာသီမှာ နည်းပြ ဂွာဒီယိုလာရဲ့အသင်းအုပ်ချုပ်သူ ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ အာဆင်နယ်က သူ့ရဲ့ဘောလုံးသင်တန်းကျောင်းမှာ နည်းပြဆက်လုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် လက်ခံခဲ့ခြင်း မရှိပါဘူး။ လာမယ့်ရာသီ အာဆင်နယ်အသင်းကို စွန့်ခွာပြီး နည်းပြတစ်ဦးဖြစ်လာတော့မှာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက သူ့ရဲ့ဘောလုံးအကယ်ဒမီမှာ နည်းပြဖြစ်လာဖို့ အာဆင်နယ်က ကမ်းလှမ်းခဲ့ပေမယ့် ပယ်ချခဲ့ပါတယ်။ ကွင်းလယ်ကစားသမား အာတီတာဟာ အာဆင်နယ်အသင်းရဲ့ အဓိကအားထားရတဲ့ ကစားသမားဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ မန်စီးတီးအသင်းရဲ့ နည်းပြတစ်ဦးအဖြစ် ပါဝင်ခွင့်ရမယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်ရာသီမှာ အကောင်းဆုံးအသင်းဖြစ်ဖို့ ကြိုးစားနေတာပါ။






## အဓိက ကစားသမားခြောက်ဦး ပွဲအစ ပါဝင်ခွင့်မရခဲ့တဲ့အင်္ဂလန်

ယူရို ၂၀၁၆ ပွဲအဖြစ် အင်္ဂလန်နဲ့ ဆလိုဗေးနီးယားတို့ အကြိတ်အနယ် ကစားခဲ့ပေမယ့် ဂိုးမရှိသရေပွဲနဲ့ အဆုံးသတ်ခဲ့တာပါ။ အင်္ဂလန်အသင်းအနေနဲ့ ဒီပွဲမှာ အနိုင်ကစားဖို့ပါ။ အင်္ဂလန်အသင်း အနိုင်ရလိုက်တာနဲ့ အုပ်စု (B)မှာ ဗိုလ်ဖြစ်ပြီး ရှုံးထွက်အဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်းအနေနဲ့ ထင်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။ နည်းပြ ရွိုင်ဟော့ဆန်အနေနဲ့ အင်္ဂလန်ကို မရှုံးဖို့ကစားခဲ့ပေမယ့် ကစားသမားခြောက်ဦး ပွဲအစပါဝင်ခွင့်မရခဲ့ပါဘူး။ ဒီအထဲမှာ ရွန်းနေလည်း အပါအဝင်ဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲမှာတော့ ရွိုင်ဟော့ဆန်ရဲ့ကစားသမားလဲ ကစားမှုဟာ အဆိုးဆုံးဖြစ်ခဲ့ပါတယ်။ အသက် ၆၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရွိုင်ဟော့ဆန်ဟာ အင်္ဂလန်ကို မရှုံးအောင် ကျားကန်ကစားခဲ့ရပါတယ်။ အင်္ဂလန်အသင်းမှာ အသင်းခေါင်းဆောင် ရွန်းနေမပါဘဲ အစပိုင်းမှာ ကစားခဲ့ရတာပါ။ ဒီသရေပွဲရလဒ်ကြောင့် တစ်အုပ်စုတည်းကျတဲ့ ဝေလအသင်းက ရုရှားကို သုံးဂိုးပြတ်ကစားပြီး အုပ်စုဗိုလ်ဖြစ်ခဲ့ပါတယ်။ ရွိုင်ဟော့ဆန်ဟာ စိုးရိမ်ရတဲ့ အဓိက ကစားသမားတွေကို ဖယ်ရှားပြီး သရေပွဲကျအောင် မနည်းကစားခဲ့ရတယ်လို့ဆိုပါတယ်။ ရွန်းနေဟာ ယူရို ၂၀၁၆ မှာ အကောင်းဆုံးကစားသမားဖြစ်ပေမယ့် ဒီပွဲမှာ အစပိုင်းကစားခွင့်မရဘဲ လူစားအဖြစ်သာ ကစားခဲ့ရပါတယ်။ ❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑



## မင်းဘူး(စကု)မြို့နယ် မန်းချောင်းတံတားတိုးချဲ့တည်ဆောက်ဖွင့်

**မင်းဘူး ဇွန် ၂၂**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းချောင်းတံတားအား တိုးချဲ့တည်ဆောက်၍ ဇွန် ၁၉ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ပေးခဲ့သည်။

မန်းချောင်းတံတားသည် ယခင်က ဘေလီသံပေါင်တံတား (တစ်လမ်းသွား) ဖြစ်ပြီး ယခုအခါ အရှည်ပေ ၉၀၀ရှိ သံကူကွန်ကရစ် (နှစ်လမ်းသွား) တံတားအဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

စကုမြို့ မန်းချောင်းတံတားအနီးရှိ ဥယျာဉ်ဇင်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးမှ "အရင်တံတားကနိမ့်ပြီး တစ်လမ်းသွားတံတား၊တံတားကရှည်ပြီး ခရီးသည်တင်ကားတွေ တံတားအလယ်မှာဆုံပြီး ပြဿနာခဏခဏဖြစ်လို့ နေ့စဉ်ဖြေရှင်းပေးနေရတယ်။ မန်းရေကြီးချိန်ဆို တံတားကြမ်းခင်းထိလုနီးပါးထိ ရေတက်လာတတ်တယ်။ အခုတံတားက ကွန်ကရစ်တံတားဖြစ်ပြီး တံတားအမြင့်ကို ထပ်မြှင့်ထားတယ်။ လူသွားလမ်းလည်းပါတော့ ကျောင်းတက်ရတဲ့ ကလေးငယ်တွေ ယာဉ်အန္တရာယ်ကင်းဝေးသွားတယ်။ နှစ်လမ်းသွားဆိုတော့ ခရီးသည်တင်ကားတွေတင်မက ခရီးသွားများပါ အဆင်ပြေစွာ သွားလာနိုင်တယ်"ဟု ပြောသည်။

အဆိုပါ မန်းချောင်းတံတားသည် မကွေး-မင်းဘူး-ပွင့်ဖြူ-စလင်းသွားကားလမ်းပေါ်တွင်တည်ရှိပြီး ကားလမ်းများကိုလည်းနှစ်လမ်းသွားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီး၊ တံတားများကိုလည်း တိုးချဲ့တည်ဆောက်ပေးနေလျက်ရှိရာပွင့်ဖြူမြို့အနီးရှိ မုန်းချောင်းတံတားကိုလည်း ဆက်လက်တိုးချဲ့တည်ဆောက်သွားမည်ဟု သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ရေကြောင်းသွားလာရေး ရေယာဉ်များ လိုင်စင်မရှိဘဲ မောင်းနှင်ပါက ဒဏ်ကြေးနှင့်ထောင်ဒဏ်ကျခံရနိုင်

**ပုဏ္ဏားကျွန်း ဇွန် ၂၂**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သွားလာခုတ်မောင်းနေသော ကူးတို့ရေယာဉ်နှင့် အခြားရေယာဉ်ငယ်မောင်းနှင်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျမောင်းနှင်နိုင်စေရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြောင်းသွားလာရေးရေယာဉ်များအနေဖြင့် ခုတ်မောင်းခွင့်လိုင်စင်မရှိဘဲ မောင်းနှင်ပါက ဒဏ်ကြေးငွေကျပ် ၅ သိန်းမှ ၂၅ သိန်းထိဖြစ်စေ၊ ထောင်ဒဏ်နှစ်နှစ်ဖြစ်စေ ကျခံရနိုင်ကြောင်း၊ မည်သည့်ရေယာဉ်အုပ်မှူးသတ်မှတ်ထားသော လိုင်စင်မရှိဘဲ မည်သည့်ရေယာဉ်ကိုမျှမမောင်းရ။ မောင်းနှင်ပါက ငွေဒဏ်ကျပ် တစ်သိန်းမှ ငွေကျပ် ၃သိန်းထိဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်ဖြစ်စေ ကျခံရနိုင်ကြောင်း၊ မည်သည့်ရေယာဉ်မျှ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲကုန်စည်နှင့် ခရီးသည်တင်ဆောင်ပြေးဆွဲခွင့်မပြုရ။ တင်ဆောင်ပါက ငွေဒဏ်ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်းအထိဖြစ်စေ ထောင်ဒဏ်နှစ်နှစ်ဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း၊ ရေကြောင်းဘက်ဆိုင်ရာ နည်းဥပဒေများနှင့် သိမှတ်ဖွယ်ရာများကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

## တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းဖွင့်

**မြဝတီ ဇွန် ၂၂**
တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းဖွင့်ပွဲကို မြဝတီခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပရာ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက တက်ရောက်အမှာစကားပြောကြားပြီး မြဝတီခရိုင်တရားသူကြီး ဦးအောင်သိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြဝတီခရိုင် မြို့နယ်တရားရုံးတို့မှ တရားသူကြီးများ စုစုပေါင်းလေးဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

## ကျုံပျော်၌ ယာဉ်စည်းကမ်းနှင့်အညီစစ်ဆေး၍ အရေးယူဆောင်ရွက်



**ကျုံပျော် ဇွန် ၂၂**
ကျုံပျော်မြို့နယ်တွင် မော်တော်ဆိုင်ကယ်များ စည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းနှင်သွားလာနေမှုကြောင့် မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွား၍ အသက်အန္တရာယ်ဖြစ်ပေါ်လျက်ရှိရာ ယာဉ်စည်းကမ်းများစစ်ဆေးအရေးယူခြင်းကို ဇွန် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်နှင့် နောက်ကြည့်မှန်မပါခြင်း၊ နှစ်ဦးထက်ပို၍စီးနင်းခြင်း၊ မတန်တဆဝန်ပိုတင်ဆောင်ခြင်း၊ သတ်မှတ်အရှိန်ထက် ပိုမိုမောင်းနှင်ခြင်းတို့ကို ဦးစားပေးစစ်ဆေးလျက်ရှိပြီး မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ပညာပေးကာလသတ်မှတ်၍ စစ်ဆေးခဲ့ပြီး စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာရန်နှင့် ယာဉ်စည်းကမ်းလိုက်နာရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီးဖြစ်သော်လည်း စည်းကမ်းလိုက်နာမှု နည်းပါးသောကြောင့် ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းများစတင် ပြုလုပ်ရကြောင်း သိရသည်။

**နေဝင်း(ပြန်/ဆက်)**

## ရဲစခန်းအချုပ်ခန်းများအား စစ်ဆေး

**သထုံ ဇွန် ၂၂**
သထုံခရိုင်အတွင်းရှိ ပေါင်မြို့မရဲတပ်ဖွဲ့အချုပ်ခန်း၊ သထုံမြို့မရဲတပ်ဖွဲ့အချုပ်ခန်းများကို မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုးသည် မွန်ပြည်နယ် တရားရေးဦးစီးမှူး ဦးဌေးဝင်း၊ သထုံခရိုင်တရားသူကြီး ဒေါ်ဖြူဖြူသွယ်တို့နှင့်အတူ ဇွန်လဒုတိယပတ်က ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာရဲစခန်းတာဝန်ခံအရာရှိများက အချုပ်တရားခံများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ အမျိုးသမီးအချုပ်ခန်းများ၏ လုံခြုံမှု၊ သောက်သုံးရေရရှိမှု၊ အချုပ်ခန်း၏ လုံခြုံမှုအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် သက်ဆိုင်ရာ ရဲစခန်းများရှိ အမျိုးသားအချုပ်ခန်း၊ အမျိုးသမီးအချုပ်ခန်း၏လုံခြုံမှု၊ သောက်သုံးရေရရှိမှု၊ ကျန်းမာရေး၊ စားသောက်နေထိုင်မှု၊ နေရာထိုင်ခင်းသက်သာချောင်ချိမှု အခြေအနေတို့ကိုစစ်ဆေးကြည့်ရှုပြီး အချုပ်သားတရားခံများနှင့် တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ပုပ္ပားတောင်မကြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းရေး ထင်းရှူးပင် ၁၀၀၀ ကျော် စိုက်ပျိုး

**ကျောက်ပန်းတောင်း ဇွန် ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် သစ်ပင်သစ်တောများအား ပြန်လည်အစားထိုး စိုက်ပျိုးမှုလုပ်ငန်းအဖြစ် ဇွန် ၂၀ ရက် နံနက်က ထူးဖောင်ဒေးရှင်းမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ပုပ္ပားတောင်ဥယျာဉ်ဝန်ထမ်းများနှင့် MRTV ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ စုစုပေါင်း ၁၅၀ တို့သည် ထင်းရှူးပျိုးပင် ၁၀၀၀ ကျော်ကို ဆေးမွှန်တောင်ဝန်းကျင် ထင်းရှူးတောတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးပေါ်တွင် ဧပြီ ၂၀ ရက် ညနေပိုင်းမှ စတင်၍ သုံးရက်နီးပါး တောမီးများလောင်ကျွမ်းခဲ့ရာ နွားလဗို့တောင်၊ မုန်ပြတောင်နှင့် ဆေးမွှန်တောင်ဝန်းကျင်တို့တွင် ဧက ၄၀ခန့် မီးလောင်ကျွမ်းခဲ့ပြီး၊ ထင်းရှူးပင်အချို့လည်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## အားကစားဆိုင်ရာ အသိပညာပေး

**ပေါက်တော ဇွန် ၂၂**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် အားကစားပညာဦးစီးဌာနမှကြီးမှူးကျင်းပသော အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ပေါက်တောမြို့ ဘဝမ်းရပ် အထက (ခွဲ)ကျောင်း ဟောခန်းမ၌ ကျင်းပရာ မြို့နယ်ကာယပညာဦးစီးဌာန မြို့နယ်အားကစားနည်းစနစ်မှူး ဦးမြမင်းထွန်းက အမှာစကားပြောကြားပြီး အားကစားနည်းစနစ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားနည်းစနစ်မှူးက ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ ဆက်)**

## ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**စစ်တွေ ဇွန် ၂၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ပြည်နယ်ကျေးလက်ဦးစီးဌာနခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရအောင်မြင်သူ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံ ဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး အောင်မြင်ခဲ့ကြောင်းသိရသည်။

**မြတ်ဝေ**

## ဒေသအကျိုးပြုကျေးရွာသုံးစိုက်ခင်းနှင့် နုန်းတားတမံ ဆောင်ရွက်ထားရှိမှုစစ်ဆေး

**ရေစကြို ဇွန် ၂၂**
ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ဒေသအကျိုးပြုကျေးရွာသုံးစိုက်ခင်း ဧက ၅၀ အတွင်း စိုက်ပျိုးနေသည့် ဒေသမျိုးရှားပင်နှင့် ယူကလစ်စိုက်ခင်းကို မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးသည် ဇွန် ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ စိုက်ခင်းအနီးဆောင်ရွက်ထားသည့် နုန်းတားတမံကိုလည်း ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ဖျက်ဆီးမှုမှကာကွယ်နိုင်ရန် ခြံခတ်ထားရန်လိုအပ်ကြောင်း၊ နုန်းတားတမံဆောင်ရွက်ထားခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်သည့်အပြင် ရေသိုလှောင်ထားနိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုကြောင်းပြောကြားခဲ့သည်။

ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးစိုက်ခင်း ၅၀ ကို တည်ထောင်ပြီး ဒေသမျိုးရှားပင် ၇၅၀၀နှင့် ယူကလစ်ပင် ၇၅၀၀ ကို ရှားပင်တစ်တန်း၊ ယူကလစ်ပင်တစ်တန်းစိုက်ပျိုးထားပြီး ယခုအခါ အမြစ်များစွဲပြီး ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း သိရသည်။

**ဇေထွဏ်းဇော်(ရေစကြို)**



## အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**ဂွ ဇွန် ၂၂**
ဂွမြို့၌ ဇွန် ၁၉ ရက်က သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီစိမ်းလန်းစိုပြည်ရေးအတွက် ရွာမရပ်ကွက် ညောင်ပိုင်းဘုန်းတော်ကြီးကျောင်း၌ ကျွန်းအပင် ၅၀၊ ပျဉ်းကတိုးအပင် ၁၀၀၊ မဲဇလီပင် ၂၅၊ မဟော်ဂနီအပင် ၅၀၊ အော်ရီးရှား ၂၅ ပင်၊ ခရေ ၂၅ပင်၊ ယူကလစ် ၂၅ ပင် စုစုပေါင်း အပင် ၃၀၀ တို့ကို ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်**

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ )**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန် လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သိပ္ပံ**ဆိုသည်မှာ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက် ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာ အသုံးချနိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **နည်းပညာ**ဆိုသည်မှာ နည်းစဉ်၊ ကျွမ်းကျင်မှု၊ အသိပညာနှင့် အတတ်ပညာတို့ ပေါင်းစပ်ထားခြင်းဖြစ်ပြီး သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူ့စွမ်းအား အရင်းအမြစ်များမှ ကုန်ထုတ်လုပ်မှုအကျိုးဖြစ်ထွန်းစေသည့်လုပ်ငန်းစဉ် ကျွမ်းကျင်မှုကို ဆိုသည်။

(ဂ) **ဆန်းသစ်တီထွင်မှု**ဆိုသည်မှာ မူလစိတ်ကူးစိတ်သန်း၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက်ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးစိတ်သန်းများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုသည်။

(ဃ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများကို ဆိုသည်။

(င) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကိုအခြေခံသည့် အသိပညာနှင့် အတတ်ပညာများ ပါဝင်သော အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုကို တစ်နည်းနည်းအသုံးချ ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများနှင့် အကြံပေးခြင်း လုပ်ငန်းများကို ဆိုသည်။

(စ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှုနည်းပညာ တစ်ခုအတွင်း ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်း တစ်ခုခုမှ အခြားပစ္စည်းအသစ် တစ်ခုခုသို့ ပြောင်းလဲ ထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဆ) **သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနည်းကျစွာစူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ် ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဇ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **အမျိုးသားအဆင့်သုတေသနလုပ်ငန်းများ**ဆိုသည်မှာ နိုင်ငံတော်လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးဆောင်ရွက်စေသော သုတေသနလုပ်ငန်းများကို ဆိုသည်။

(ည) **နည်းပညာလွှဲပြောင်းရေး**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ နည်းပညာ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ နည်းပညာအားလုံးကိုသော်လည်းကောင်း ပိုင်ဆိုင်အသုံးပြုရေးအတွက် ဤဥပဒေနှင့်အညီ လွှဲပြောင်းခြင်းကို ဆိုသည်။

(ဋ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဆိုသည်။

(ဌ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်တစ်ခုချင်း အလိုက် ကောင်စီ၏ အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဆိုသည်။

(ဍ) **ကောင်စီအဖွဲ့ရုံး**ဆိုသည်မှာ ကောင်စီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရသည့် အဖွဲ့ရုံးကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်ဝန်ကြီးဌာနများကို ဆိုသည်။

(ဏ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတအရင်းအမြစ်များအား စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာကို အခြေခံသည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရန် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ် တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

**အခန်း (၃)**
**အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို အဖွဲ့ဝင် ၆၀ ဦး ထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ပြည်ထောင်စုအစိုးရအဖွဲ့ကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်တစ်ဦး | **ဥက္ကဋ္ဌ** |
| (၂) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | **အဖွဲ့ဝင်များ** |
| (၃) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကြီးအမှူးများ | **အဖွဲ့ဝင်များ** |
| (၄) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်း နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံ့အကျိုးပြု ပညာရှင်များ | **အဖွဲ့ဝင်များ** |
| (၅) ပညာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး | **အတွင်းရေးမှူး** |
| (၆) ဦးစီးဌာန၏ အကြီးအမှူး | **တွဲဖက်အတွင်းရေးမှူး** |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏သက်တမ်းသည် တစ်ကြိမ်လျှင် လေးနှစ်ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

**အခန်း (၄)**
**ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အစိုးရအဖွဲ့နှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သုတေသန အခြေပြု သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များမွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက် နိုင်ရန် အစီအစဉ်များချမှတ်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အစည်း အဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နှစ်စဉ် ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊

(ဇ) အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး အတွက် စီမံဆောင်ရွက်ခြင်း၊

(ဈ) ပြည်တွင်း၊ ပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူများကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဋ) ကောင်စီအဖွဲ့ရုံးကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် အဆိုပါရုံးအဖွဲ့အား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဌ) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်တစ်ခုချင်းအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများကို သက်ဆိုင်ရာကောင်စီဝင်တစ်ဦးဦးက ဦးဆောင်ပြီး သင့်လျော်မည့် ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဍ) ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု သုတေသနစီမံကိန်းဆိုင်ရာ နှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို အစိုးရဘတ်ဂျက်မှ တောင်းခံနိုင်ရန် တာဝန်ခံဝန်ကြီးဌာနသို့ အကြံပေးခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်၍ သုံးစွဲခြင်း၊ စာရင်းရှင်းလင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့ ဖွဲ့စည်းခြင်း၊

(ဏ) ကောင်စီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

**အခန်း (၅)**
**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

၉။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီအလိုက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို အသုံးချဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်လာနေမှု အခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများပြုစုခြင်း၊ နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှု အစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သော သုတေသနလုပ်ငန်းများကို ပူးပေါင်း ကူညီဆောင်ရွက်ပေးခြင်း၊ နည်းပညာအခက်အခဲများကို ဖြေရှင်းပေးခြင်းနှင့် နည်းပညာ အကူအညီများပေးခြင်း၊

(ဂ) နိုင်ငံတကာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ စီမံချက်များရေးဆွဲခြင်းနှင့် ယင်းအစီအမံနှင့်စီမံချက်များကို ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ကောင်စီမှပေးအပ်သော နည်းပညာနယ်ပယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်။)*

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
## ကျိုင်းတုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျိုင်းတုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (၁) | Lab Equipment | (၃၈) မျိုး |
| (၂) | စက်ပစ္စည်း | (၁) မျိုး |
| (၃) | ရုံးသုံးစက်ပစ္စည်း | (၁) မျိုး |
| (၄) | ပရိဘောဂပစ္စည်း | (၃) မျိုး |
| (၅) | Educational Books | 1. Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၈၄-၂၁၆၈၁၊ ၀၈၄-၂၂၅၅၀၊ ၀၈၄-၂၂၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ကျိုင်းတုံတက္ကသိုလ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်-

(က) ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ၊ ၄၀၀ ဗို့ ABC Cable နှင့် ၁၁ကေဗွီ SAC Cable ဆက်စပ်ပစ္စည်းများ

(ခ) အိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စီတီမီတာများ

**တင်ဒါဖွင့်မည့်ရက်** - ၂၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
## စစ်ကိုင်းတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အဆင့်မြင့် ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)၊ စစ်ကိုင်းတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) Non Control Items
(၂) Machinery Equipment
(၃) Office Equipment
(၄) Furniture
(၅) Other

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ စစ်ကိုင်းတက္ကသိုလ်၊ စစ်ကိုင်းမြို့ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၂-၂၂၉၄၄၊ ၀၉-၂၅၆၆၂၀၂၆၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပစ္စည်းဝယ်ယူရေးကော်မတီ**
**စစ်ကိုင်းတက္ကသိုလ်**

## ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
## (အဆိုပြုတင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း၏ မီးသတ်စနစ်နှင့်မိလ္လာလုပ်ငန်းများဆောင်ရွက်ရန် Pump နှင့် Fire Protection System, Water Treatment System နှင့် Over Head Tank များအား အဆိုပြုတင်ဒါခေါ်ယူခြင်း။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချသွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၆ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၇-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၂၇-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းရုံး၊ အမှတ်(၆၂) ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃)ကျောင်းလမ်းထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဖုန်း-၀၁-၅၉၀၀၈၈၊ ၀၁-၈၁၀၀၇၁၅**

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"Human Resource Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၂၇-၆-၂၀၁၆ ရက်မှ ၆-၇-၂၀၁၆ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်-** ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
**ဖုန်း-** ၅၂၂၈၇၅၊ ၅၂၂၈၇၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်သည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော Dengue Test-Kit Abate(1% Temephos SG)၊ Malathion 95%TG များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၇-၂၀၁၆ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း-** ၀၆၇-၄၃၁၀၇၇၊ ၀၆၇-၄၃၁၁၈၁၊ ၀၆၇-၄၃၁၀၈၅

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## မြန်မာ့အာမခံလုပ်ငန်း
## ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အာမခံလုပ်ငန်း၊ ကချင်ပြည်နယ်ရုံး၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | ခြံစည်းရိုးကာရံခြင်း |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၄-၆-၂၀၁၆ရက်မှ ၃၀-၆-၂၀၁၆ရက် ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့အာမခံလုပ်ငန်း၊ ကချင်ပြည်နယ်ရုံး

၄။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း၊ ကချင်ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၂၇၃၆ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့အာမခံလုပ်ငန်း၊ မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်မှ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော HDPE & GI (ပိုက်နှင့်ပိုက်ဆက်ပစ္စည်း)များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ ရက် (အင်္ဂါနေ့)ညနေ ၄း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ရှမ်းပြည်နယ်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၈၁-၂၀၈၅၇၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ရုံးများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါအတိုင်း အဆောက်အအုံများ တည်ဆောက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **လုပ်ငန်းအမျိုးအစား**
(၁) (၆)ခန်းတွဲ ဝန်ထမ်းနေအိမ် (၅) လုံး
(၂) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး (၁၀) လုံး

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၇-၂၀၁၆ ရက် ၁၂း၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာပုံစံ ထုတ်ယူရမည့်နေရာ** - ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့

၂။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၄၃-၂၂၈၉၁ နှင့် ၀၄၃-၂၂၈၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စစ်တွေမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးဝင်းလှိုင် ၁၀/မလမ(နိုင်)၁၉၈၇၅၁၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၂၀၅၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မုံရွာခရိုင်၊ အရာတော် (၂) မြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**
၁။ အုတ် (ပထမတန်းစား)
၂။ ခွဲကျောက် (ချိပင်)
၃။ တောသစ်
၄။ ကျောက်ကြီး (၆"-၉")

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၂-၇-၂၀၁၆ ရက်

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ အရာတော် (၂) စီမံကိန်းရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၉-၆၄၅၀၅၉၆**

## CLAIMS DAY NOTICE
## M.V CITY OF MUMBAI VOY:NO(31)

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO(31) are here by notified that the vessel will arrive on about 24-6-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## စစ်တွေခရိုင်တရားရုံးတော်
## ၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄
## ကွယ်လွန်သူ ဦးသာဘန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်လှနွယ် **လျှောက်ထားသူ**

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဒေါ်လှနွယ်က ကွယ်လွန်သူ ဦးသာဘန်း၏ဇနီးဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသာဘန်းမှာ ကျန်ရစ်သော စစ်တွေမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်စာရင်းအမှတ်- SB 003843 ရှိ လက်ကျန်ငွေပေါင်း ကျပ် ၆၉၁၆၅၁၂၉၊ ၂၄ ပြား (ကျပ်သိန်း ခြောက်ရာကိုးဆယ့်တစ်သိန်း ခြောက်သောင်း ငါးထောင် တစ်ရာ့နှစ်ဆယ့်ကိုးနှင့် ပြားနှစ်ဆယ့်လေး)ကို ထုတ်ယူရန် အမွေဆက်ခံခြင်း ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသာဘန်းတွင် ကျန်ရစ်သော ဘဏ်စုဆောင်းငွေများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ ခုနှစ် ဇွန် ၂၉ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၉ရက်) နံနက် ၁၀း၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်လှနွယ်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဇွန် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါထွန်း)**
**ခရိုင်တရားသူကြီး**
**စစ်တွေခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၉၅/၅)တွင် နေထိုင်သူ ဦးခင်မောင်ညို (၁၂/လသယ(နိုင်)၀၂၁၇၇၅) (LPA ၁၃၆၉၃၆)သည် အောက်ဖော်ပြပါ **"ဂျပန်နားသန့်ဆေး"** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-(၁၄၅၉/၈၂)ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် ၁၉၈၂-ခုနှစ်ကတည်းက မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။




အထက်ပါ ကပ်နှိပ်ဖော်ပြထားသည့် **"ဂျပန်နားသန့်ဆေး"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုလျက် ဦးခင်မောင်ညိုသည် နားသန့်အရည်များကို ကိုယ်တိုင်ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ချီရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ **"ဂျပန်နားသန့်ဆေး"** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ ကောင်းမွန်သော နာမည်ကောင်းကို အခွင့်ကောင်းယူလျက် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူတုပကာ အတုပြုလုပ်၍ ဈေးကွက်တွင် ရောင်းချနေကြောင်းသိရှိရသဖြင့် အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူရိုးမှားအတုပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်ညို၏လွှဲအပ်ချက်အရ**
**ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၄၆၃/၉၇)**
**တိုက်အမှတ်-၅၆၅/၅၆၇၊ အခန်းအမှတ်-၂၀၃(အေ)၊**
**ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဟဲကယ်ရွာ၊ နယ်မြေ(၁၀)၊အိမ်အမှတ် ၁၀၁ နေ မခင်မာလာဝင်းနှင့် မမာလာဝင်း ၁၃/တကန(နိုင်)၁၇၅၇၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်မာလာဝင်း(ခ)မမာလာဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဟဲကယ်ရွာနယ်မြေ(၁၀)၊ အိမ်အမှတ် ၁၀၁ နေ ဦးမြင့်ရင်ခြောက်နှင့် ဦးလောမျှင် ၁၃/တကန(နိုင်)၁၂၉၈၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ရင်ခြောက်(ခ)ဦးလောမျှင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဟဲကယ်ရွာနယ်မြေ(၁၀)၊ အိမ်အမှတ် ၁၀၁ နေ ဒေါ်ဆက်ပေါ်နှင့် ဒေါ်စော ၁၃/တကန (နိုင်) ၁၂၉၈၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဆက်ပေါ်(ခ)ဒေါ်စော**

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မကျော့ကျော့ခိုင်နှင့် ဆဋ္ဌမတန်း(က)မှ မလဲ့လဲ့ဝင်း တို့၏ဖခင်အမည်မှန်မှာ ဦးသူရကျော် ၂/လကန(နိုင်)၀၅၅၈၆၄ ဖြစ်ပါကြောင်း။ **ဦးသူရကျော်**

### အမည်ပြောင်း

ဦးကျော်ကျော်စိုး၏ သမီး ကွတ်ခိုင်မြို့၊ အလက(၃)၊ တတိယတန်း(အောင်)မှ မကော့ကော့အား မယမင်းအေးဟု ပြောင်းလဲခေါ်ပါရန်။

**မယမင်းအေး**

### မိဘအမည်မှန်

ကွတ်ခိုင်မြို့၊ မြို့မ အထက၊ အဋ္ဌမတန်း(A)မှ မမေသကြင်န်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောလှိုင်-ဒေါ်စန်းဝင်း ဖြစ်ပါကြောင်း။ **ဦးစောလှိုင်-ဒေါ်စန်းဝင်း**

### မိဘအမည်မှန်နှင့် အမည်ပြောင်း

ကွတ်ခိုင်မြို့၊ အလက(၃)၊တတိယတန်းမှ မဒူရကာမာယာ၏ မိဘအမည်မှန်မှာ ဦးနန္ဒာ-ဒေါ်ဘီးလ်မာယာ ဖြစ်ပါကြောင်းနှင့် ၎င်း၏ အမည်အား မလှလှဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **ဦးနန္ဒာ-ဒေါ်ဘီးလ်မာယာ**

**မလှလှဝင်း**

### အမည်မှန်

ကွတ်ခိုင်မြို့၊ မြို့မ အထက၊ နဝမတန်းမှ မောင်ဆလိုင်းလှိုင်ဖုန်းမုန်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်လိုင်ဖုန်းမုန် ဖြစ်ပါကြောင်း။

**မောင်လိုင်ဖုန်းမုန်**

### မိဘအမည်မှန်

ကွတ်ခိုင်မြို့၊ မြို့မ အထက၊ နဝမတန်းမှ မောင်လိုင်ဖုန်းမုန်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ဘန်မွန်း ဖြစ်ပါကြောင်း။

**ဒေါ်ဘန်မွန်း**

## နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများသို့ ကုန်စည်များ တင်သွင်းခွင့်တင်ဒါအောင်မြင်သူများသို့ အသိပေးနှိုးဆော်ချက်

* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များ (ယာဉ်နှင့်ပစ္စည်းအမျိုးမျိုး) အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိပါသည်။
* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များအတွက် တင်ဒါအောင်မြင်သူသို့ငွေပေးချေရာတွင် -
  - ပေးချေငွေမှပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ကို သတ်မှတ်ရာခိုင်နှုန်းများအတိုင်း နုတ်ယူပြီး တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းမည်ဖြစ်ပါသည်။
  - ဝယ်ယူသော ကုန်စည်သည် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်မဟုတ်လျှင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင် ပြီးမပြီး စိစစ်ပြီးမှ ပေးချေငွေကို အပြေအကျေပေးချေမည်ဖြစ်ပါသည်။
* ပေးဆောင်ရသည့်ဝင်ငွေခွန်ကို နှစ်ကြိမ်ပေးဆောင်ရခြင်းမရှိစေရန်နှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ပေးဆောင်ခွင့်ရရှိစေရန်အတွက် အသိပေးနှိုးဆော်ရခြင်းဖြစ်ပါသည်။
* ဝင်ငွေခွန်နှစ်ကြိမ် ပေးဆောင်ရခြင်းမရှိစေရေး။ တင်ဒါအောင်မြင်သူသည် ပေးသွင်းရမည့်ကုန်စည်ကို ပြည်ပမှ ကိုယ်တိုင်တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့်ကုန်စည်၏ ဆိပ်ကမ်းရောက်တန်ဖိုး (CIF Value) အပေါ် ပေးဆောင်ရမည့်ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ရရှိရေးအတွက် တင်ဒါအောင်မြင်သူက အောက်ပါအကြောင်းကြားစာကို ပူးတွဲလျက်ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည် -
  - ပေးချေငွေအပေါ်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းမည်ဖြစ်ပါသဖြင့် ဝယ်ယူသည့်ကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအပေါ် ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် သက်ဆိုင်ရာအဖွဲ့အစည်း၊ လုပ်ငန်းဌာန၏ထောက်ခံချက်။
* ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရှိရေး။ တင်ဒါအောင်မြင်သူက ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနသို့ တင်ဒါပါကုန်စည်များ ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါကုန်စည်ကို ပြည်ပမှ ကိုယ်တိုင်တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးသွင်းခြင်းကို ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနမှ လက်ခံပေးရေး အကြောင်းကြားပေးရန် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည် -
  - သွင်းကုန်ကြေညာလွှာ မိတ္တူ၊
  - ပတခ(ကသခ)-၃၂ ပုံစံ မိတ္တူ၊
  - ဝယ်ယူသည့် ကုန်စည်များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ပြည်ပမှ တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးဆောင်ခွင့် တောင်းခံချက်အပေါ် လိုအပ်သလို စိစစ်ပေးနိုင်ပါရန် အဖွဲ့အစည်း၊ လုပ်ငန်းဌာန၏ညှိနှိုင်းစာ။
* ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ပြည့်စုံစွာ ကပ်နှိပ်ထားပြီးဖြစ်သည့် တင်ဒါစာချုပ်မိတ္တူ၊
* ပူးတွဲတင်ပြထားသည့် အထောက်အထားမိတ္တူများကို မှန်ကန်မှုရှိမရှိ စိစစ်နိုင်ရန်အတွက် မူရင်းများကို ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲထံ ကြိုတင်ပြသလျက် ဖော်ပြပါလျှောက်ထားစာများကို တင်သွင်းနိုင်ပါသည်။
* အထောက်အထားများ ပြည့်စုံမှန်ကန်စွာ လျှောက်ထားလာသည့်ကိစ္စရပ်များအတွက် လျင်မြန်သည့် ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
* နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့်ဆောင်ရွက်ရသည့်လုပ်ငန်းအမျိုးမျိုးနှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စများ၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အကြံပြုလိုသည့်ကိစ္စများ၊ မရှင်းလင်းသည့်ကိစ္စများရှိပါက အောက်ဖော်ပြပါဌာနခွဲ ညွှန်ကြားရေးမှူးများထံ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည် -
  - **ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၄**
  - **ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများမှ ရယူလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးဆောင်ရွက်ခွင့် တင်ဒါအောင်မြင်သူများသို့ အသိပေးနှိုးဆော်ချက်

* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ရယူလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူလျက်ရှိပါသည်။
* နိုင်ငံတော်အဖွဲ့အစည်းများ လုပ်ငန်းဌာနများအနေဖြင့် ရယူမည့်ဝန်ဆောင်မှု လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သူသို့ ငွေပေးချေရာတွင် -
  - ပေးချေငွေမှ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ကို သတ်မှတ်ရာခိုင်နှုန်းများအတိုင်း နုတ်ယူပြီး တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းမည်ဖြစ်ပါသည်။
  - ရယူသော ဝန်ဆောင်မှုလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား မဟုတ်လျှင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကိုပေးဆောင် ပြီးမပြီး စိစစ်ပြီးမှ ပေးချေငွေကို အပြေအကျေပေးချေမည်ဖြစ်ပါသည်။
* တင်ဒါအောင်မြင်သူအနေဖြင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်း ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ပေးဆောင်ခွင့်ရရှိစေရန်အတွက် အသိပေးနှိုးဆော်ရခြင်းဖြစ်ပါသည်။
* ဆိုင်ရာအဖွဲ့အစည်း၊ လုပ်ငန်းဌာနက ရယူသည့်ဝန်ဆောင်မှုလုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ဝယ်ယူခဲ့သည့် ကုန်စည်များ၊ ရယူခဲ့ရသည့် ဝန်ဆောင်မှုများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးသွင်းခြင်းအား ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနမှ လက်ခံပေးရေးအကြောင်းကြားပေးရန် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများကို ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည် -
  - ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ပြည့်စုံစွာ ကပ်နှိပ်ထားပြီးဖြစ်သည့် တင်ဒါစာချုပ် မိတ္တူ၊
  - ပတခ(ကသခ)-၃၁ သို့မဟုတ် ပတခ(ကသခ)-၃၂ ပုံစံမိတ္တူ
  - ပတခ(ကသခ)-၃၃ ပုံစံမိတ္တူ
  - ရယူသည့်ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ဝယ်ယူခဲ့သည့် ကုန်စည်များ၊ ရယူခဲ့ရသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးဆောင်ခွင့် တောင်းခံချက်အပေါ် လိုအပ်သလို စိစစ်ပေးနိုင်ပါရန် အဖွဲ့အစည်း လုပ်ငန်းဌာန၏ ညှိနှိုင်းစာ။
* ပူးတွဲတင်ပြထားသည့် အထောက်အထားမိတ္တူများကို မှန်ကန်မှုရှိမရှိ စိစစ်နိုင်ရန်အတွက် မူရင်းများကို ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲထံ ကြိုတင်ပြသလျက် ဖော်ပြပါလျှောက်ထားစာများကို တင်သွင်းနိုင်ပါသည်။
* အထောက်အထားများ ပြည့်စုံမှန်ကန်စွာ လျှောက်ထားလာသည့်ကိစ္စရပ်များအတွက် လျင်မြန်သည့် ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
* နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးမျိုးနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာ ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ပေးစေလိုသည့် ကိစ္စများ၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အကြံပြုလိုသည့်ကိစ္စများ၊ မရှင်းလင်းသည့်ကိစ္စများရှိပါက အောက်ဖော်ပြပါဌာနခွဲ ညွှန်ကြားရေးမှူးများထံ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည် -
  - **ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၄**
  - **ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၈၅၈၂ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမန်းသိန်းဝင်း ၃/ကကရ(နိုင်)၁၆၃၁၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

### အမည်ပြောင်း

ဦးထွန်းမြင့်၏သမီး ပလဝမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မဇင်သက်နွယ်အား မဇင်သက်ကျော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မဇင်သက်ကျော်**

### အမည်ပြောင်း

ဦးထွန်းညို၏သား အထက(၁) စစ်တွေ၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းမျိုးအောင်အား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းထက်အောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းခန့်ဇော်၏ဖခင် ဦးရွှေမင်းနှင့်ဦးလှရွှေ ၅/မရန(နိုင်)၀၃၅၀၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေမင်း(ခ)ဦးလှရွှေ**

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ မုံရွေးကြေးမုံ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝဏ္ဏမောင်မောင်နှင့်ပုရစ်ကုန်း၊ အလက (ခွဲ)၊ သတ္တမတန်းမှ မသွယ်သွယ်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝေ ၅/မရန(နိုင်)၁၆၆၁၇၉ ဖြစ်ပါသည်။

**ဦးထွန်းဝေ**

### မိခင်အမည်မှန်

ဦးစိုင်းမွန်း၏သား ကျိုင်းတုံမြို့၊ အထက(ခွဲ)၊ အလက(၃)၊ ပဉ္စမတန်းမှ မောင်စိုင်းဆိုက်လာ၏ မိခင်အမည်မှန်မှာ နန်းဝိုးလျိုး ၁၃/ကတန(နိုင်)၀၂၈၆၅၅ ဖြစ်ပါသည်။

**နန်းဝိုးလျိုး**

### မိခင်အမည်မှန်

ဦးစိုင်းရီတစ်၏သား ကျိုင်းတုံမြို့၊ အထက(ခွဲ)၊ အလက (၃)၊ ပဉ္စမတန်းမှ မောင်စိုင်းရှန်တစ်၏ မိခင်အမည်မှန်မှာ နန်းမွန်း ၁၃/ကတန(နိုင်)၀၉၂၁၅၄ ဖြစ်ပါသည်။

**နန်းမွန်း**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊အထက(ခွဲ)၊ အလက (၃)၊ သတ္တမတန်း(A)မှ မနန်းမိုလှိုင်၏ ဖခင်အမည်မှန်မှာ စိုင်းရှန်ဝမ်း ၁၃/ကတန(နိုင်)၁၀၁၀၁၂ ဖြစ်ပါကြောင်း။

**စိုင်းရှန်ဝမ်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အင်္ဂလိပ်စာ၊ ၄အ-၅၂ မှ မရတနာစိုး၏ ဖခင် ဦးအုံးမြင့် ၁၃/လလန(နိုင်)၀၅၀၁၉၁ နှင့် ဦးစိုးငယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုံးမြင့်(ခ)ဦးစိုးငယ်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့၊ အမှတ်(၇)ရပ်ကွက်၊ သမလမ်းနေ (ဦးကွမ်းရွှေ)-ဒေါ်ခင်မြမြသန်းတို့၏သား ကိုကွမ်းမြကို(ခ)ချန်ထူးကွမ်း ၅/ကသန(နိုင်)၀၆၈၄၂၇ သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်ခင်မြမြသန်း**

**၅/ကသန(နိုင်)၀၀၄၇၃၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၁၆ ရက်ထုတ် စာမျက်နှာ (၂၁) ပါ ဂုဏ်ယူဝမ်းမြောက်ခြင်း ကြော်ငြာတွင် မအိနေခြည်အောင်(ဆဗဟ ၄၃၂) ဘာသာစုံဂုဏ်ထူး(သိပ္ပံဘာသာတွဲ) ရမှတ်(၅၅၈)မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး(ပဉ္စမအဆင့်)အစား မြန်မာတစ်နိုင်ငံလုံး(စတုတ္ထအဆင့်)ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန်။

**ဦးငယ်-ဦးသောင်းရှင်**

**မိသားစု**

**ငမိုးရိပ်(၇)လမ်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၅၄၂၀ Cheng Long Truck(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်း ၁၃/နစန(နိုင်)၀၄၈၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဇနီးအဖြစ်မှတရားဝင်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ အမှတ် (၁၇)ရပ်ကွက်၊ အပိုင်း(၁)နေ (ဘ)ဦးဒေါင်းဗိုလ်(အမိ)ဒေါ်ကြည်လှတို့၏ သမီးကျွန်တော်မောင်မြင့်နိုင်ဦး၏ ဇနီးဖြစ်သူ မစန်းစန်းလွင် ၉/မခန(နိုင်)၀၇၉၅၃၅ သည် ၈-၆-၂၀၁၆ ရက်တွင် မိသားစုနှင့်ခင်ပွန်းဖြစ်သူ ခွင့်မလွှတ်နိုင်သောအပြစ်များကို အကြိမ်ကြိမ်ကျူးလွန်သွားပါသဖြင့် ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

နောက်နောင်၎င်းနှင့်ပတ်သက်သော ငွေကြေးနှင့်လူမှုရေးအရှုပ်အရှင်းများအားလုံး လုံးဝတာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မြင့်နိုင်ဦး**

**၉/မခန(နိုင်)၀၇၉၅၃၄**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ လူငယ်သင်တန်းကျောင်းလမ်းနေ ဒေါ်နန်းစိန်ပွင့် ၁၃/လရန(နိုင်)၀၃၂၉၉၃၏သမီး နန်းလှိုင်လှိုင်မွေး ၁၃/လရန(နိုင်)၁၅၂၀၄၆သည် မိဘဆွေမျိုးများ၏ ပြောဆိုဆုံးမစကားကို အကြိမ်ကြိမ်အခါခါ နားထောင်ခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်အကြောင်း ကိစ္စကို မဆိုလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်နန်းစိန်ပွင့်**

**၁၃/လရန(နိုင်)၀၃၂၉၉၃**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ရပ်ကွက်(၁၂)နေ မောင်အောင်မျိုးဝင်း ၁၃/မဆန(နိုင်)၀၂၉၉၀၃ ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထိုက် ၁၃/မဆန(နိုင်)၀၁၄၇၃၈ ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးဝမ္မ၏သား လားရှိုးမြို့ အထက(၆)၊ နဝမတန်း(A)မှ ရှင်သုစိတ္တအား စိုင်းရဲရင့်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်မှန်

မန္တလေးမြို့၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မအောကစ်၏ အမည်မှန်မှာ မအောခစ် ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

NTR Myanmar Company Limited. အမည်ဖြင့် ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်နံပါတ် (၄၅၁/၂၀၁၃-၂၀၁၄)၏ မူရင်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၂၅၀၆၄၅၃၅၄**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉) တွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ မှတ်ပုံတင်အမှတ် (စီဘီ-၁၃၂၅၀) အစား (စီဘီ-၀၁၃၂၅၀) ဟုလည်းကောင်း၊ ဦးတန်စွီလျှောင်းအား ဦးတန်စွီကျောင်းဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုကြပါရန်။

### မွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးမော်သန်း၏ မွေးစားသား မောင်သိန်းနိုင် ၇/ရတန(နိုင်)၀၀၁၆၉၂ သည် ဖခင်အပေါ်အမျိုးမျိုး စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၂၀-၆-၂၀၁၆ ရက်မှစ၍ မွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**မော်သန်း**

**၁၂/ကမရ(နိုင်)၀၃၃၆၇၆**

**၈(၅/၂၇ ခ)၊ မေယု ၄လမ်း၊**

**ရွှေပြည်သာ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၄၆၇၉ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ချို ၆/လလန(နိုင်)၀၂၀၆၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၈၂၉၈ Honda Dream 110 NF, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုက်ထွေး ၆/လလန(နိုင်)၀၉၉၈၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ရေခဲစက်လုပ်ငန်းအပြီးအပိုင်ရောင်းမည်

- ဂရန်မြေ (ပေ ၁၂၀×ပေ ၁၂၀)နှင့် (၂၀၀-ကေဗွီအေ) (၁)လုံး။ ကွန်ပရက်ဆာ (၃)လုံး၊ လုပ်ငန်းအားလုံးရောင်းမည်။
- ကျပ်သိန်း (၂×××)ညှိနှိုင်း၊ ဧရာဝတီတိုင်းဒေသကြီး။
- တစ်ဦးတည်းပိုင် (အရှုပ်အရှင်းကင်း)။

ဖုန်း-၀၉-၂၅၄၁၁၅၉၄၃၊ ၀၉-၇၉၂၈၁၅၈၀၇

## အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အိမ်အမှတ် ၂၄၆နေ ဦးခင်မြင့် ၁၀/မလမ(နိုင်) ၀၈၅၇၇၈-ဒေါ်တင်ရီ ၁၀/မလမ(နိုင်)၀၈၅၆၅၇၏သား မောင်မင်းအောင် ၁၀/မလမ(နိုင်)၂၂၆၄၄၉သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မြင့် ၁၀/မလမ(နိုင်)၀၈၅၇၇၈**

**ဒေါ်တင်ရီ ၁၀/မလမ(နိုင်)၀၈၅၆၅၇**

### ဖခင်အမည်မှန်

မင်းဘူးခရိုင်၊ စကုမြို့၊ အထက (၁) နဝမတန်း(B)မှ မဇူးဇူးမွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းသန်း ၁၃/မဆန(နိုင်)၀၀၃၀၈၉ ဖြစ်ပါကြောင်း။

**ဦးဝင်းသန်း**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၈၃၈၆၀ Ve Ve Bo-125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွေး ၈/မကန(နိုင်)၁၅၅၀၅၇ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၊ ကောင်းဟုန်းရပ်နေ ဒုရဲမှူး ဦးစိန္တာ(ငြိမ်း)- ဒေါ်အက်ရှမ်းတို့၏မြေး ဦးဂျစ်ဆိန်း (ဝမ်းစတားကျောက်မျက်ကုမ္ပဏီ)-ဒေါ်ယေ့နွယ်တို့၏သား မောင်အိုက်မွန်းဆိန်းသည် ၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သင်္ချာဘာသာ(၁၀၀)မှတ်နှင့်အတူ ငါးဘာသာဂုဏ်ထူး၊ ရမှတ်ပေါင်း (၅၃၄)မှတ်ဖြင့် ထူးထူးချွန်ချွန်အောင်မြင်ပါသဖြင့် ဟိုပန်မြို့မ 'ဝ' နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘုရားသခင်ဘုန်းတော်သာ၍ ထင်ရှားပါစေ။

**ဟိုပန်မြို့မ 'ဝ' နှစ်ခြင်းခရစ်ယာန်အသင်းတော်**
**'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**

# ခြောက်ဘာသာဂုဏ်ထူးရှင် မမျိုးထက်ထက်ခိုင်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ ဘိုးဘိုးဦးတိုက်စိုး၊ ဘွားဘွားဒေါ်မြပန်(အောင်တံခွန်ပွဲရုံ)၏မြေး၊ ဦးသန်းဝင်း-ဒေါ်ဝင်းရီ(အောင်တံခွန်)တို့၏သမီး မမျိုးထက်ထက်ခိုင်သည် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မန္တလေးမြို့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ခုံအမှတ် မနတ-၄၇၂ ဖြင့် ဖြေဆိုရာ အမှတ်ပေါင်း(၅၄၁) မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

